ဗုဒ္ဓ၏

# စက်လက္ခဏာတော်များ


အရှင်ခေမိန္ဒာဘိ

ဂဏ္ဍဝါစကသာသနဓဇသီရိပဝရ

ဓမ္မာစရိယပါဠိပါရဂူ

ရေးသားသည်


(ဒုတိယအကြိမ်)

# ဗုဒ္ဓ၏
# စက်လက္ခဏာတော်များ

အရှင်ခေမိန္ဒသာမိ
ဂဏဝါစကသာသနဓဇသိရီပဝရ
ဓမ္မာစရိယပါဠိပါရဂူ

ရေးသားပြုစုသည်

စာမူခွင့်ပြုချက်အမှတ် - ၃၅/၉၈ (၅)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၂၈/၉၈ (၅)

မျက်နှာဖုံးနှင့် - ကျားမင်းပုံနှိပ်တိုက်

အတွင်းစာသား - ဒေါ်ခင်ဝေဆေ (၀၅၄၀၅)

၃၅၊ မင်းလမ်း၊ စမ်းချောင်းမြို့နယ်၊
ရန်ကုန်။

ထုတ်ဝေသူ - ဦးမြသန်း (၁၈၅၈)

(အသိုင်းအဝိုင်းစာပေ)

အမှတ် ၃၅၊ သမာဓိလမ်း၊ ဖွဲ့စုံရပ်၊
ကမ္ဘာအေး၊ ရန်ကုန်။

ထုတ်ဝေသည့်အကြိမ် - ဒုတိယအကြိမ်

အုပ်ရေ - ၃၀၀၀

တန်ဖိုး - ဓမ္မဒါန



ပုံ(၁) ခြောက်ထပ်ကြီးရွှေသာလျောင်းဘုရားကြီးပုံတော်



လောကနန္ဒာစေတီအနီးမှတွေ့ရှိရသောပုဂံစက်လက္ခဏာပုံတော်

**ပုံ(၂) ပုဂံခေတ်စက်လက္ခဏာပုံတော်**



ပုံ(၃) ကမ္ဘောဒီးယားနိုင်ငံ အန်ဂေါဝပ်

စက်လက္ခဏာပုံတော်



ပုံ(၄) အမရပူရ ကျောက်တော်ကြီးဘုရား

ဂူလိုဏ်မျက်နှာကျက်မှ စက်လက္ခဏာပုံတော်



ပုံ(၅) ပျူခေတ် မိုင်းမောမြို့ဟောင်းမှ ကြေးရုပ်ပုံ

## ဗုဒ္ဓ၏ဓာတ်လက္ခဏာတော်များ
## ဒုတိယအကြိမ်ရိုက်နှိပ်ခြင်းအမှာစာ

ပထမအကြိမ်ရိုက်စာအုပ်နိဒါန်း၌ ဖော်ပြခဲ့သည့်အတိုင်း စက်လက္ခဏာတော် ကြီးကြပ်စိစစ်ရေးအဖွဲ့သည် ပုဂံခေတ်စက်လက္ခဏာပုံတော်ကို အခြားသောစက်လက္ခဏာမူများ၊ ပုံတော်များနှင့်လည်းကောင်း၊ ပါဠိတော် အဋ္ဌကထာဋီကာ အစရှိသောကျမ်းဂန်တို့နှင့်လည်းကောင်း ညှိနှိုင်းတိုက်ဆိုင်၍ စိစစ်သုံးသပ်ရာ၌ တွေ့ရှိရသည့် ထူးခြားသောအကြောင်းအရာနှင့် ထိုအကြောင်းအရာတို့အပေါ်၌ အဖွဲ့၏ သဘောထားအမြင်တို့ကို အထောက်အထား အကိုးအကား အသင့်ယုတ္တိများ ပြည့်စုံအောင်ဖော်ပြ၍ သုတေသီများ ဆည်းပူးမှတ်သားနိုင်ရန် စာအုပ်တစ်အုပ်ပြုစုရေးသားဖို့ ဤအမှာစာရေးသူအား တာဝန်ပေးအပ်ခဲ့ပါသည်။

စက်လက္ခဏာကြီးကြပ်စိစစ်ရေးအဖွဲ့မှ တာဝန်ပေးထားသည့်အတိုင်း စာရေးသူသည် စက်လက္ခဏာတော်စာအုပ်ကို ရေးသားနေဆဲမှာပင် ကောဇာသက္ကရာဇ် ၁၂၉၂ခုနှစ် နှောင်းတန်ခူးလပြည့်ကျော် (၂) ရက်နေ့က တည်ထောင်ဖွင့်လှစ်ခဲ့သော ခြောက်ထပ်ကြီးဘုရားကြီးတိုက်ကြီးသည် ၁၃၄၂ခုနှစ် တန်ခူးလတွင် အနှစ်ငါးဆယ်တင်းတင်း

ပြည့်တော့မည်ဖြစ်၍ ရွှေရတုပွဲကြီးနှင့် ကြုံကြိုက်နေပါသည်။ထို့ကြောင့် ဘုရားကြီးတိုက် အနှစ်ငါးဆယ်ပြည့်အထိမ်းအမှတ် ရွှေရတုပွဲကြီး စည်ကားသိုက်မြိုက်စွာကျင်းပရန်နှင့် ရွှေရတုအထိမ်းအမှတ်စာစောင် ထုတ်ဝေရန် စီစဉ်ကြသည်။ စာရေးသူသည်လည်း စက်လက္ခဏာ တော်စာအုပ်ကို ရွှေရတုအမီထုတ်ဝေနိုင်ရန် တက်သုတ်နှင်၍ ကြိုးစား ပြီးရေးသားခဲ့သည်။ သို့သော်လည်း စက္ကူအခက်အခဲကြောင့် ရွှေရတု ပွဲအမီ စာအုပ်မထွက်နိုင်ပါ။ ထိုသို့ ရွှေရတုပွဲအမီ စာအုပ်ပြီးစီးရန် တက်သုတ်နှင်၍ ကြိုးစားခဲ့သောကြောင့် စာမူကို အချိန်ယူဖတ်ရှုပြီး အချောသတ်ပြင်ဆင်နိုင်ခြင်းမရှိဘဲ ပုံနှိပ်ရန်ပေးအပ်လိုက်ရသောကြောင့် အရေးအသားနှင့် အစီအစဉ်များကို စိတ်တိုင်းမကျလှ။

ထို့ပြင် စက်လက္ခဏာတော်များသည် တစ်မူနှင့်တစ်မူ မတူ ညီဘဲ အနည်းငယ်စီ ကွဲပြားကွဲလွဲနေကြသည်။ ထိုမူများကို တိုက်ဆိုင် ညှိနှိုင်းပြီး ကျမ်းဂန်နှင့်စိစစ်သုံးသပ်၍ သင့်လျော်သည့်လက္ခဏာများကို ရွေးထုတ်ရယူသည်ဖြစ်ရာ အထောက်အထားအကိုးအကားပြနိုင်ဖို့ လိုသည်။ မပြနိုင်က ပညာရှိတို့၏ ကဲ့ရဲ့အပြစ်တင်ခြင်းကို ခံရပါမည်။ ထို့ကြောင့် ရွေးချယ်ရခြင်းအကြောင်းနှင့် နုတ်ပယ်ရခြင်းအကြောင်း များကို အထောက်အထား အကိုးအကား အခိုင်အမာပြ၍ ရေးသားခဲ့ရာ ပါဠိစာပေမတတ်သူများအနေဖြင့် အသိခက်သောကြောင့် အနှောင့် အယှက်လို ဖြစ်နေသည်။ ပါဠိစာပေတတ်သူ ပညာရှင်များကမူ အထောက်အထား အကိုးအကားအပြည့်အစုံဖြင့် မိမိတို့အယူအဆကို

ဖော်ပြထားသောကြောင့် နှစ်သက်လက်ခံကြကြောင်း သိရသဖြင့် ကျေနပ်ဝမ်းမြောက်ရပေသည်။

စက်လက္ခဏာတော်စာအုပ်ကို ပြုစုရေးသားခြင်း၏ အဓိက ရည်ရွယ်ချက်မှာ ပညာရှင်များ ကြည့်ရှုလေ့လာနိုင်ရန်ဖြစ်သော်လည်း စာအုပ်ထွက်လာသောအခါ ပညာရှင်များသာမက သာမန်အရပ်သား ဘုရားဖူးများသည်လည်း စိတ်ပါဝင်စားစွာ ဝယ်ယူဖတ်ရှုကြကြောင်း သိရ၏။ မှန်ပါသည်။ ရှေးက ဘုရားတန်ဆောင်းကျောင်းကန်တို့၌ ပါဒစေတီ ခြေတော်ရာပုံများကို တွေ့ဖူး မြင်ဖူးကြသော်လည်း စိတ်ဝင်စားသူသိပ်မရှိဘဲ အမှုမဲ့အမှတ်မဲ့နေကြသည်ကများသည်။ အသစ်ပြန်လည်တည်ထားပြီးသော ခြောက်ထပ်ကြီး ရွှေသာလျောင်းရုပ်ပွားတော်ကြီးခြေဖဝါးတို့၌ တစ်ရာ့ရှစ်ကွက်သော စက်လက္ခဏာတော်များကို ကြည်ညိုဖွယ်ရာ ခမ်းနားထည်ဝါစွာ ထူးထူးဆန်းဆန်းထုလုပ်ပူဇော်လိုက်သောအခါ၌ကား ဖူးမြင်ရသူတိုင်း တအံ့တဩ ကြည့်ရှုဖူးမြော်ကြပြီး အလွန်စိတ်ပါဝင်စားကြသည်ကိုတွေ့ရသည်။ဗုဒ္ဓဘာသာဝင် မြန်မာတိုင်းရင်းသားများသာ စိတ်ဝင်စားကြသည်မဟုတ်။ ဘာသာခြား လူမျိုးခြား ကမ္ဘာလှည့်ခရီးသည်များသည်လည်း တအံ့တဩ အထူး စိတ်ပါဝင်စားကြလျက် ဓာတ်ပုံများ၊ ဗွီဒီယိုများရိုက်ကူးနေကြသည်ကို နေ့စဉ်ပင် တွေ့မြင်နေရသည်။

ထိုသို့ အံ့ဩဖွယ်ရာ ထူးဆန်းသောစက်လက္ခဏာတော်များကို ဖူးမြင်ရသောကြောင့် စက်လက္ခဏာတော်အကြောင်းကို အသေးစိတ်

သိလိုကြပြီး စက်လက္ခဏာတော်စာအုပ်ကို ဝယ်ယူဖတ်ရှုကြခြင်း ဖြစ်သည်။ ထို့ကြောင့် စက်လက္ခဏာတော်စာအုပ်ကို ထပ်မံရိုက်နှိပ်ဖြစ်လျှင် ပါဠိစာမတတ်သော အရပ်သူ အရပ်သား၊ ဘုရားဖူးများပါ ဖတ်ရှုနားလည်နိုင်အောင် ပြုပြင်ရေးသားဦးမည်ဟု ရှေးမဆွကပင် ဆန္ဒဖြစ်နေခဲ့သည်။

ပညာရှင်အချို့သည် စာရေးသူထံ လာရောက်ဆွေးနွေး မေးမြန်းကြပြီး မဂ္ဂဇင်းတို့၌ စက်လက္ခဏာတော်ဆောင်းပါးများ ရေးကြသည်။ ယိုးဒယားနိုင်ငံ ဘန်ကောက်မြို့၌နေထိုင်လျက် သုတေသနပြုနေသော အမေရိကန်နိုင်ငံသား ပါမောက္ခကြီးတစ်ဦးသည် စာရေးသူထံသို့ နှစ်ကြိမ်သုံးကြိမ်ကိုယ်တိုင်လာရောက်တွေ့ဆုံလျက်စက်လက္ခဏာတော်စာအုပ်ကို အင်္ဂလိပ်ဘာသာဖြင့် ပြန်ဆိုခွင့်တောင်းပြီး သာသနာရေးဦးစီးဌာနမှ အရာရှိတစ်ဦးအား အင်္ဂလိပ်ဘာသာပြန်ဆိုခိုင်း၍ ယူသွားသည်။

စက်လက္ခဏာတော်စာအုပ်ကုန်သည်မှာ နှစ်အတော်ကြာနေပြီဖြစ်သော်လည်း ထပ်၍မရိုက်နိုင်သေး။ ခြောက်ထပ်ကြီး ရွှေသာလျောင်းဘုရားကြီးသမိုင်း၊ ဗုဒ္ဓ၏ဂုဏ်တော်များနှင့် ဓမ္မဂုဏ်တော်များ စာအုပ်တို့ကို ပြုစုရေးသားနေသောကြောင့် ဖြစ်သည်။ စာအုပ်တစ်အုပ် ပုံနှိပ်ထုတ်ဝေရန်မှာ လွယ်ကူသောကိစ္စမဟုတ်။ စက်လက္ခဏာတော် စာအုပ်လိုချင်ကြသူများက မကြာမကြာ လာ၍မေးကြသည်၊ ခြောက်ထပ်ကြီး ရွှေသာလျောင်းဘုရားကြီးဂေါပကအဖွဲ့မှ လူကြီးများကလည်း

စာအုပ်ထပ်မံရိုက်နှိပ်ရန် တိုက်တွန်းကြသည်။ ထို့ကြောင့် **ဗုဒ္ဓ၏ စက်လက္ခဏာတော်များ**အမည်ဖြင့် ဒုတိယအကြိမ်ထပ်မံရိုက်နှိပ်ရန် စီစဉ်ပါသည်။ ဒုတိယအကြိမ်ရိုက်နှိပ်သောအခါ ပါဠိမတတ်သူများလည်း ဖတ်ရှုနားလည်နိုင်ရန် အရေးမကြီးသောအကိုးအကား ပါဠိများကိုမထည့်ဘဲ မြန်မာပြန်သက်သက်ကိုသာရေး၍ မထည့်မဖြစ်ထည့်ရန်လိုအပ်သော သာဓကပါဠိအချို့ကိုသာ ထည့်ပါသည်။

ထို့ပြင် သိသင့်သိထိုက်သော အကြောင်းအရာအချို့ကိုလည်း ထပ်မံဖြည့်စွက်ထားသည်။ ၎င်းတို့ကို အကျဉ်းအားဖြင့်ဖော်ပြရသော်-

(၁) တစ်ရာ့ရှစ်ပါးသော စက်လက္ခဏာတို့တွင် စတုမုခ သုဝဏ္ဏနာဝါ လက္ခဏာ၌ စတုမုခနှင့် သုဝဏ္ဏနာဝါကို တစ်ပါးစီခွဲယူပြီး စတုမုခအရ တချို့က မျက်နှာလေးပါးကိုယူ၍ တချို့က ဗြဟ္မာကိုယူသည်။ ဗြဟ္မာယူခြင်းအကြောင်း ရှင်းပြပြီး။ ထိုဝါဒမသင့်ကြောင်းကို မကာရလောပအကျော် မန်လည်ဆရာတော်ကြီး၏ မဃဒေဝလင်္ကာသစ်ကျမ်းကြီးကို ကိုးကား၍ စာမျက်နှာ(၄၆) ၌ အကျယ်ဝေဖန်တင်ပြထားသည်။

(၂) ခြေတော်ရာမထင်ကြောင်း အကြောင်းသုံးပါးတို့တွင် ဒုတိယအကြောင်းမှာ ပေါ့ပါးလျင်မြန်ခြင်းဖြစ်သည်။ မြတ်စွာဘုရားကြွသွားသောအခါ ပေါ့ပါးလျင်မြန်ခြင်းကြောင့် ခြေတော်ရာမထင်ကြောင်းကို သိန္ဓောမြင်းနှင့် နှိုင်းယှဉ်ဖော်ပြထားရာ ထိုသိန္ဓောမြင်းအကြောင်းကို စာမျက်နှာ (၁၃၃)၌ စိတ်ဝင်စားဖွယ်

ဖော်ပြထားသည်။

(၃) အချို့သောပုဂ္ဂိုလ်များက "ဓမ္မမှာချွေး၊ ရာမှာဇ"ဆိုသော ဓမ္မဒြိပ်ကျွန်းမှ ခြေတော်ရာနှစ်ဆူသည် မြန်မာနိုင်ငံ မကွေးတိုင်း မင်းဘူးစကုမြို့နယ်အတွင်း၌ရှိသော မန်းစက်တော်မှ ခြေတော်ရာမဟုတ်။ ခြေတော်ရာအစစ်နှစ်ဆူသည် အိန္ဒိယနိုင်ငံ ဘုံဘေနယ်အတွင်း၌ရှိသည် စသည်ဖြင့် ဝေဖန်ရေးသားကြ၊ ပြောဆိုကြကြောင်း သိရသည်။ မန်းစက်တော်မှ ခြေတော်ရာသည် မြတ်စွာဘုရားခြေတော်ရာအစစ်ဖြစ်နိုင်ကြောင်းကို သမိုင်းအထောက်အထားစာပေများအပြင် ပျူခေတ် မိုင်းမောမြို့ဟောင်းမှ တူးဖော်ရရှိသော ကြေးရုပ်ခါတ်ပုံကိုပါ ဖော်ပြ၍ ပျူခေတ်ကပင် ပျူလူမျိုးတို့သည် မန်းစက်တော်မှခြေတော်ရာကို ကိုးကွယ်ပူဇော်နေကြပြီဖြစ်၍ မြတ်စွာဘုရားခြေတော်ရာအစစ်ဟု ယုံကြည်ထိုက်ကြောင်း စသည်တို့ကို စာမျက်နှာ(၁၆၆)၌ တင်ပြဆွေးနွေးထားသည်။ ထို့ပြင် ကမ္ဘောဒီးယားနိုင်ငံ အန်ကောဝပ်ကျောင်းတော်ကြီးမှ ခြေတော်ရာပုံနှင့်တကွ အခြားခြေတော်ရာပုံများကိုလည်း သုတေသီများ လေ့လာနိုင်ရန် ဖြည့်စွက်ဖော်ပြထားသည်။ ထိုသို့ ထပ်မံ၍ ပြင်ဆင်ဖြည့်စွက်ထားသောကြောင့် စက်လက္ခဏာတော်ကို အသေးစိတ်သိလို ကြည်ညိုလိုကြသော သုတေသီများ၏ဆန္ဒသည် အားလုံးမပြည့်ဝစေကာမူ အထိုက်အလျောက်တော့ ပြည့်ဝလိမ့်မည်ဟု မျှော်လင့်ပါသည်။

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | က |
| ၂။ | စက်လက္ခဏာတော်များဖော်ရန်ဆုံးဖြတ်ခြင်း | က |
| ၃။ | စက်လက္ခဏာတော်ကြီးကြပ်စိစစ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း | ဂ |
| ၄။ | အဖွဲ့ဝင်ဂဏဝါစက စာချဆရာတော်များ | ဃ |
| ၅။ | ကောလာဟလကြီးငါးပါး | ၁ |
| ၆။ | မဟာပုရိသလက္ခဏာကျမ်း | ၄ |
| ၇။ | စက်လက္ခဏာတော် | ၇ |
| ၈။ | သမ္ဗဟုလဝါရ | ၁၁ |
| ၉။ | ပါဠိတော်အဋ္ဌကထာတို့၌(၄၂)ပါးကိုသာ တွေ့ရ၏ | ၁၅ |
| ၁၀။ | နရသီဟဂါထာများ | ၁၇ |
| ၁၁။ | စက်လက္ခဏာ(၁၀၈)ပါးပြသည့်ကျမ်းများ | ၁၉ |
| ၁၂။ | ကျမ်းပြုပုဂ္ဂိုလ် အရည်အသွေးရှိသလောက် ရေးနိုင်သည် | ၂၁ |
| ၁၃။ | မူအမျိုးမျိုး ကွဲပြားနေခြင်း | ၂၄ |
| ၁၄။ | အရှင်မဟာရဋ္ဌသာရမူ | ၂၇ |
| ၁၅။ | မောင်းထောင်ဆရာတော်မူ | ၃၄ |
| ၁၆။ | တောင်ခွင်ဆရာတော်မူ | ၃၆ |

၁၇။ ပုဂံခေတ်စက်လက္ခဏာပုံတော် .............. ၃၉
၁၈။ ဝေဖန်သုံးသပ်တည်းဖြတ်ခြင်း ............. ၄၁
၁၉။ မှန်လေးခုရှိသောရွှေလှေ .................. ၄၄
၂၀။ စိစစ်ရေးအဖွဲ့၏ သုံးသပ်ချက် .............. ၄၆
၂၁။ ခြောက်ထပ်ကြီးစက်လက္ခဏာတော်များ ...... ၅၁
၂၂။ စက်လက္ခဏာတော်လင်္ကာ ................. ၅၆
၂၃။ အနံ့ကောဝပ်စက်လက္ခဏာပုံတော် ........... ၅၈
၂၄။ စက်လက္ခဏာသည် ဖြစ်တော်ပေါင်းမဟုတ် .. ၆၀
၂၅။ အင္ဂရာယ်ကင်းဂါထာများ .................. ၆၂
၂၆။ အင္ဂရာယ်ကင်းလင်္ကာ ..................... ၆၄
၂၇။ အိမ်မွှန် ............................... ၆၅
၂၈။ ဇလပ်ပန်း ............................... ၆၇
၂၉။ လည်ရေးသုံးဆင့် ......................... ၇၀
၃၀။ ဦးဆောက်ပန်း ............................ ၇၃
၃၁။ ထမင်းပွဲ ................................ ၇၅
၃၂။ အင်းပျဉ် ................................ ၇၈
၃၃။ ချွန်းတောင်း ............................ ၈၀
၃၄။ တံခါးတိုင် ............................... ၈၁
၃၅။ မင်းမြောက်တန်ဆာငါးပါး ................. ၈၅
၃၆။ စာမရှိသားမြီးယပ် ........................ ၈၇
၃၇။ သင်းကျစ် ............................... ၉၀
၃၈။ မြွတ်လေးပန်းဆိုင်း ....................... ၉၁
၃၉။ ကြာမျိုးငါးပါး ........................... ၉၃

၄၀။ ကြာမျိုးငါးပါးအထူး ········· ၉၄
၄၁။ နေနှင့်လ ········· ၉၅
၄၂။ မန်လည်ဆရာတော်မေး ········· ၉၇
၄၃။ မင်းကွန်းတောရဖြေ ········· ၉၉
၄၄။ စာရေးသူ၏အယူအဆ ········· ၁၀၀
၄၅။ ဒီပလေးသွယ်ကျွန်းငယ်နှစ်ထောင် ········· ၁၀၁
၄၆။ စကြဝဠာ ········· ၁၀၃
၄၇။ ဂင်္ဂါမြစ်ကြီးခုနစ်စင်း ········· ၁၀၆
၄၈။ တောင်စဉ်ခုနစ်ထပ် ········· ၁၀၈
၄၉။ အိုင်ကြီးခုနစ်အိုင် ········· ၁၀၉
၅၀။ ဧရာဝဏ်ဆင် ········· ၁၁၀
၅၁။ ကိန္နရာ ········· ၁၁၂
၅၂။ ကရဝိက်ငှက်မင်း ········· ၁၁၄
၅၃။ စကြဝဠာထင်ခြင်းအကြောင်းလေးပါး ········· ၁၁၈
၅၄။ စကြဝဠာ၏အကျိုးများ ········· ၁၂၁
၅၅။ ထုတိမင်္ဂလာဂါထာများ ········· ၁၂၅
၅၆။ ခြေမနင်းဘဲ ကြွစမြဲ ········· ၁၂၇
၅၇။ ခြေတော်ရာမထင်ကြောင်း(၃)ပါး ········· ၁၂၉
၅၈။ ပါရမီတော်ခန်းပို့ ········· ၁၃၂
၅၉။ ရဟန်းငယ်တစ်ပါးနှင့် သိန္ဓောမြင်း ········· ၁၃၃
၆၀။ မြင်စေချင်မှ ဖူးမြင်ရ၏ ········· ၁၃၉
၆၁။ မာဂဏ္ဍီပုဏ္ဏားအား ခြေတော်ရာပြခြင်း ········· ၁၄၁
၆၂။ ကိလေသာအမိုးအကာကို ဖွင့်ပြီးသူ ········· ၁၄၅

၆၃။ ရေခွက်ထဲကမိချောင်း ························ ၁၄၇
၆၄။ ဒေါကာပုဏ္ဏားအား ခြေတော်ရာပြခြင်း ········ ၁၅၀
၆၅။ အရှင်သာရိပုတြာအားပြခြင်း ················ ၁၅၄
၆၆။ ခြေတော်ရာကို ဖျက်သော်လည်းမပျက် ······ ၁၅၇
၆၇။ ဗုဒ္ဓသာသနိက ပထဝီဝင်ကျမ်းအဆို ·········· ၁၅၉
၆၈။ သုနာပရန္တတိုင်းမှ ခြေတော်ရာနှစ်ဆူ ·········· ၁၆၂
၆၉။ ပျူခေတ်ကပင် ကိုးကွယ်ခဲ့ကြသည် ·········· ၁၆၆
၇၀။ မိုင်းမောမြို့ဟောင်းမှ ကြေးရုပ်ကလေး ······· ၁၆၈
၇၁။ ရွှေစက်တံဆိပ် နှင်းနှိပ်နှစ်ဆူ ················ ၁၇၀
၇၂။ ရွှေစက်တော်ဖွဲ့သဖြန် ························ ၁၇၂
၇၃။ ပါဒနက်သန်ဂါထာများ ······················ ၁၇၃
၇၄။ ကောရဏ္ဍပုပ္ပမထေရ်(၂)ပါး ················ ၁၇၉
၇၅။ နိဂုံးနှင့်ဆုတောင်း ···························· ၁၈၄

# နိဒါန်း

## နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## စက်လက္ခဏာတော်ဖော်ရန် ဆုံးဖြတ်ကြခြင်း

အသစ်ပြုပြင် မွမ်းမံတည်ဆောက်လျက်ရှိသော ရန်ကုန်မြို့ ရွှေဂုံတိုင်လမ်း ခြောက်ထပ်ကြီး ရွှေသာလျောင်းရုပ်ရှင်တော်မြတ်ကြီး၏ ခြေဖဝါးတော်နှစ်ဘက်တို့၌ တစ်ရာ့ရှစ်ကွက်သော စက်လက္ခဏာတော် တို့ကို ထုလုပ်ပူဇော်ရန် ခြောက်ထပ်ကြီး ရွှေသာလျောင်းဘုရားကြီး ပြန်လည်တည်ဆောက်ရေးအဖွဲ့အစည်းအဝေး၌ တိုင်ပင်ဆွေးနွေးခဲ့ကြပါ သည်။

ယင်းသို့ တိုင်ပင်ဆွေးနွေးကြရာတွင် ဤစာရေးသူသည် ဘုရားကြီးပြန်လည်တည်ဆောက်ရေးအဖွဲ့၏ နာယကအဖြစ် အလှည့် ကျပါဝင်ဆောင်ရွက်နေရသောအချိန်ဖြစ်၍ စက်လက္ခဏာ နမူနာ ပုံတော်နှစ်ဆူကို တင်ပြပါသည်။ ၄င်းပုံတော်နှစ်ဆူမှာ ပါမောက္ခ

## ၁ ဗုဒ္ဓ၏စက်လက္ခဏာတော်များ

မစ္စတာလုစ်၏ Old Burma Early Pagan စာအုပ်ကြီး အတွဲ(၃)၌လည်းကောင်း၊ မြန်မာ့စွယ်စုံကျမ်းအတွဲ(၃)၌လည်းကောင်း၊ ဖော်ပြထားသော ညောင်ဦးမြို့ရွှေစည်းခုံစေတီတော် မြောက်ဖက်တန်ဆောင်းမှ စက်လက္ခဏာပုံတော်နှင့် လောကနန္ဒာစေတီတော်အနီးမှ တွေ့ရှိပြီး ယခုပုဂံပြတိုက်ကြီး၌ပြသထားသော စက်လက္ခဏာပုံတော်များဖြစ်ကြပါသည်။

တည်ဆောက်ရေးအဖွဲ့ အဖွဲ့ဝင်အားလုံးသည် ထိုနမူနာပုံတော်များကို ကြိုက်နှစ်သက်ကြသဖြင့် လက်ခံသဘောတူကြသည်။ ထို့ကြောင့် ၄င်းစက်လက္ခဏာပုံတော်ကို ပန်းပုပညာရှင်တို့အား အပ်နှံရန်နှင့် ရဟန်းရှင်လူတို့ လေ့လာကြည့်ရှု ဖူးမြော်နိုင်ရန် ပုံကြီးချဲ့ရေးကူးပေးဖို့ ပန်းချီဆရာအားအပ်ရန် စာရေးသူက ထပ်မံ၍ အကြံပြုတင်ပြပါသည်။

## စက်လက္ခဏာကြီးကြပ်စိစစ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း

စက်လက္ခဏာပုံတော်ကို ပုံကြီးချဲ့ပေးရန် တည်ဆောက်ရေးအဖွဲ့ အမှုဆောင်လူကြီးတစ်ဦးဖြစ်သူ ပန်းချီဆရာဦးအုံးသွင်ကြီးအား အဖွဲ့မှတာဝန်ပေးပါသည်။ ဦးအုံးသွင်ကြီးသည် မြန်မာ့စွယ်စုံကျမ်းအတွဲ (၃)၌ဖော်ပြသော စက်လက္ခဏာပုံကိုကြည့်၍ ပုံကြီးချဲ့ရေးကူးရာ အချို့အရုပ်များ ပျက်စီးချို့ယွင်းနေခြင်း အချို့အရုပ်များမှာ အကောင်းပကတိရှိသော်လည်း ပုဂံခေတ်မှ ရှေးဟောင်းလက်ရာများဖြစ်၍ မည်သည့်အရုပ်ဟူ၍ အတိအကျမသိရခြင်း စသောအခက်အခဲများကို တွေ့ရသည်။ ထို့ကြောင့် ဦးအုံးသွင်ကြီးက မိမိတွေ့ရသောအခက်အခဲများကို ဘုရားကြီးတည်ဆောက်ရေးအဖွဲ့သို့တင်ပြ၍ အဖွဲ့မှတစ်ဖန် ခြောက်ထပ်ကြီး ဘုရားကြီးတိုက်နာယကဆရာတော်ကို လျှောက်ထားပါသည်။ ထို့ကြောင့် နာယကဆရာတော်က စာပေကျမ်းဂန်နှင့် ညီညွတ်၍ တိကျမှန်ကန်သော စက်လက္ခဏာတော်ဖြစ်စေရန်အတွက် စက်လက္ခဏာတော်ကြီးကြပ်စိစစ်ရေးအဖွဲ့ကို ဘုရားကြီးတိုက်မှ ဂဏဝါစက စာချဆရာတော်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ပါသည်။

## (ဃ) ဗုဒ္ဓ၏စက်လက္ခဏာတော်များ

### အဖွဲ့ဝင်ဂဏဝါစက စာချဆရာတော်များ

(၁) ဘဒ္ဒန္တ အာဒိစ္စရံသီ

(၂) ဘဒ္ဒန္တ အာစိဏ္ဏာဘိဝံသ

(၃) ဘဒ္ဒန္တ ပညာဝံသ

(၄) ဘဒ္ဒန္တ နန္ဒောဘာသ

(၅) ဘဒ္ဒန္တ အစ္ဆရိယာဘိဝံသ နှင့်

(၆) ဘဒ္ဒန္တ ခေမိန္ဒသာမိ တို့ဖြစ်ကြသည်။

စက်လက္ခဏာတော်ကြီးကြပ်စိစစ်ရေးအဖွဲ့ဝင် ဆရာတော်များသည် စက်လက္ခဏာတော်နှင့်စပ်ဆိုင်သမျှ ပါဠိတော် အဋ္ဌကထာ ဋီကာနှင့်တကွ ဂန္ထန္တရစာအုပ်စာတမ်း၊ စက်လက္ခဏာတော်စာမူ၊ စက်လက္ခဏာပုံတော်အမျိုးမျိုးတို့ကို ရနိုင်သမျှရှာဖွေစုဆောင်းပြီး လေ့လာကြပါသည်။ တွေ့ရှိရသောပုံတော်တို့တွင် အထက်၌ဖော်ပြခဲ့သော ပုဂံစက်လက္ခဏာပုံတော်သည် ကျမ်းဂန်နှင့်အညီညွတ်ဆုံးဖြစ်သည့်အပြင် ထုလုပ်ထားပုံလည်း စနစ်ကျနသေသပ်၍ ခံ့ညားထည်ဝါ ကြည်ညိုဖွယ်ရာကောင်းလှပါသည်။ လောကနန္ဒာပုံတော်နှင့် ရွှေစည်းခုံပုံတော်သည် လက်ဝဲခြေတော်ရာပုံနှင့် လက်ျာခြေတော်ရာပုံများဖြစ်ကြ၍ တစ်ခုနှင့်တစ်ခု စက်လက္ခဏာရေတွက်ပုံ ခရုပတ်လက်ျာရစ် လှည့်လည်ကြပုံများ တူညီကြပါသည်။ ၎င်းပုံတော်များကို အနော်ရထာ

မင်းကြီး တည်ထားကိုးကွယ်ခဲ့သောစေတီတော်ကြီးများအနီးမှ တွေ့ရှိရခြင်းကြောင့် အနော်ရထာမင်းကြီး၏ ကုသိုလ်တော်များဟုပင် သုတေသီတို့က ယူဆကြလေသည်။ ထို့ကြောင့် စက်လက္ခဏာတော်ကြီးကြပ်စိစစ်ရေးအဖွဲ့သည် ထိုပုဂံခေတ် စက်လက္ခဏာပုံတော်များကိုပင် အခြေခံပြီးလျှင် ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ စသောကျမ်းဂန်အဆိုအမိန့်များနှင့် နှီးနှောတိုက်ဆိုင်လျက် အနည်းငယ်နှုတ်ပယ်ခြင်း၊ ဖြည့်စွက်ခြင်း၊ မွမ်းမံပြင်ဆင်ခြင်းတို့ကို ပြုလုပ်ခဲ့ကြပါသည်။ ယင်းသို့ ပြုလုပ်သဖြင့် တစ်ရာ့ရှစ်ကွက်သောစက်လက္ခဏာတော်များသည် လုံးဝတိကျမှန်ကန်ပြီဟု မဆိုလိုပါ။ ကျမ်းဂန်နှင့်ညီညွတ်နိုင်သမျှ ညီညွတ်၍ တင့်တင့်တယ်တယ် ကြည်ညိုဖွယ်ဖြစ်အောင် ကြိုးစားအားထုတ်ထားခြင်းသာဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်ရာ၌ မိမိတို့၏ တွေ့ရှိချက်၊ ထင်မြင်ယူဆချက်နှင့် ဆောင်ရွက်ချက်များကို အထောက်အထားအကိုးအကားနှင့် အသင့်ယုတ္တိများ ပြည့်စုံအောင်ဖော်ပြလျက် သုတေသီများလေ့လာနိုင်ရန်နှင့် နောင်လာနောင်သားတို့ ဗဟုသုတတိုးပွားစေရန်အတွက် ရှင်းလင်းရေးသားရန် ဤစာရေးသူအား ကြီးကြပ်စိစစ်ရေးအဖွဲ့မှ တာဝန်ပေးပါသည်။

စက်လက္ခဏာတော်ကြီးကြပ်စိစစ်ရေးအဖွဲ့၏ ထင်မြင်ယူဆချက်နှင့် ဆောင်ရွက်ချက်များကို ရေးသားတင်ပြရာ၌ သုတေသီများနှင့် အယူအဆအမြင်ခြင်းမတူညီသည့်အရာများ ရှိကောင်းရှိပါလိမ့်မည်။ ယင်းသို့သတိလစ်ဟင်း အမြင်ခြင်းမတူ အယူကွဲပြားအမှားကို တွေ့မြင်

ပါက ပညာရှင်များ ပြင်ဆင်နိုင်ကြပါသည်။ ဤနိဒါန်းကို အဆုံးမသတ်မီ ကတညုတ ကတဝေဒီတရားတော်အရ စာအုပ်ဖြစ်မြောက်ရေးအတွက် အချက်အလက် ရှာဖွေပေးခြင်းတို့ဖြင့် ကူညီသော နောင်တော် ဦးထွန်းဝင်း(ဓမ္မာစရိယ)အားလည်းကောင်း၊ ကျောက်စာဝန်ဦးမြ၏ စက်လက္ခဏာတော်စာတမ်းကို အင်္ဂလိပ်ဘာသာမှ မြန်မာပြန်ဆိုပေးသော ဦးနာရဒ(သီဂီဦး)အားလည်းကောင်း၊ လက်ရေးမူမှ လက်နှိပ်စက်မူသို့ရောက်အောင် ကူညီရိုက်ပေးသော ဘုရားကြီးစာရေး မောင်သန့်စင်အားလည်းကောင်း၊ စာအုပ်အဖြစ်သို့ရောက်အောင် ပို့ဆောင်ပေးသော ခြောက်ထပ်ကြီး ရွှေသာလျောင်းဘုရားကြီး တည်ဆောက်ရေးအဖွဲ့ဒုတိယဥက္ကဋ္ဌ ကျောင်းဒါယကာကြီး ဦးစောဦး အားလည်းကောင်း ကျေးဇူးတင်ကြောင်းကို မှတ်တမ်းတင်ဖော်ပြအပ်ပါသည်။

**အရှင်ခေမိန္ဒသာမိ**
**ဂဏဝါစက ဓမ္မာစရိယပါဠိပါရဂူ**
**သာသနာနုဂ္ဂဟကျောင်း**
**ခြောက်ထပ်ကြီးဘုရားကြီးတိုက်**
**ရန်ကုန်မြို့။**
**(၁.၁၀.၈၀)**

# ဗုဒ္ဓ၏စက်လက္ခဏာတော်များ

## နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

### ကောလဟာလကြီးငါးပါး

နေမထွက်မီ နေ၏ရှေ့ပြေးပုဗ္ဗနိမိတ်အဖြစ်ဖြင့် အရုဏ်တက်ခြင်းသည် လောက၌ နိယာမတရားတစ်ပါးဖြစ်သကဲ့သို့ ဤကမ္ဘာလောကကြီး၌ ထူးခြားသောအဖြစ်အပျက်အကြောင်းအရာများ ဖြစ်ပျက်ပေါ်ထွက်တော့မည်ဆိုပါကလည်း ယင်းတို့၏အတိတ်နိမိတ်များသည် လူ့လောက၌ ကောလဟာလအဖြစ်ဖြင့် ပြန့်လွင့်ဖြစ်ပေါ်လေ့ရှိကြပေသည်။

## (၂) ဗုဒ္ဓပေါ်ပေါက်လာကြောင်းများ

(၁) ကမ္ဘာကြီးပျက်စီးတော့မည့်အကြောင်းသည် အနှစ်တစ်သိန်းမှ ကြိုတင်၍လည်းကောင်း၊

(၂) သုံးလောကထွတ်ထား မြတ်စွာဘုရားပွင့်တော်မူမည့်အကြောင်းသည် အနှစ်တစ်ထောင်မှကြိုတင်၍လည်းကောင်း၊

(၃) လေးကျွန်းသနင်း စကြဝတေးမင်းပေါ်မည့်အကြောင်းသည် အနှစ်ဟာရာမှ ကြိုတင်၍လည်းကောင်း၊

(၄) မင်္ဂလာတရားတော်ပေါ်မည့်အကြောင်းသည် တစ်ဆယ့်နှစ်နှစ်မှ ကြိုတင်၍လည်းကောင်း၊

(၅) မောနေယျပုဂ္ဂိုလ်ထူး ပေါ်ပေါက်မည့်အကြောင်းသည် ခုနစ်နှစ် ကြိုတင်၍လည်းကောင်း၊ နတ်ဗြဟ္မာတို့ သတိပေးလှုံ့ဆော်မှုကြောင့် လူ့လောက၌ ကောလဟာလအဖြစ်ဖြင့် ပြန့်နှံ့ဖြစ်ပေါ်လေ့ရှိကြပါသည်။

(ခုဒ္ဒကပါဌ အဋ္ဌကထာ-၁၀၁)

ထိုကောလဟာလကြီးငါးပါးတို့တွင် သဗ္ဗညုမြတ်စွာဘုရားပွင့်တော်မူမည့်အကြောင်းကို အနှစ်တစ်ထောင်မှ ကြိုတင်၍ သုဒ္ဓါဝါသ ဗြဟ္မာကြီးတို့သည် ပုဏ္ဏားတို့အသွင်အပြင်ကို ဝတ်ဆင်ဖန်ဆင်းကြကုန်လျက်-

"လောကသုံးပါး၌ အမြတ်ဆုံးဖြစ်တော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင် ပွင့်တော့မည်" ဟူ၍ ဝမ်းမြောက်ဝမ်းသာ လှည့်လည်ကြွေးကြော်ကြကုန်၏။

ထို့ပြင် မြတ်စွာဘုရားပွင့်တော်မူသောအခါ၌ ပညာရှိတို့ သိရှိနိုင်စေရန် မဟာပုရိသလက္ခဏာကျမ်းကိုလည်း ဗေဒင်သုံးပုံတို့၌ ထည့်သွင်း၍ သင်ပြပေးကြပါသည်။

◘

# ၄ ဗုဒ္ဓဝေါစက်လက္ခဏာတော်များ

## မဟာပုရိသလက္ခဏာကျမ်း

ထိုမဟာပုရိသလက္ခဏာကျမ်းသည် ဂါထာပေါင်း တစ်သောင်းနှစ်ထောင်ခန့်ရှိသည်ဟု ဆိုပါသည်။ ယင်းတို့တွင် မြတ်စွာဘုရားလက္ခဏာတော်နှင့်တကွ ပစ္စေကဗုဒ္ဓါ၊ အဂ္ဂသာဝက၊ မဟာသာဝက၊ အလုပ်အကျွေး၊ မယ်တော်၊ ခမည်းတော်၊ စကြဝတေးမင်းတို့၏လက္ခဏာများကို ဖော်ပြထားသောဂါထာတို့မှာ တစ်ထောင့်တစ်ဆယ့်ခြောက်(၁၀၁၆)ဂါထာရှိကြောင်း သိရပါသည်။ ထို(၁၀၁၆)ဂါထာတို့ကို ဗုဒ္ဓမန္တာန်ဟူ၍လည်းခေါ်ကြသည်။ ထိုဗုဒ္ဓမန္တာန်ကိုတတ်မြောက်သောသူတို့သည်ကား ဤလက္ခဏာနှင့်ပြည့်စုံသောသူသည် သဗ္ဗညုမြတ်စွာဘုရားဖြစ်မည်။ ဤလက္ခဏာနှင့်ပြည့်စုံသူသည် ပစ္စေကဗုဒ္ဓါဖြစ်မည် စသည်တို့ကို အတတ်သိနိုင်ကြ၏။ ထို့ကြောင့် အလောင်းတော်သိဒ္ဓတ္ထမင်းသား ဖွားမြင်ပြီးသောအခါ၌ ကောဏ္ဍညပုဏ္ဏားအစရှိသော ပညာတတ်ပုဏ္ဏားတို့သည် အလောင်းတော်သိဒ္ဓတ္ထမင်းသားကလေး၏ လက္ခဏာကိုဖတ်၍ ဘုရားဖြစ်မည့်အကြောင်းကို အတပ်ဟောကြားနိုင်ခြင်းဖြစ်ပေသည်။ သဗ္ဗညုဘုရားအဖြစ်သို့ရောက်ပြီးသောအခါ၌လည်း အမ္ဗဋ္ဌလုလင်၊ ပေါက္ခရသာတိပုဏ္ဏား၊ သောဏဒဏ္ဍပုဏ္ဏား၊ ကူဋဒဏ္ဍပုဏ္ဏား၊ ဥတ္တရလုလင်၊ ဗြဟ္မာယုပုဏ္ဏားအစရှိသောပညာရှိပုဏ္ဏားကြီးများသည် မြတ်စွာဘုရားထံသို့သွား၍

လက္ခဏာပညာဖြင့် အကဲခတ်ကြည့်ရှုစစ်ဆေးပြီးလျှင် သဗ္ဗညုမြတ်စွာ ဘုရားအစစ်အမှန်ဖြစ်ကြောင်းကို သံယကင်းရှင်းစွာဖြင့် လက်ခံယုံကြည် ခဲ့ကြပါသည်။ ဤသို့ ဗေဒင်သုံးပုံတို့၌ထည့်သွင်း၍ သုဒ္ဒါဝါသ မဟာဗြဟ္မာကြီးများကိုယ်တိုင် သင်ကြားပို့ချခဲ့သော မဟာပုရိသ လက္ခဏာကျမ်းသည် မြတ်စွာဘုရား ပရိနိဗ္ဗာန်ဝင်စံပြီးနောက် တဖြည်း ဖြည်းပျောက်ကွယ်ခဲ့ရာ ယခုအခါ ဗေဒင်ကျမ်းတို့၌ မရှိတော့ဟု သိရပါသည်။

**ပရိနိဗ္ဗုတေ ပနထထာဂတေ အနုက္ကမေန အန္တရ**

**ဓာယန္တိ တေနေတရဟိ နတ္ထိ။**

(သီ-၄-၂၂၁။ မဇ္ဈိမ-၄-၂၅၀)

(တထာဂတေ မြတ်စွာဘုရားသည်၊ ပရိနိဗ္ဗုတေပန ပရိနိဗ္ဗာန် ဝင်စံတော်မူသော်ကား၊ အနုက္ကမေန အစဉ်အတိုင်း၊ အန္တရ ဓာယန္တိ ကွယ်ပျောက်သွားကြလေကုန်၏။ တေန ထို့ကြောင့်၊ တေ ထိုမဟာ ပုရိသလက္ခဏာကျမ်းတို့သည်၊ ဧတရဟိ ယခုခေတ်အခါ၌၊ နတ္ထိ ဗေဒင်သုံးပုံတို့၌ မရှိတော့ချေ။)

သို့သော်လည်း ဗုဒ္ဓဝစနဟုဆိုအပ်သော ပိဋကတ်တော်တို့၌ သင်္ဂါယနာတင် ရဟန္တာအရှင်မြတ်တို့၏ကျေးဇူးကြောင့် မဟာပုရိသ လက္ခဏာတော်များကို ယနေ့တိုင်အောင် လေ့လာကြည့်ရှုနိုင်ကြ ပါသေးသည်။ ၄င်းမဟာပုရိသလက္ခဏာတို့ကို ဒီဃနိကာယ် မဟာဝဂ္ဂ မဟာပဒါနသုတ်ပါဠိတော်၊ ပါထိကဝဂ္ဂ လက္ခဏသုတ်ပါဠိတော်နှင့်

## ၆ ဗုဒ္ဓ၏စက်လက္ခဏာတော်များ

မဇ္ဈိမနိကာယ် မဇ္ဈိမပဏ္ဏာသ ဗြဟ္မာယုသုတ်ပါဠိတော်တို့၌ အကျယ် ဟောကြားထားပါသည်။ ဤကျမ်းသည် မဟာပုရိသလက္ခဏာ (၃၂) ပါးလုံးကို ဖော်ပြရန်မဟုတ်ပါ။ ယင်းလက္ခဏာ(၃၂)ပါးထဲမှ ဒုတိယ မြောက်လက္ခဏာကို စိစစ်ဝေဖန်လျက် အကျယ်ဖော်ပြရန်ဖြစ်ပါသည်။ ထို့ကြောင့် မဟာပုရိသလက္ခဏာတို့ကို သိရှိလေ့လာလိုကြသည့်ပုဂ္ဂိုလ် များသည် ထိုထို ပါဠိတော် အဋ္ဌကထာနှင့် ဂုဏ်တော်ဖွင့်ကျမ်းများ၌ လေ့လာကြည့်ရှုနိုင်ကြပါသည်။

# စက်လက္ခဏာတော်

မဟာပုရိသ လက္ခဏာ(၃၂)ပါးတို့တွင် ပထမလက္ခဏာမှာ သုပ္ပတိဋ္ဌိတပါဒ = ညီညာပြည့်ဖြိုးသော ခြေဖဝါးတော်ရှိခြင်း လက္ခဏာ ဖြစ်သည်။ ဤလက္ခဏာနှင့်မပြည့်စုံသော ပကတိလူသားတို့သည် (လူသာမန်တို့သည်) မြေပေါ်၌ ခြေကိုချနင်းသော်လည်း ခြေဖျား၊ ဖနှောင့်၊ ဖဝါးစောင်းတို့သာ မြေ၌ထိ၍ ဖဝါးလယ်မှာမူ မြေနှင့်မထိဘဲ ခွက်လျက်ရှိ၏။ ခြေကိုလှမ်းကြွလျှင်လည်း ခြေဖျားကဖြစ်စေ၊ ဖနှောင့်ကဖြစ်စေ တစ်ခုခုက စ၍ကြွ၏။ သုပ္ပတိဋ္ဌိတပါဒလက္ခဏာနှင့် ပြည့်စုံသောဘုရားရှင်၏ ခြေဖဝါးတော်အပြင်သည်ကား မြေ၌နင်းလျှင်လည်း ရွှေခြေနင်းအပြင်ကဲ့သို့ ဖဝါးတစ်ပြင်လုံး တစ်ပြိုင်နက် မြေ၌ထိ၏။ လှမ်းကြွလျှင်လည်း တစ်ပြိုင်နက် ညီညီညာညာ မြေမှကြွ၏။

ဒုတိယလက္ခဏာမှာ စက္ကင်္ကိတပါဒ = ခြေဖဝါးနှစ်ဘက်တို့၌ စကြဝတေးမင်း၏ စကြာရတနာမြတ်ကဲ့သို့ အကန့်တစ်ထောင်၊ ပုံတောင်းချက်မ၊ အကွပ်နှင့်တကွဖြစ်သော စက်လက္ခဏာတော်ရှိခြင်း ဖြစ်သည်။ မြတ်စွာဘုရား၏ ညီညာရှည်ပြန့်သော ဖဝါးတော်နှစ်ဖက်ကို လေးဖို့လေးစုပြုသော် ပထမအဖို့အစုနှင့် ဒုတိယအဖို့အစုတို့၌ ခြေဖျားတော်အပြင်တည်ရှိပြီး၊ တတိယအဖို့အစု၌ ဖမျက်တော်(ခြေသလုံးတော်) တည်ရှိသည်။ စတုတ္ထအဖို့၌ကား ဖနှောင့်တော်တည်ရှိသည်။ ဖမျက်

တော်(ခြေသလုံးတော်)၏တည်ရာ ဖဝါးတော်၏ တတိယအဖို့အစု နေရာ၌ စက်လက္ခဏာတော်တည်ရှိသည်။ ဖဝါးတော်နှစ်ဖက်တို့၌ စက်လက္ခဏာတော်ရှိကြောင်းကို မဟာပဒါနသုတ်ပါဠိတော်၌-

**ဟေဋ္ဌာ ပါဒတလေသု စက္ကာနိ ဇာတာနိ**

**သဟဿာရာနိ သနေမိကာနိ သနာဘိကာနိ**

**သဗ္ဗာကာရပရိပူရာနိ။**

ဟု ဟောတော်မူပါသည်။

ဟေဋ္ဌာပါဒတလေသု အောက်ဖြစ်သောခြေဖဝါးတော်အပြင်တို့၌၊ သဟဿာရာနိ အကန့်တစ်ထောင်ရှိကုန်သော၊ သနေမိကာနိ အကွပ်နှင့်တကွဖြစ်ကုန်သော၊ သနာဘိကာနိ ပုံတောင်းနှင့်တကွဖြစ်သော၊ သဗ္ဗာကာရ ပရိပူရာနိ အလုံးစုံသောအခြင်းအရာတို့နှင့် ပြည့်စုံကုန်သော၊ စက္ကာနိ စက်ဝန်းတို့သည်၊ ဇာတာနိ ဖြစ်ကုန်၏။ (ဤကား ပါဠိတော်၏အနက်တည်း)

ဖဝါးတော်နှစ်ဖက်တို့၌တည်ရှိသော.စက်လက္ခဏာတော်၏ ပုံပန်းသဏ္ဌာန်ကို အဋ္ဌကထာကြီးက အနုစိပ်အပြည့်အစုံ ဤသို့ဖော်ပြထားပါသည်။

**သဗ္ဗာကာရပရိပူရာနီတိ ဣမိနာ ပနအယံဝိသေသော ဝေဒိတဗ္ဗော။ တေသံ ကိရစက္ကာနံ ပါဒတလဿ မဇ္ဈေ နာဘိ ဒိဿတိ။ နာဘိ ပရိစ္ဆိန္နာ ဝဋ္ဋလေခါ ဒိဿတိ။ နာဘိမုခ ပရိက္ခေပပဋ္ဋော**

**ဒိသ္ဝာတိ။ ပနာဠိမုခံ ဒိသ္ဝာတိ။ အရာ ဒိသ္ဝာန္တိ။**
**အရေသု ဝင္ခလေခါ ဒိသ္ဝာန္တိ။ နေမိမဏ္ဍိကာ**
**ဒိသ္ဝာန္တိ။ ဣဒံတာဝ ပါဠိယံ အာဂတမေဝ။**

အဋ္ဌကထာ၏အနက်မှာ- ပန အထူးကိုဆိုဦးအံ့။ သဗ္ဗာကာရ ပရိပူရာနိတိ ဣမိနာ ပါဌေန-သဗ္ဗာကာရ ပရိပူရာနိ ဟူသော ဤပါဌ်ဖြင့်၊ အယံ ဝိသေသော ဤအထူးကို၊ ဝေဒိတဗ္ဗော သိအပ်၏။ ပါဒတလသ္မိ ခြေဖဝါးတော်အပြင်၏၊ မဇ္ဈေ အလယ်၌၊ တေသံစက္ကာနံ ထိုစက်ဝန်းတို့၏၊ နာဘိ ပုံတောင်းသည်၊ ဒိသ္ဝာတိ ထင်ရှား၏။

နာဘိပရိစ္ဆိန္နာ ပုံတောင်းဖြင့်ပိုင်းခြားအပ်ကုန်သော၊ ဝဋ္ဋလေခါ လုံးသော အရေးအကြောင်းတို့သည်၊ ဒိသ္ဝာန္တိ ထင်ရှားကုန်၏။ နာဘိမုခ ပရိက္ခေပဝဋ္ဋော ပုံတောင်းဝ၏ လုံးဝန်းသောအဝန်းအဝိုင်းသည်၊ ဒိသ္ဝာတိ ထင်ရှား၏။ ပနာဠိမုခံ ပြွန်ဝသည်၊ ဒိသ္ဝာတိ ထင်ရှား၏။ အရာ အကန့်ဒေါက်တို့သည်၊ ဒိသ္ဝာန္တိ ထင်ရှားကုန်၏။ အရေသု အကန့်ဒေါက်တို့၌၊ ဝဋ္ဋိလေခါ လုံးသောအကြောင်းတို့သည်၊ ဒိသ္ဝာန္တိ ထင်ရှားကုန်၏။ နေမိမဏ္ဍိကာ ပတ္တမြားအကွပ်တို့သည်၊ ဒိသ္ဝာန္တိ ထင်ရှားကုန်၏။ တာဝ တစ်ရှေ့ရှစ်ပါးသောအင်္ဂါအထူးတို့ကို ဖော်ပြသည်မှ ရှေးဦးစွာ၊ ဣဒံ ဤစက်ဝန်းသည်၊ ပါဠိယံ ပါဠိတော်၌၊ အာဂတမေဝ တိုက်ရိုက်လာသည်သာတည်း။

## ၁၀ ဗုဒ္ဓ၏စက်လက္ခဏာတော်များ

**အဓိပ္ပါယ်အကျဉ်းချုပ်မှာ**

ညီညာပြည့်ဖြိုးသော ဖဝါးပြင်နှစ်ဘက်အလယ်၌ အကန့်တစ်ထောင် ပုံတောင်းချက်မ။ အကွပ်နှင့်တကွ လုံးဝန်းသောအရေးအကြောင်းတို့ဖြင့် ဝေဆာတင့်ရွှန်းပြည့်ဝန်းသော စက်လက္ခဏာတော်သည် ပီပီ ပြင်ပြင်ပေါ်လွင်ထင်ရှားစွာတည်ရှိကြောင်းကို ပါဠိတော်၌ပင်တိုက်ရိုက်ဟောကြားထားပေသည်ဟု ဆိုခြင်းဖြစ်သည်။

## သမ္ဗဟုလဝါရ

သမ္ဗဟုလဝါရ ဆိုသည်မှာ - သမ္ဗဟုလောတိ ဗဟုဝိခလေ ခင်္ဂဝိဘာဝနဝါရော၊ ဟုဋ္ဌီကာဖွင့်ပြသောကြောင့် များစွာသော အရေးအကြောင်းအင်္ဂါတို့ကို ထင်ရှားအောင်ဖော်ပြသော ဝါရကိုဆိုခြင်းဖြစ်သည်။ ထိုသမ္ဗဟုလဝါရသည် ပါဠိတော်၌မလာ အဋ္ဌကထာ၌သာ လာသည်။ သမ္ဗဟုလဝါရ အရသော်ကား-

လုံမ။ အိမ်မွန်အစရှိသော စကြာဝတေးမင်း၏အသုံးအဆောင်ပစ္စည်းများနှင့် ဆင်ရတနာ၊ မြင်းရတနာ၊ အစရှိသော အခြွေအရံပရိသတ်များသည်လည်းကောင်း၊ ဟိမဝန္တာတောင်၊ မြင့်မိုရ်တောင်၊ ကျွန်းကြီးကျွန်းငယ်၊ သမုဒ္ဒရာအစရှိသော စကြဝဠာကြီး၏ ပဓာနကျသောထင်ရှားသည့် အစိတ်အပိုင်းများသည်လည်းကောင်း၊ စက်လက္ခဏာတော်ကို အပြင်ဘက်မှ လက်ျာရစ်ဝန်းရံလှည့်ပတ်လျက်တည်နေကြသည်ဟု ဆိုပါသည်။

**အန္တမသော စက္ကဝတ္တိရညော ပရိသံ ဥပါဒါယ**

**သဗ္ဗော စက္ကလက္ခဏဿေဝ ပရိဝါရော။**

(မဟာပဒါနသုတ် အဋ္ဌကထာ-၃၇)

အန္တမသော အယုတ်ဆုံးအားဖြင့်၊ စက္ကဝတ္တိရညော စကြဝတေးမင်း၏၊ ပရိသံ ပရိသတ်ကို၊ ဥပါဒါယ အစပြု၍၊ သဗ္ဗော

# ၁၂ ဗုဒ္ဓ၏စက်လက္ခဏာတော်များ

အလုံးစုံသော- လှံမ၊ အိမ်မွန်အစရှိသော အင်္ဂါအထူးသည့်၊ စက္က လက္ခဏာသဿဝ စက်လက္ခဏာ၏သာလျှင်၊ ပရိဝါရော အခြံအရံသည်၊ ဟောတိ ဖြစ်၏။

ဤသို့ဆိုပြီးလျှင် စက်လက္ခဏာတော်ကို ဝန်းရံလှည့်ပတ် လျက်တည်ရှိသော ထူးခြားသည့် မင်္ဂလာလက္ခဏာများကို အောက်ပါ အတိုင်း ဆက်လက်၍ဖော်ပြပါသည်။ ၄င်းတို့မှာ-

| | | |
|---|---|---|
| ၁။ | သတ္တိ | = လှံမ |
| ၂။ | သိရိဝစ္ဆ | = မင်္ဂလာအိမ်မွန် |
| ၃။ | နန္ဒိ | = လက်ျာရစ်လည်သော ဓလပ်ပန်း သဏ္ဍာန်ပြုလုပ်အပ်သောကလာပ်။ |
| ၄။ | သောဝတ္တိက | = လည်ရေးသုံးဆင့်ရှိသော အခမ်း အနား အဆောင်အရွက် |
| ၅။ | ဝဋံသက | = ဦးဆောက်ပန်း(နားသွယ်ပန်း) |
| ၆။ | ဝဍ္ဍမာနက | = ထမင်းပွဲ |
| ၇။ | မစ္ဆယုဂလ | = ငါးကြင်းအစုံ |
| ၈။ | ဘဒ္ဒပီဌ | = အင်းပျဉ် |
| ၉။ | အင်္ကုသ | = ချွန်းတောင်း |
| ၁၀။ | ပါသာဒ | = ပြာသာဒ် |
| ၁၁။ | တောရဏ | = တံခါးတိုင် |
| ၁၂။ | သေတစ္ဆတ္တ | = ထီးဖြူ |

| | | | |
|---|---|---|---|
| ၁၃။ | ခဂ္ဂ | = | သန်လျက် |
| ၁၄။ | တာလဝဏ္ဍ | = | ထန်းရွက်ယပ်ဝန်း |
| ၁၅။ | မောရပတ္တက | = | ဒေါင်းမြီးယပ် |
| ၁၆။ | ဝါဠဗီဇနီ | = | စာမရီသားမြီးယပ် |
| ၁၇။ | ဥဏှီသ | = | နဖူးသင်းကျစ် |
| ၁၈။ | မဏိ | = | ပတ္တမြား |
| ၁၉။ | ပဝဠ | = | သပိတ် |
| ၂၀။ | သုမနဒါမ | = | မြလေးပန်းဆိုင်း |
| ၂၁။ | နီလုပ္ပလ | = | ကြာညို(ကြာပြာ) |
| ၂၂။ | ရတ္တုပ္ပလ | = | ကြာနီ |
| ၂၃။ | သေတုပ္ပလ | = | ကြာဖြူ |
| ၂၄။ | ပဒုမ | = | ပဒုမ္မာကြာ |
| ၂၅။ | ပုဏ္ဍရိက | = | ပုဏ္ဍရိတ်ကြာ |
| ၂၆။ | ပုဏ္ဏဃဋ | = | ရေပြည့်အိုး |
| ၂၇။ | ပုဏ္ဏပါတိ | = | ရေပြည့်ဖလား |
| ၂၈။ | သမုဒ္ဒေါ | = | သမုဒ္ဒရာ |
| ၂၉။ | စက္ကဝါဠ | = | စကြာဝဠာတောင် |
| ၃၀။ | ဟိမဝါ | = | ဟိမဝန္တာတောင် |
| ၃၁။ | သိနေရု | = | မြင့်မိုရ်တောင် |
| ၃၂။ | စန္ဒိမာ | = | လ |

## (၁၄) ဗုဒ္ဓပါဠိစကားလက္ခဏာတော်များ

| | | | |
|---|---|---|---|
| ၃၃။ | သူရိယ | = | နေ |
| ၃၄။ | နက္ခတ္တာနိ | = | နက္ခတ်များ |
| ၃၅။ | ပုဗ္ဗဝိဒေဟ | = | အရှေ့ကျွန်း |
| ၃၆။ | ဇမ္ဗူဒီပ | = | တောင်ကျွန်း |
| ၃၇။ | အပရဂေါယာန | = | အနောက်ကျွန်း |
| ၃၈။ | ဥတ္တရကုရု | = | မြောက်ကျွန်း |
| ၃၉။ | ဒွိပရိတ္တဒီပသဟဿ | = | ကျွန်းငယ်နှစ်ထောင်တို့ဖြစ်ကြသည်။ |

## သင်္ဂါယနာတင် ပါဠိတော် အဋ္ဌကထာကြီးတို့၌ ဝေက္ခဏာ(၄၂)ပါး ကိုသာဖော်ပြကြသည်

စက်လက္ခဏာတော်၏အရံဖြစ်သော လုံမ၊ အိမ်မွန် အစရှိသော မင်္ဂလာအင်္ဂါအထူးများကို မဟာပဒါနသုတ် အစရှိသော ပါဠိတော်ကြီးတို့၌ ဖော်ပြမထားစေကာမူ ဗုဒ္ဓဝင်ပါဠိတော်၊ အပါဒါန်ပါဠိတော်စသော ခုဒ္ဒကနိကာယ်ဝင်ပါဠိတော်များနှင့် အဋ္ဌကထာတို့၌ အချို့အဝက် အနည်းငယ်စီဖော်ပြထားသည်ကို တွေ့ရပေသည်။ ဗုဒ္ဓဝင်ပါဠိတော်၌-၁။ တံခွန်လျှား၊ ၂။ တံခွန်ကုက္ကား၊ ၃။ဝရဇိန်လက်နက်၊ ၄။ ထမင်းပွဲ၊ ၅။ ချွန်းတောင်းတို့ဖြင့် ဝန်းရံလှည့်ပတ် တန်ဆာဆင်ထားအပ်သော စက်လက္ခဏာတော်၏ တင့်တယ်ပုံကို ဤသို့ဖော်ပြထားသည်ကိုတွေ့ရသည်။

**ယထာ တုယှံ မဟာဝီရ ပါဒေသုစက္ကလက္ခဏံ**

**ဓဇ ဝဇိရ ပဋာကာ ဝဍ္ဍမာနင်္ကုသာ စိတံ။**

(ဗုဒ္ဓဝံသ ပါဠိတော်-၃၈၂)

မဟာဝီရ ဝီရိယမွန် လွန်သောလုံ့လ မြတ်သော ဥဿာဟ ရှိတော်မူသော မြတ်စွာဘုရား။ ယထာယေနပကာရေန အကြင်သို့သော အပြားအားဖြင့်၊ တုယှံ ရှင်တော်မြတ်ဘုရား၏၊ ပါဒေသု ခြေဖဝါးတော်နှစ်ဖက်တို့၌၊ ဓဇဝဇိရ ပဋာကာ တံခွန်လျှား တံခွန်ကုက္ကား ဝရဇိန်

လက်နက်တို့ဖြင့်လည်းကောင်း၊ ဝမှမာနကိုသာ၊ ထမင်းပွဲ ချွန်းတောင်း လက်နက်တို့ဖြင့်လည်းကောင်း၊ အာစိတံ ဝန်းရံလှည့်ပတ် တန်ဆာဆင်အပ်သော၊ စက္ကလက္ခဏံ စက်လက္ခဏာတော်သည်၊ သောဘတိ တင့်တယ်လှပါပေ၏။

စကြာရတနာပုံတော်ဖြစ်သော စက်လက္ခဏာကို ဝန်းရံတည်ရှိသောလက္ခဏာများကို ပါဠိတော်၌ တစ်ရာ့ရှစ်ပါးလုံးပြည့်အောင် အစုံအလင်မဖော်ပြစေကာမူ ပဓာနဖြစ်သော စကြာရတနာ၏ပုံတော်စက်လက္ခဏာကို ယူခဲ့ဖော်ပြခဲ့သော် ကြွင်းသော အရံဖြစ်သော လက္ခဏာများကိုလည်းယူပြီး ဖော်ပြပြီးပင်ဖြစ်သည်ဟု မှတ်ယူရမည် ဖြစ်ကြောင်းဖြင့် အဋ္ဌကထာမိန့်ဆိုသည်။

**စက္ကလက္ခဏေ ပနဂဟိတေ သေသလက္ခဏာနိ**
**ဂဟိတာ နေဝ ဟောန္တိ။**

(ဗုဒ္ဓဝံသ-၄-၅၀)

စက္ကလက္ခဏေ စကြာရတနာ၏ပုံတော်ဖြစ်သော စက်လက္ခဏာကို၊ ဂဟိတေပန ယူအပ် ဖော်ပြအပ်သည်ရှိသော်ကား၊ သေသလက္ခဏာနိ ကြွင်းသော အရံဖြစ်သော လက္ခဏာတို့ကို၊ ဂဟိတာနေဝ ယူပြီး ဖော်ပြပြီးဖြစ်တော့သည်သာလျှင်၊ ဟောန္တိ ဖြစ်ကုန်၏။

## နရသီဟ ဂါထာများ

သဗ္ဗညုမြတ်စွာဘုရားသည် ဘုရားအဖြစ်သို့ရောက်တော်မူပြီး၍ ကပိလဝတ္ထုနေပြည်တော်သို့ ပထမအကြိမ်ကြွတော်မူရာ၌ ကပိလဝတ္ထုနေပြည်တော်သို့ ဆိုက်ရောက်ပြီးနောက် ဒုတိယမြောက်နေ့တွင် နောက်ပါသံဃာပေါင်း နှစ်သောင်းခြံရံလျက် မြို့တော်တွင်းသို့ ဆွမ်းခံကြွတော်မူပါသည်။ ထိုအခါ ကြင်ယာတော် ယသော်ဓရာမင်းသမီးသည် စံမြန်းတော်မူရာ အဆောင်တော်လေသာပြတင်းမှ လှမ်းမြော်ပြီးလျှင် သားတော်ရဟုလာအား မိမိအပါးသို့ခေါ်၍ ဘုရားရှင်ကို လက်ညှိုးညွှန်၍ ပြသည်။ ထိုသို့ညွှန်ပြစဉ် မနှိုင်းယှဉ်နိုင်သော အာသရေတော်တို့ဖြင့် တင့်တယ်တော်မူသော ဂုဏ်တော်များကို ထုတ်ဖော်၍ ကြည်နူးဝမ်းမြောက်ဖွယ်ရာ နရသီဟဂါထာတို့ကိုလည်း သီကျူးလျက် ချီးကျူးပြောဆိုသည်။ ထိုနရသီဟဂါထာတို့အနက် ဒုတိယဂါထာ၌ စက်လက္ခဏာတော်ကို စာမရီသား မြီးယပ်နှင့် ထီးဖြူတော်ခြံရံလျက် တည်ရှိကြောင်း ထုတ်ဖော်၍ ချီးကျူးထားသည်ကို တွေ့ရ၏။

**စက္ကဝရင်္ကိက သုရတ္တပါဒေါ**

**လက္ခဏာ မဏ္ဍိတ အာယတပဏှိ**

**စာမရဆတ္တ ဝိဘူသိတပါဒေါ**

ဧသ ဟိ တုယှ ပိတာ နရသီဟော။

(ဇာတက-ဋ္ဌ-ပ-၁၀၄)

တာတ ချစ်သားမျက်ရှုမောင်ရာဟု၊ စက္ကဝရင်္ကိတသုရတ္တပါဒေါ အကန့်တစ်ထောင် အရောင်ဝေဖြားစက်လက္ခဏာဖြင့် မှတ်သားအပ်သည့် ပတ္တမြားအသွေး နီတွေးသော ခြေဖဝါးတော်ရှိတော်မူသော၊ လက္ခဏာမဏ္ဍိတ အာယတပဏှိ၊ ကောင်းမြတ်သော လက္ခဏာတို့ဖြင့် တန်ဆာဆင်ခြယ်လှယ် ရှည်သွယ်သော ဖနှောင့်တော်လည်းရှိထသော၊ စာမရဆတ္တဝိဘူသိတပါဒေါ-စာမရီသားမြီးယပ်၊ ထီးဖြူတော်အမြတ်တို့ဖြင့် တန်ဆာဆင်ယင်သော ခြေတော်အစုံရှိတော်မူသော၊ နရသီဟော လူမြတ်ထွတ်မှူး ပုဂ္ဂိုလ်ထူးဖြစ်တော်မူသော၊ ဧသ ဧသောဟိ၊ တာရာနက္ခတ် ကြယ်ပြဿဒ်တို့ ဝန်းပတ်လျှံရှိန် လင်းလင်းထိန်သည့် ပုဏ္ဏိန္ဒု စန်းလပြည့်ဝန်းသို့ ရဟန္တာပေါင်း နှစ်သောင်း ခြံရံဆွမ်းခံကြွတော်မူသော ထိုအရှင်မြတ်သည်ကား၊ တုယှံ သာကီနန်းဘွား သင်ချစ်သား၏၊ ပိတာ လူဖြစ်စဉ်ရှေးကာလဝယ် မွေးဖနတ်ကျော် ခမည်းတော်ဘုရားပေတည်း။

ဂေါတမီ ထေရီအပါဒါန် ပါဠိတော်၌ကား-

မြတ်စွာဘုရား ခြေဖဝါးတော်တို့၌ စက်လက္ခဏာနှင့်တကွ ချွန်းတောင်းလက္ခဏာ၊ တံခွန်လက္ခဏာတို့ရှိကြောင်း ဖော်ပြသည်။

## စက်လက္ခဏာ (၁၀၈)ပါး ဖော်ပြသည့်ကျမ်းများ

အထက်၌ ဖော်ထုတ်တင်ပြခဲ့သည့်အတိုင်း ပါဠိတော် အဋ္ဌကထာကြီးတို့၌ ဖော်ပြထားသော လက္ခဏာများကို အမျိုးတူရာ ပေါင်းပါက အလယ်စက်ဝန်းကို ဝန်းရံတည်ရှိကြသော လက္ခဏာများ မှာ (၄၂)ပါးသာ ရှိသည်။ (၁၀၈)ပါး မပြည့်ပါ။ တစ်ရာ့ရှစ်ပါးပြည့် အောင် ဖော်ပြသောကျမ်းတို့မှာ အနာဂတဝင်ကျမ်းနှင့် ဇိနာလင်္ကာရ ဋီကာတို့ဖြစ်ကြသည်။ အနာဂတဝင်ပါဠိတော်ကို ဗုဒ္ဓဝင်ပါဠိတော် ဟောပြီးနောက် အရှင်သာရိပုတ္တရာတောင်းပန်သောကြောင့် မြတ်စွာ ဘုရားဟောတော်မူကြောင်းကို အနာဂတဝင် အဋ္ဌကထာ၌ ဆိုသည်။ ၎င်းအဋ္ဌကထာကို သီဟိုဠ်ကျွန်း အနုရာဓမြို့ ဓာတုသေနမင်းလက်ထက် အရှင်မဟာဗောဓိထေရ်တောင်းပန်သောကြောင့် ကာဠဝါသီဝိဟာရ ကျောင်းတိုက်နေ အရှင်မဟာဥပတိဿထေရ် ပြုစုသည်။ မြတ်စွာ ဘုရား၏ လက္ခဏာတော်ငယ် (၈၀)တို့ကိုလည်း ဤအနာဂတဝင် အဋ္ဌကထာ၌ပင် ထူးထူးခြားခြားဖော်ပြထားသည်။ ထို့ကြောင့် ဤအနာ ဂတဝင်ကျမ်းသည် အလေးအမြတ်ပြုထိုက်သော ကျမ်းကောင်းတစ်ဆူ ပင်ဖြစ်သည်။

ကောဇာသက္ကရာဇ် ၇၁၃ ခုနှစ် ပင်းယမြို့တွင် နန်းတက် သော ဆင်ဖြူလေးစီးရှင် သီဟသူမင်းလက်ထက် အဘိဓာန်ဋီကာ

## (၂၀) ဗုဒ္ဓ၏ဓါတ်လက်ဗျာကောတော်များ

ကျမ်းပြုအတွင်းဝန် သိရီမဟာ စတုရင်္ဂဗလအမတ်သည် ဤအနာဂတ ဝင် အဋ္ဌကထာကို ကြည့်ရှု၍ ''ပါဒေသ ယသ ဓာတာနိ''အစရှိ သော ဓာတ်လက်ဗျာကောတော် ဘုရားရှိခိုး ပါဠိဂါထာ (၁၂)ဂါထာတို့ကို ရေးသားခဲ့သည်။

ထို့အတူ အရှင်မဟာရဋ္ဌသာရ ဆရာတော်သည်လည်း ''အတိုင်းမသိ''အစရှိသော ပါဒနက်သန်လင်္ကာကြီးကို ဤအနာဂတ ဝင် အဋ္ဌကထာကိုပင် ကြည့်ရှု၍ စပ်ဆိုခဲ့သည်ဟု ပိဋကတ်တော် အုပ်မင်းကြီး ဦးယမ်က ပိဋကတ်တော်သမိုင်းကျမ်း၌ ပိန့်ဆိုထားပါ သည်။

အနာဂတဝင်ကျမ်းလာ ဓာတ်လက်ဗျာကောတော်မူနှင့် မိနောလင်္ကာ ရကျမ်းလာ ဓာတ်လက်ဗျာကောတော်မူတို့မှာ များများစားစားကွဲပြားခြင်း မရှိ။ ပါဠိဝေါဟာရ အနည်းငယ် အသုံးအနှုန်းကွဲပြားသည်ကိုသာ တွေ့ရသည်။

အရှင်ခေမိန္ဒသာမိ (၂၀)

[illegible]

## ကျမ်းပြုပုဂ္ဂိုလ်အရည်အသွေးရှိသလောက် ရေးသားနိုင်သည်

ပါဠိတော် အဋ္ဌကထာကြီးတို့၌ တစ်ရာ့ရှစ်ကွက်သော စက်လက္ခဏာတို့ကို အပြည့်အစုံမဖော်ပြဘဲ 'အနာဂတဝင်နှင့် ဇိနာလင်္ကာရ ဋီကာတို့၌သာ ဖော်ပြသဖြင့် အချို့ပုဂ္ဂိုလ်များက အဂလေး ဂရုမပြုလိုကြဘဲ နောက်မှ အဆင့်ဆင့်ထည့်သွင်း ဖြည့်စွက်ခဲ့ကြခြင်း ဖြစ်သည်ဟု ပေါ့ပေါ့ဆဆ သဘောထားခဲ့ကြလေသည်။ ဤသို့ မယူဆ သင့်ပါ။ အဘယ့်ကြောင့်ဆိုသော် ပါဠိတော် အဋ္ဌကထာကြီးတို့၌ တစ်ရာ့ရှစ်ပါးသော လက္ခဏာတို့ကို အစုံအလင်မဖော်ပြကြစေကာမူ။ မြတ်စွာဘုရားခြေဖဝါးတော်တို့၌ စက်လက္ခဏာတော်များ အထင်အရှား ရှိနေခြင်းကိုကား အခိုင်အမာဖော်ပြလျက်ရှိနေကြပါသည်။ ထို့ကြောင့် ပေါ့ပေါ့ဆဆ သဘောမထားသင့်ပါ။ ဤနေရာ၌ အောက်ဖော်ပြပါ အဋ္ဌကထာဆရာ၏ မိန့်ဆိုချက်ကို လေးနက်စွာ သတိပြုရပါမည်။

မြတ်စွာဘုရား ဂုဏ်တော်များကို ချီးကျူးဟောကြားသော အခါ၌ဖြစ်စေ၊ ထုတ်ဖော်ရေးသားသောအခါ၌ဖြစ်စေ၊ ဓမ္မကထိက ပုဂ္ဂိုလ်နှင့် ကျမ်းပြုဆရာတို့ အရည်အသွေး အစွမ်းအစရှိလျှင် ရှိသလို စကားပြေဖြင့်ဖြစ်ဖြစ်၊ ဂါထာဗန္ဓ ကဗျာလင်္ကာတို့ဖြင့်ဖြစ်ဖြစ် ဟောကြား နိုင် ရေးသားနိုင်သည်။ လွန်လွန်ကဲကဲ ဟောပြော ရေးသားကြသည်

ဟု မကဲ့ရဲ့၊ မရှုံ့ချသင့်။ အဘယ့်ကြောင့်ဆိုသော် ဘုရားရှင်တို့သည် အနန္တဂုဏ်တော်ရှင်များဖြစ်ကြ၍ ကြည့်တတ်မြင်တတ်သူများ သဒ္ဓါတရားရှိလျှင် ရှိသလောက်၊ ပညာရှိလျှင် ရှိသလောက် ကြည်ညို၍ မဝနိုင်အောင်၊ ချီးကျူးလို့မကုန်နိုင်အောင် များပြားသောဂုဏ်တော်များ ရှိနေကြသောကြောင့် ဖြစ်ပေသည်။

မှန်၏။ လူသာမန်များကို မဆိုထားဘိ သဗ္ဗညုဘုရားရှင်တစ်ပါးသည်ပင် အခြားသော ဘုရားရှင်တစ်ပါး၏ ရှိသမျှဂုဏ်အင်တို့ကို စုံလင်အောင်ထုတ်ဖော်၍ မချီးကျူးနိုင်ဟု ဆိုပါသည်။

**အပ္ပမာဏဝဏ္ဏာ ဟိ ဗုဒ္ဓါ။ တေသံ ဗုဒ္ဓါပိ**
**အနဝသေသတော ဝဏ္ဏံ ဝတ္တုံ အသမတ္ထာ။ ပဂေဝ**
**ဣတရာ ပဇာ။**

(မဇ္ဈိမ-၄-၁၇)

ဟိသစ္စံ မှန်၏။ ဗုဒ္ဓါ ဘုရားရှင်တို့သည်၊ အပ္ပမာဏဝဏ္ဏာ အတိုင်းမသိနိုင်အောင် အလွန်များပြားသော ဂုဏ်တော်များရှိကြ၏။ တေသံ ထိုသဗ္ဗညုဘုရားရှင်တို့၏၊ ဝဏ္ဏံ ဂုဏ်ကို၊ ဗုဒ္ဓါပိ သဗ္ဗညုဘုရားရှင်တို့သော်မှလည်း၊ အနဝသေသတော အကြွင်းမဲ့ပြည့်စုံအောင်၊ ဝတ္တုံ ချီးကျူးပြောကြားခြင်းငှာ၊ အသမတ္ထာ မတတ်နိုင်ကြလေကုန်။ ဣတရာ ပဇာ သဗ္ဗညုမြတ်စွာဘုရားမှ တစ်ပါးသော လူသာမန်တို့သည်၊ ပဂေဝ သမတ္ထာ အဘယ်မှာ ဂုဏ်တော်များကို ပြည့်စုံအောင် ချီးကျူးနိုင်ပါအံ့နည်း။အသမတ္ထာဧဝ မစွမ်းဆောင်နိုင်ကြသည်သာတည်း။

## အရှင်ဝေဒိဗ္ဗသာမိ ၂၃

နောက်မှ အဆင့်ဆင့်ထည့်သွင်းဖြည့်စွက်သည် ဖြစ်စေကာမူ မိမိတို့သဘောဖြင့် (အတ္တနော မတိဖြင့်)ထည့်သွင်းလိုရာကို ထည့်သွင်းကြမည်မဟုတ်ပါ။ "အယုတ်ဆုံးအားဖြင့် စကြဝတေးမင်း၏ ဆင်ရတနာ၊ မြင်းရတနာအစရှိသော ပရိသတ်မှစ၍ အသုံးအဆောင်များနှင့် စကြဝဠာကြီး၏ ထင်ရှားသောအစိတ်အပိုင်းများသည် စက်လက္ခဏာ၏ အခြံအရံများသာဖြစ်ကြသည်"ဟု အဋ္ဌကထာမိန့်ဆိုထားသည်ဖြစ်ရာ ကြည့်တတ်မြင်တတ်သူများအနေဖြင့် အသိဉာဏ်ရှိလျှင် ရှိသလောက် လက္ခဏာအမှတ်အသားများကို တွေ့မြင်သိရှိကြမည်သာဖြစ်ပါသည်။ ထိုသိမြင်နားလည်သူ ပုဂ္ဂိုလ်ကြီးများ၏ စကားကို အဆင့်ဆင့်မှတ်သား၍ (၁၀၈)ပါးအထိ စုံစုံလင်လင်ဖော်ပြနိုင်ခြင်းသာဖြစ်သည်ဟု ကောင်းမြတ်သောစိတ်ထားဖြင့် မှတ်သားနိုင်ကြပါသည်။

ဝ

# (၂၄) ဗုဒ္ဓ၏စက်လက္ခဏာတော်များ

## စက်လက္ခဏာတော်မှ အမျိုးမျိုးကွဲပြားနေခြင်း

မြန်မာနိုင်ငံအရပ်ရပ်၌ ထုလုပ်ရေးဆွဲ ကိုးကွယ်ထားကြသော ပါဒစေတီတော်များကို လေ့လာကြည့်ရှုသောအခါ မှုအမျိုးမျိုး ကွဲပြားနေသည်ကို တွေ့ရ၏။ ထိုမှုအမျိုးမျိုးတို့၏ အဓိကကွဲလွဲချက်များမှာ-

(၁) ခြေဖဝါးတော်အလယ်၌ တည်ရှိသော စကြာရတနာပုံစက်ဝန်း၏ အတွင်း၌ တစ်ရာ့ရှစ်ပါးသောလက္ခဏာတို့ကို ထည့်သွင်းထား ခြင်း။

ဥပမာ-အမရပူရကျောက်တော်ကြီး ဘုရားဂန္ဓကုဋီလိုဏ် မျက်နှာကျက်မှ စက်လက္ခဏာပုံတော် စသည်များ။

(၂) စက်ဝန်း၏အပြင်မှ တစ်ရာ့ရှစ်ပါးသောလက္ခဏာများကို လကျာ ရစ်ခရုပတ်လှည့်ပတ်၍ ဖော်ပြခြင်း။

ဥပမာ- ပုဂံစက်လက္ခဏာပုံတော်စသည်တို့ဖြစ်ပါသည်။

ထိုမှုနှစ်မျိုးတို့တွင် သဗ္ဗောစက္ကလက္ခဏာသော ပရိဝါရော။ သဗ္ဗော လုံမ အိမ်မွန် အစရှိသောအင်္ဂါအစိတ်အပိုင်းအားလုံးသည်၊ စက္ကလက္ခဏသော စက်လက္ခဏာတော်၏သာလျှင်၊ ပရိဝါရော အခြံအရံသည်၊ ဟောတိ ဖြစ်၏။

(မဟာပဒါနသုတ် အဋ္ဌကထာ-၃၇)

**တံ ပရိဝါရေတွာ အနေကာနိ မင်္ဂလာနိ**
**နိဗ္ဗတ္တိံသုန္တိ။ ။**

တံ ယိုစက်ဝန်းကို ပရိဝါရေတွာ ဝန်းရံ၍၊ အနေကာနိ မင်္ဂလာနိ လုံမ အိမ်မွှန် အစရှိသော များစွာသော မင်္ဂလာရှိသော အင်္ဂါလက္ခဏာတို့သည်၊ နိဗ္ဗတ္တိံသုန္တိ ဖြစ်ကုန်လတ့်။

(အနာဂတဝင်အဋ္ဌကထာ)

**စက္ကပရိယန္တေ နေမိတော ဗဟိဒ္ဓါဝဋ္ဋေ။ ပ။**
**ဣမေဧတ္တကာ အဋ္ဌမင်္ဂလလက္ခဏာ**
**ပါဒတလေပညာယန္တိ။**

စက္ကပရိယန္တေ စက်ဝန်း၏ အဆုံးဖြစ်သော၊ နေမိတော ဗဟိဒ္ဓါ အကွပ်၏ အပြင်ဘက်၌၊ ဧတ္တကာ ဤမျှအတိုင်း အရှည်ရှိကုန်သော၊ ဣမေ-အဋ္ဌမင်္ဂလလက္ခဏာ ဤမြတ်သော မင်္ဂလာလက္ခဏာတို့သည်၊ ပါဒတလေ မြတ်စွာဘုရား၏ခြေဝါးတော်အပြင်၌၊ ပညာယန္တိ ထင်ကုန်၏။ (ဇိနာလင်္ကာရဋီကာ-၁၈၉)

ဤသို့ ကျမ်းအသီးသီးတို့က စက်ဝန်း၏အပြင်ဘက်၌ လုံမ အိမ်မွှန်အစရှိသော မင်္ဂလာလက္ခဏာများတည်ရှိကြသည်ဟု တညီတညွတ်တည်းမိန့်ဆိုကြသောကြောင့် စက်ဝန်းအတွင်း၌ (၁၀၈)ပါး လက္ခဏာများကို ထည့်သွင်းသော စက်လက္ခဏာပုံကို ဆရာမြတ်တို့ မနှစ်သက်ကြ။ စက်ဝန်း၏အပြင်၌ (၁၀၈)ပါးသော လက္ခဏာတို့ကို လက်ျာရစ်လှည့်ပတ်ထားသောပုံတော်ကိုသာ နှစ်သက်ကြသည်။

(၃) ထို့ပြင် တစ်ရာ့ရှစ်ပါးသော လက္ခဏာအင်္ဂါတို့ကို ရေတွက်ရာ၌လည်း တစ်မှုနှင့်တစ်မှု ရေတွက်ပုံမတူညီဘဲ အမျိုးမျိုးကွဲပြားနေသည်ကို အများအပြားတွေ့ရသည်။ ထိုသို့ စက်လက္ခဏာ ရေတွက်ပုံကွဲပြားခြင်းမှာ ပေမှုများကို ရေးကူးရာ၌ မှားယွင်းခြင်း၊ အဖြတ်အတောက်၊ အဆက်အစပ်၊ အထားအသိုမမှန်ခြင်းတို့ကြောင့်ဖြစ်သည်ဟု ယူဆရပေသည်။ မှန်၏။ တစ်ရာ့ရှစ်ပါးသော စက်လက္ခဏာတို့ကို ဖော်ပြရာ၌ အနာဂတဝင်ကျမ်းနှင့် ဇိနာလင်္ကာရဋီကာတို့သည် ယေဘုယျအားဖြင့် ကွဲလွဲခြင်းမရှိကြ။ တူညီကြသည်သာ များ၏။ ပေမှုအရေးအသား အထားအသို မကောင်းသောကြောင့်သာ အနက်မြန်မာပြန်ဆိုသောအခါ၌ ပြန်ဆိုသူတို့က မိမိတို့လက်ဝယ်ရှိသောမှုအတိုင်း အနက်ပြန်ဆိုပြီး သင့်လျော်အောင် စက်လက္ခဏာများကို ရေတွက်ကြသဖြင့် မှုအမျိုးမျိုးကွဲလွဲနေသည် ဆိုရပါမည်။ ထိုစက်လက္ခဏာမှုများ ကွဲပြားပုံကို လေ့လာသိရှိနိုင်ရန် ထင်ရှားသောမှုအချို့ကို ဖော်ပြပါဦးမည်။

Ω

# အရှင်မဟာရဋ္ဌသာရဆရာတော်မှ စက်လက္ခဏာဘုရားရှိခိုး လင်္ကာကြီး

အတိုင်းမသိ၊ ကျေးဇူးရှိသည့်၊ မုနိသကျ၊ ဂေါတမ၏ ပါဒမြတ်ကျော်၊ ဖဝါးတော်၌ ထွန်းပေါ်ကျစ်လစ်၊ တစ်ရာ့ရှစ်ကို စိစစ် ကောင်းထွေ၊ လှည့်လည်ရေအံ့၊ ချီထွေအစ၊ လှံမ၊ အိမ်မွန်၊ မကျန်ပွင့် ချပ် ဇလပ်ပြန့်မွှေး၊ လည်ရေသုံးဆင့်၊ လှတင့်ရွှန်းရွှန်း၊ ဦးဆောက်ပန်းက စသည်မကွဲ၊ ထမင်းပွဲတည်ဟန်၊ ရွှေသလွန်ချွန်းတောင်း၊ ရောင်မောင်း ပြသာဒ်၊ အထွတ်မြင့်ခိုင်၊ တံခါးတိုင်နှင့်၊ အပြိုင်ထီးဖြူ၊ အတူသန် လျက်၊ ထန်းရွက်ယပ်ဝန်း၊ တခန်းတကြောင်း၊ ဥဒေါင်းမြီးယပ်၊ သင်း ကျပ်ဟခြား၊ ပတ္တမြားရောင်ဖိတ်၊ သပိတ်၊ ပန်းဆိုင်း၊ တုနှိုင်းမရ၊ ပွင့်လှထွားထွား၊ ငါးပါးကြာမျိုး၊ ရေအိုး၊ ဖလား၊ ထူးခြားသမုဒ္ဒရာ၊ စကြဝဠာသဏ္ဌာန်၊ ဟိမဝန် မြင့်မိုရ်၊ ထိုထိုနေ၊ လ၊ နက္ခတ်စသား၊ ဒီပလေးခု၊ ဇမ္ဗူဒီပါ၊ ပြုဗ္ဗာဥတ္တရ၊ အပရဂေါယီ၊ တလီအံ့ဘွယ်၊ ကျွန်းငယ်နှစ်ထောင်၊ ဖုန်းခေါင်လျှံဝင်း၊ စကြမင်းနှင့်၊ ခရသင်းဖြူဆွတ်၊ ငါးကြင်းပွက်စကြာ၊ သီဒါခုနှစ်တန်၊ သတ္တရဗ္ဗာန်မျှောင်၊ တောင်စဉ် ခုနှစ်ထပ်၊ ကြပ်ကြပ်မြင့်ခိုင်၊ ခုနှစ်အိုင်တသုန်၊ ဂဠုန်တကြောင်း၊ မိကျောင်းရေသား၊ ကုက္ကားတံခွန်၊ မင်းတန်သံလျင်၊ မကြွင်းတသီး၊ သားမြီးလေသာ၊ ကေလာပဗ္ဗတ၊ သီဟ၊ ကျားမြင်း၊ ဆင်မင်းမြတ်

စွာ၊ ဥပေါသထာ ယဉ်မွန်၊ ဆဒ္ဒန်တခြား၊ နဂါးဝမ်းဘဲ၊ မကွဲတူကွ၊ ဥသဘမကျန်၊ ဇရာဝဏ် မကာရုံး၊ ထူးဆန်းအံ့ဘွယ်၊ တင့်တယ်လှ တွေ၊ ရွှေလှေလျှံဝါ၊ မျက်နှာလေးပါး၊ နွားသားမိစစ်၊ အဖြစ်များစွာ၊ ကိန္နရာ ကိန္နရီ၊ တူပြိုကရဝိတ်၊ ဖိတ်ဖိတ်သောင်းသောင်း၊ ဥဒေါင်း ကြိုးကြာ၊ သံသာစက္ကဝတ်၊ ငှက်၏အမျိုး ဓိဝဖိုးအစုံ၊ ခြောက်ဘုံနတ် ရွာ ဆကာမာနှင့် ပြဟ္မာနတ်ရပ်၊ ဆယ့်ခြောက်ထပ်က စေ့စပ်မကြွင်း၊ ခပင်းများစွာ၊ ရံစကာနှင့် စကြာခြေမွန်၊ တင့်တယ်ဟန်ကို၊ ထက်စွန် မိုးဖျား သိကြားဗြဟ္မာ၊ ရေးထုလာလည်း၊ ဘယ်မှာတမျှ အတူရချိမ့်၊ အသမသမာ၊ သုံးလူ့ချာ၏၊ ရတနာထွန်းဝင်း၊ ညီရှင်းစင်သန့် အကန့် တထောင်၊ ရွှေရောင်ချယ်ကာ၊ သန္တာအကွပ်၊ ထိန်လျှပ်မြကောင်း၊ ပုံတောင်းပြိုးပြက်၊ ခြေတော်စက်ကို၊ စုံမက်မြတ်နိုးရှိလျှင်ခိုးသည်၊ ကောင်း ကျိုးလျှင်ဆော ပြည့်စေသော်။ ။

ဤလက္ခဏာကြီး၌ပါသော လက္ခဏာတို့ကို မူရင်းပါဠိဘာသာ နှင့် တွဲဖက်၍ ရေတွက်ဖော်ပြရသော်-

| | | | |
|---|---|---|---|
| ၁။ | သတ္တိ | = | လှံမ |
| ၂။ | သိရိဝစ္ဆ | = | အိမ်မွန် |
| ၃။ | နန္ဒိယာဝဋ္ဋ | = | ဇလပ်ပန်း |
| ၄။ | သောဝတ္တိက | = | လည်ရေးသုံးဆင့် |
| ၅။ | ဝဋံသက | = | ဦးဆောက်ပန်း |
| ၆။ | ဝဍ္ဍမာနက | = | ထမင်းပွဲ |

| | | |
|---|---|---|
| ၇။ ဘဒ္ဒပီဌ | = | အင်းပျဉ် (ရွှေသလွန်) |
| ၈။ အင်္ကောသ | = | ချွန်းတောင်း |
| ၉။ ပါသာဒ | = | ပြာသာဒ် |
| ၁၀။ တောရဏာ | = | တံခါးတိုင် |
| ၁၁။ သေတစ္ဆတ္တ | = | ထီးဖြူ |
| ၁၂။ ခဂ္ဂ | = | သန်လျက် |
| ၁၃။ တာလဝဏ္ဍ | = | ထန်းရွက်ယပ်ဝန်း |
| ၁၄။ မယူရဟတ္ထ | = | ဥဒေါင်းမြီးယပ် |
| ၁၅။ ဥဏှီသ | = | သင်းကျစ် |
| ၁၆။ ပတ္တ | = | သပိတ် |
| ၁၇။ မဏိ | = | ပတ္တမြား |
| ၁၈။ သုမနဒါမ | = | မြက်လေးပန်းဆိုင်း |
| ၁၉။ နီလုပ္ပလ | = | ကြာညို (ကြာပြာ) |
| ၂၀။ ရတ္တုပ္ပလ | = | ကြာနီ |
| ၂၁။ သေတုပ္ပလ | = | ကြာဖြူ |
| ၂၂။ ပဒုမ | = | ပဒုမ္မာကြာ |
| ၂၃။ ပုဏ္ဍရိက | = | ပုဏ္ဍရိက်ကြာ |
| ၂၄။ ပုဏ္ဏဃဋ | = | ရေပြည့်အိုး |
| ၂၅။ ပုဏ္ဏပါတိ | = | ရေပြည့်ဖလား |
| ၂၆။ သမုဒ္ဒ | = | သမုဒ္ဒရာ |

## (၃၀) ဗုဒ္ဓ၏စက်လက္ခဏာတော်များ

| | | | |
|---|---|---|---|
| ၂၇။ | စက္ကဝါဠပဗ္ဗတ | = | စကြဝဠာတောင် |
| ၂၈။ | ဟိမဝန္တပဗ္ဗတ | = | ဟိမဝန္တာတောင် |
| ၂၉။ | မေရုပဗ္ဗတ | = | မြင့်မိုရ်တောင် |
| ၃၀။ | သူရိယ | = | နေ |
| ၃၁။ | စန္ဒိမ | = | လ |
| ၃၂။ | နက္ခတ္တာနိ | = | နက္ခတ်တာရာများ |
| ၃၃။ | ဇမ္ဗူဒီပ | = | ဇမ္ဗူဒိပ်ကျွန်း (တောင်ကျွန်း |
| ၃၄။ | ပုဗ္ဗဝိဒေဟ | = | အရှေ့ကျွန်း |
| ၃၅။ | ဥတ္တရကုရု | = | မြောက်ကျွန်း |
| ၃၆။ | အပရဂေါယာန | = | အနောက်ကျွန်း |
| ၃၇။ | ပရိတ္တဒီပါ | = | အရံကျွန်းငယ်နှစ်ထောင် |
| ၃၈။ | စက္ကဝတ္တိ | = | စကြဝတေးမင်း |
| ၃၉။ | သေတသန် | = | ခရုသင်းဖြူ |
| ၄၀။ | မစ္ဆယုဂဠ | = | ငါးကြင်းအစုံ |
| ၄၁။ | စက္ကာဝုဓ | = | စက်နက် |
| ၄၂-၄၈။ | သတ္တသီဒန္တသာဂရာ | = | သီဒါခုနစ်တန် |
| ၄၉-၅၅။ | သတ္တမဟာသေလာ | = | တောင်စဉ်ခုနစ်ထပ် |
| ၅၆-၆၂။ | သတ္တမဟာသရာ | = | အိုင်ကြီးခုနစ်အိုင် |
| ၆၃။ | သုပဏ္ဏရာဇာ | = | ဂဠုန်မင်း |
| ၆၄။ | သံသုမာရ | = | မိကျောင်း |

| | | | |
|---|---|---|---|
| ၆၅။ | စေပဋကာ | = | တံခွန်လျှား။ တံခွန်ကုက္ကား |
| ၆၆။ | ရတနပါဋင်္ကိ | = | ရတနာသံလျင်း |
| ၆၇။ | သုဝဏ္ဏဝါဋ္ဋဗိဇနီ | = | ရွှေစာမရီသားမြီးယပ် |
| ၆၈။ | ကေလာသပဗ္ဗတ | = | ကေလာသငွေတောင် |
| ၆၉။ | သီဟရာဇာ | = | ခြင်္သေ့မင်း |
| ၇၀။ | ဗျဂ္ဃရာဇာ | = | ကျားမင်း |
| ၇၁။ | အဿရာဇာ | = | မြင်းမင်း |
| ၇၂။ | ဥပေါသထဟတ္ထိရာဇာ | = | ဥပေါသထဆင်မင်း |
| ၇၃။ | ဆဒ္ဒန္တဟတ္ထိရာဇာ | = | ဆဒ္ဒန်ဆင်မင်း |
| ၇၄။ | ဝါသုကိနာဂရာဇာ | = | ဝါသုကိနဂါးမင်း |
| ၇၅။ | ဟံသရာဇာ | = | ဟင်္သာမင်း |
| ၇၆။ | ဥသဘရာဇာ | = | ဥသဘနွားမင်း |
| ၇၇။ | ဧရာဝဏဟတ္ထိရာဇာ | = | ဧရာဝဏ်ဆင်မင်း |
| ၇၈။ | သုဝဏ္ဏမကာရ | = | ရွှေမကာရ်း |
| ၇၉။ | စတုမုခ | = | မျက်နှာလေးပါး |
| ၈၀။ | သုဝဏ္ဏနာဝါ | = | ရွှေလှေ |
| ၈၁။ | သဝစ္ဆကာဓေနု | = | နွားသားအမိ |
| ၈၂။ | ကိန္နရော | = | ကိန္နရာဖို |
| ၈၃။ | ကိန္နရီ | = | ကိန္နရာမ |
| ၈၄။ | ကရဝိကော | = | ကရဝိက်ငှက် |

၈၅။ မယူရရာဇာ = ဥဒေါင်းမင်း

၈၆။ ကောဉ္စရာဇာ = ကြိုးကြာငှက်မင်း

၈၇။ စက္ကဝါကရာဇာ = စက္ကဝတ်ငှက်မင်း

၈၈။ ဇီဝဇီဝကရာဇာ = ဇီဝဇိုးငှက်မင်း

၈၉-၉၄။ ဆဒေဝလောကာ = နတ်ပြည်ခြောက်ထပ်

၉၅-၁၁၀။ သောဠသ ဗြဟ္မလောကာ = ရူပါဝစရဗြဟ္မာ (၁၆)ပြည် တို့ဖြစ်ကြသည်။

မြန်မာနိုင်ငံအရပ်ရပ်၌ ထုလုပ်ကိုးကွယ်ထားကြသော ပါဒစေတီတော်များသည် ဤပါဒနက်သန်လက္ခဏာကြီးကို အမှီပြု၍ ထုလုပ်ထားကြသည်ကို အများအားဖြင့် လေ့လာတွေ့ရှိရသည်။ သို့ရာတွင် တစ်ရာ့ရှစ်ကွက် ရေတွက်ရာ၌ကား-

(၁) တချို့က ကျွန်းကြီးလေးကျွန်းနှင့် ကျွန်းငယ်နှစ်ထောင်ကို (၅)ကွက်ခွဲယူပြီး၊ တချို့က ကျွန်းကြီးလေးကျွန်းကို ကျွန်းငယ်ငါးရာစီခြံရံ၍ (၄)ကွက်သာ ယူကြသည်။

(၂) တချို့က တံခွန်လျှားနှင့် တံခွန်ကုက္ကားကို တစ်ကွက်စီခွဲယူပြီး၊ တချို့ကပေါင်းပြီး တစ်ကွက်တည်းရေတွက်သည်။

(၃) ဥပေါသထဆင်နှင့် ဆဒ္ဒန်ဆင်ကိုလည်း တချို့က နှစ်စီးလုံး နှစ်ကွက်ရေတွက်ပြီး တချို့က ဥပေါသထဆင် (သို့မဟုတ်) ဆဒ္ဒန်ဆင်တစ်စီးကိုသာ ယူသည်။

(၄) စတုမုခ = မျက်နှာလေးပါးကို တချို့က လေးကျွန်းသားတို့၏

မျက်နှာဟူ၍လည်းကောင်း၊ တချို့က ဗြဟ္မာဟူ၍လည်းကောင်း ယူကြသည်။

(၅) ကိန္နရာဖိုနှင့် ကိန္နရာမကို တချို့က နှစ်ကွက်ခွဲ၍ယူပြီး တချို့က တစ်ကွက်တည်းပေါင်းယူသည်ကို တွေ့ရသည်။

(၆) မဏိ=(ပတ္တမြား)နှင့် ပတ္တ=(သပိတ်)ကို တချို့က နှစ်ကွက်ခွဲ၍ ယူပြီး တချို့က မဏိပတ္တ=(ပတ္တမြားသပိတ်)ဟု ပေါင်း၍ တစ်ကွက်တည်း ရေတွက်သည်။

ဤသို့ စသည်ဖြင့် မိမိတို့သဘောကျသလို (၁၀၈)ကွက်ပြည့်အောင် ရေတွက်ထားကြသူများကို လေ့လာတွေ့ရှိရပါသည်။

◻

## (၃၄) ဗုဒ္ဓ၏စက်လက္ခဏာတော်များ

### မောင်းထောင်သာသနာပိုင်ဆရာတော်၏ စက်လက္ခဏာတော်မှု

မောင်းထောင်ဆရာတော်၏ စက်လက္ခဏာမှုကို အပြည့်အစုံ မဖော်တော့ဘဲ ထူးခြားသောလက္ခဏာနှင့် အဆုံးအဖြတ်များကိုသာ ထုတ်နုတ်ဖော်ပြပါမည်။ ဆရာတော်ဘုရားကြီးက ပါဒနက်သန်လကၤာ ကြီး၌ ရေတွက်ပြခဲ့သော (၁၁၀)ပါးသော လက္ခဏာတို့တွင်-

(၁) ဥပေါသထဆင်နှင့် ဆဒ္ဒန်ဆင်နှစ်စီးတို့တွင် တစ်စီးကိုသာယူ သည်။

(၂) တံခွန်လျှားနှင့် တံခွန်ကုက္ကားကိုပေါင်း၍ တစ်ကွက်တည်း ယူသည်။

(၃) စကြာဝဠာတောင်ကို သီးခြားမယူဘဲ နုတ်ပယ်သည်။ စကြဝဠာကို သီးခြားမယူသင့်ကြောင်းကို အမေးတော် အဖြေ ကျမ်းကြီး၌ အောက်ပါအတိုင်းဆုံးဖြတ်ထားပါသည်-

**စက္ကဝါဠောထိ ဝတွာ တဿ ပဓာနာဝယဝေ ဒဿေတုံ ဟိမဝါ သိနေရု။ (ပ) သဟဿာနိတိ ဝုတ္တံ။**

(မဟာပဒါနသုတ်ဋီကာ-၃၇)

အနက်ကား-စက္ကဝါဠောတိ စကြဝဠာဟူ၍၊ ဝတွာ ဆိုပြီး၍၊ တဿ ထိုစကြဝဠာ၏၊ ပမာဏဝယဝေ မြတ်သောအစိတ်အပိုင်းတို့ကို၊ ဒဿေတုံ ပြခြင်းငှာ၊ ဟိမဝါ သိနေရု၊ (ပ) သဟဿာနီတိ ဟိမဝန်၊ မြင့်မိုရ်၊ နေ၊ လ၊ နက္ခတ်၊ ကျွန်းကြီးလေးကျွန်း၊ ကျွန်းငယ် နှစ်ထောင်တို့ဟူ၍၊ ဝုတ္တံ ဆိုအပ်၏။

အဓိပ္ပာယ်မှာ- စကြဝဠာဟုဆိုပြီးလျက် ဟိမဝန်၊ မြင့်မိုရ် အစရှိသည်တို့ကို ပြဆိုခြင်းသည် စကြဝဠာကိုပင် မြတ်သောအစိတ်ဖြင့် ပြအံ့သောငှာ ဆိုပြန်သည်ဟုလိုသည်။

ဤစကားသည် စကြဝဠာကို အသီးမယူဘဲ ဟိမဝန်၊ မြင့်မိုရ် စသည်ကို ယူလျှင် စကြဝဠာကိုယူခြင်းပြီးရာ၌ အထောက်အထား ဖြစ်သည်ဟူ၍ မောင်းထောင်ဆရာတော် ဆုံးဖြတ်တော်မူသည်။

## ၃၆ ဗုဒ္ဓ၏စက်လက္ခဏာတော်များ

# တောင်ခွင်သာသနာပိုင်ဆရာတော်ဘုရားကြီး၏ စက်လက္ခဏာတော်မူ

တောင်ခွင်သာသနာပိုင် ဆရာတော်ဘုရားကြီး၏ စက်လက္ခဏာမူ၌-

(၁) စကြဝဠာတောင်ကို သီးခြားတစ်ကွက်ယူပြီး၊ ဥပေါသထ ဆင်နှင့် ဆဒ္ဒန်ဆင်နှစ်စီးကိုမူ မောင်းထောင်ဆရာတော်ကဲ့သို့ပင် တစ်စီးကိုသာယူသည်။

(၂) ကျွန်းကြီးလေးကျွန်းနှင့် ကျွန်းငယ်နှစ်ထောင်ကိုခွဲ၍ ငါးကွက်မယူဘဲ ကျွန်းကြီးကျွန်းငယ်တွဲလျက် ကျွန်းငယ်များအခံရှိသော ကျွန်းကြီးလေးကျွန်းကိုယူသည်။

(၃) အထူးကား တံခွန်လျားနှင့် တံခွန်ကုက္ကားကိုခွဲ၍ နှစ်ခုယူပြီး ကိန္နရာနှင့် ကိန္နရီတို့ပေါင်း၍ တစ်ခုသာယူသည်။

(၄) စတုမုခအရ မျက်နှာလေးပါးကို မယူမူ၍ ဗြဟ္မာကိုယူသည်။ ကျန်သောလက္ခဏာတို့မှာ ရှေးနည်းတူ (၁၀၈)ပါးပင် ဖြစ်သည်။

တောင်ခွင် ဆရာတော်ဘုရားကြီးသည် အရှင်မဟာရဋ္ဌသာရ ဆရာတော်၏စက်လက္ခဏာလင်္ကာကြီးကို အနည်းငယ်ပြင်ဆင်၍ စက်လင်္ကာသစ်တစ်ခုကိုလည်း ရေးသားခဲ့သည်။ ၎င်းလင်္ကာသစ်မှာ-

"အတိုင်းမသိ ကျေးဇူးရှိသား မုနိသကျဂေါတမ၏ ပါဒ မြတ်ကျော် ဖဝါးတော်၌ ထွန်းပေါ်ကျစ်လစ် တရာ့ရှစ်ကို စိစစ်လျှင်တွေ့ လျှင်းလျှင်းရေပိမ့်။ ချီလေအစ (၁-၂)လှံ့မ၊ အိမ်မွန်၊ (၃)သုံးတန်ပွင့်ချပ်၊ ဇလပ်ပြန့်မွေး၊ (၄) လည်ရေးသုံးဆင့်၊ (၅) လှတင့်ထွန်းတောက် ဦးဆောက်ပန်းက၊ (၆) ဖြူညွှရောင်မောင်း ဦးဖောင်းမကွဲ စားပွဲတင်ခင်း၊ (၇)အင်းပျဉ်ဝန်းနှင့် (၈-၉)ချွန်းတောင်း,ပြာသာဒ်၊ (၁၀) အထွတ်မြင့်ခိုင် တံခါးတိုင်က၊ (၁၁-၁၂)ဖြူညွှပြိုးပြက် ထီးသန်လျက်နှင့် (၁၃)ထန်းရွက် ယပ်ဝန်း၊ (၁၄) ရွှမ်းရွှမ်းရောင်မောင်း ဥဒေါင်းမြီးယပ်၊ (၁၅)သင်းကျစ် ရွှေပြား၊ (၁၆) ပတ္တမြားကျောက်မျက်၊ (၁၇) စားခွက်ရောင်ပြေး၊ (၁၈) မုလေးပန်းဆိုင်း၊ (၁၉-၂၃) တုနိုင်းမရ ပွင့်လှအပြား ငါးပါး ကြာမျိုး၊ (၂၄) ပြည့်သည့်အိုးနှင့် (၂၅) ပြည့်ဖြိုးဖလား၊ (၂၆) ရေပြား သမုဒ္ဒရာ၊ (၂၇) စကြာဝဠာတောင်မွန်၊ (၂၈) ဟိမဝန်တောချောင်၊ (၂၉) မြင့်မိုရ်တောင်နှင့် (၃၀-၃၁) ထွန်းပြောင်နေ,လ၊ (၃၂) နက္ခတ္တက၊ (၃၃-၃၆) ဒီပလေးသွယ် ကျွန်းငယ် ရံဆောင်၊ (၃၇) ဘုန်းခေါင် စကြာမင်း၊ (၃၈) ခရသင်း ဖြူနှစ် ဇွေရစ်လက်ျာ၊ (၃၉) ရွှေဝါအဆင်း ငါးမင်းစုံလျက်၊ (၄၀) လက်နက်စက်က၊ (၄၁-၄၇) ရေတွက်သချာ ဂင်္ဂါခုနှစ်တန် (၄၈-၅၄) တောင်ရံခုနှစ်လုံး၊ (၅၅-၆၁) အိုင်ထုံး ခုနှစ်ကွက်၊ (၆၂) ၄ုက်ဂဠုန်မင်း၊ (၆၃) မြစ်တွင်းကိန်းအောင်း မိကျောင်းရေသား၊ (၆၄) တံခွန်လျှားနှင့် (၆၅) ကုက္ကားတံခွန် (၆၆) မင်းတန်သံလျင်း၊ (၆၇) အဆင်းရွှေလား သားမြီးလေဆောင်၊ (၆၈)

ငွေတောင်ကေလာသ၊ (၆၉-၇၀) သီဟဗျဂ္ဃ၊ (၇၁) ဝလာဟမြင်း၊ (၇၂) ဆင်မင်းမြတ်စွာဥပေါသထာ ယာဉ်မွန်၊ ဆန္ဒန်တူပြီ၊ (၇၃) ဗာသုကီမည်ရင်း နဂါးမင်းနှင့် (၇၄) ဟသ်ာရွှေလား၊ (၇၅) နွားဥသဘမွန်၊ (၇၆) ဧရာဝဏ်တခန်း၊ (၇၇) မကာရ်းတထွေ၊ (၇၈) ရွှေလှေလှျံဝါ၊ (၇၉) ပြဟ္မာထွတ်ဖျား၊ (၈၀) သားနှင့်တကွ နွားမနို့သစ်၊ (၈၁) အချစ်မြဲစွာ ကိန္နရာဖို့မ၊ (၈၂) သဒ္ဒမဆိတ် ကရဝိတ်တွန်ညှောင်း၊ (၈၃-၈၄) ဥဒေါင်း, ကြိုးကြာ၊ (၈၅) သံသာစက္ကဝက်၊ (၈၆) စုံလျက်ဇီဝဇိုး၊ (၈၇-၉၂) မိုးဝဘုံသာ ဆကာမာနှင့် (၉၃-၁၀၈) ပြဟ္မာဘုံရပ်ဆယ့်ခြောက်ထပ်လည်း ယှဉ်စပ်မကင်း ခပင်းများစွာ ရံစကာနှင့် စကြာခြေမွန် တင့်တယ်ဟန်ကို မိုးစွန်ဘုံဖျား သိကြားပြဟ္မာ ရေးထုလာလည်း ဘယ်မှာတမျှ အတူရချိမ့်၊ အသမ သမာသုံးလှူ့ချာ၏။ ရတနာလှျံဝင်း နီဆင်းစင်သန့် အကန့်တစ်ထောင် ထွန်းပြောင်သိဂ်ါ။ သန္တာအကွပ် ထိန်လျှပ်ပုံတောင်း ညိုမောင်းကျောက်မျက်။ ခြေတော်စက်ကို စုံမက်မြတ်နိုး ရှိလျှင်ခိုးသည် အကျိုးကောင်းမွန်၊ မင်္ဂဉာဏ်၊ ဖိုလ်ဉာဏ် နိဗ္ဗာန်ထုတ်ချောက်ရောက်စေသော်။

နိုင်ငံတော် ဗုဒ္ဓသာသန မဟာဗုဒ္ဓဝင်ကျမ်းကြီး၌လည်း ဤတောင်ခွင်ဆရာတော်ဘုရားကြီး၏ မူကိုပင်ယူ၍ ဖော်ပြထားသည်ကို တွေ့ရသည်။

# ပုဂံခေတ်စက်လက္ခဏာပုံတော်

ပုဂံခေတ်စက်လက္ခဏာပုံတော်ကို မြန်မာ့စွယ်စုံကျမ်းအတွဲ (၃)နှင့် ပါမောက္ခမစ္စတာလုစ်)၏ ရှေးဟောင်းမြန်မာပုဂံဆိုသော စာအုပ်ကြီးအတွဲ (၃)တို့၌ တွေ့ရသည်။ ထိုပုံတော်များသည် ပုဂံမြို့ လောကနန္ဒာစေတီတော်အနီးမှ တူးဖော်ရရှိသောပုံနှင့် ညောင်ဦးမြို့ ရွှေစည်းခုံစေတီတော်ကြီး မြောက်ဖက်တန်ဆောင်းမှ ပုံတော်များဖြစ်ကြောင်း စုံစမ်းသိရသည်။ ထိုပုံတော်များအနက် လောကနန္ဒာစေတီတော်အနီးမှတွေ့ရှိသော ပုံတော်ကို ပုဂံမြို့ရှေ့ဟောင်းယဉ်ကျေးမှုပြတိုက်၌ ပြသထားသည်ကို ကြည့်ရှုလေ့လာခဲ့ရပါသည်။

ထိုပုံတော်များသည် လေ့လာတွေ့ရှိရသမျှ ပုံတော်များအနက် ရှေးအကျဆုံးဖြစ်ပြီး ကြည်ညိုဖွယ် အကောင်းဆုံးပုံတော်များဖြစ်သည်ဟု ဆိုနိုင်ပါသည်။ ထို့ကြောင့် ထိုပုဂံခေတ်လက်ရာ စက်လက္ခဏာပုံတော်များကို အဓိကမူတည်ထား၍ အခြားစက်လက္ခဏာပုံများ၊ မူများနှင့်လည်းကောင်း၊ ကျမ်းဂန်အသီးသီးနှင့်လည်းကောင်း တိုက်ဆိုင်ညှိနှိုင်း၍ ခြောက်ထပ်ကြီး ရွှေသာလျောင်းရုပ်ပွားတော်မြတ်ကြီး၏ ခြေဖဝါးတော်တို့၌ စက်လက္ခဏာတော်များ ထုလုပ်ပူဇော်ရန်အတွက် သာလွန်၍ ကောင်းမွန်ပြည့်စုံသော စက်လက္ခဏာတော်မူတစ်ဆူဖြစ်လာစေရန် ဝေဖန်စိစစ်သုံးသပ်ဖို့ ဆုံးဖြတ်ကြပါသည်။

ထိုပုဂံခေတ်ပုံတော်များကို လေ့လာကြည့်ရှုသောအခါ ထူးခြားသောအချက်(၇)ချက်ကို တွေ့ရှိရသည်။ ၎င်းတို့မှာ-

(၁) ပတ္တမြားနှင့်သပိတ်ကိုတွဲ၍ မဏိပတ္တ=ပတ္တမြားသပိတ်ဟု လက္ခဏာတစ်ပါးတည်းယူသည်။

(၂) ကျွန်းကြီးလေးကျွန်းနှင့် ကျွန်းငယ်နှစ်ထောင်ကို တစ်ပါးစီခွဲ၍ လက္ခဏာငါးပါးယူသည်။

(၃) တံခွန်လျှားနှင့် တံခွန်ကုက္ကားကိုပေါင်း၍ လက္ခဏာတစ်ပါးယူပြီး ကိန္နရာဖိုမကိုခွဲလျက် နှစ်ပါးယူသည်။

(၄) စက္ကာဝုဓ = စက်လက်နက်မပါ။

(၅) သားမြီးယပ်နှစ်ခု ပါဝင်သည်။

(၆) ဥပေါသထဆင်နှင့် ဆဒ္ဒန်ဆင်နှစ်စီးလုံးကိုယူသည်။

(၇) စတုမုခသုဝဏ္ဏနာဝါ လက္ခဏာ၌ စတုမုခအရ မျက်နှာလေးပါးကိုလည်းကောင်း၊ (သို့မဟုတ်) ဗြဟ္မာကိုလည်းကောင်း မယူဘဲ သုဝဏ္ဏနာဝါအရ ရွှေလှေတစ်မျိုးကိုသာယူသည်။

ဤကား ပုဂံပုံတော်၏ ထူးခြားသောအချက်များဖြစ်ကြသည်။

## ဝေဖန်သုံးသပ်တည်းဖြတ်ခြင်း

၁။ ပုဂံစက်လက္ခဏာပုံ၌ မဏိနှင့် ပတ္တကိုတွဲ၍ မဏိပတ္တ= ပတ္တမြားသပိတ်ဟု လက္ခဏာတစ်ပါးတည်းယူသော်လည်း ကျော်အောင်စံထားဆရာတော်ဘုရားကြီးက တစ်ပါးတည်းတွဲ၍ မယူသင့်၊ နှစ်ပါးခွဲ၍သာယူရမည်ဟု အောက်ပါအတိုင်း ဆုံးဖြတ်ထားပါသည်။

"ပါဠိအဘိဓာန်၌ နပုလ္လိင်ပတ္တသဒ္ဒါသည် ငှက်တောင်နှင့် သစ်ရွက်ကိုဟောသည်။ ပုလ္လိင်ပတ္တသဒ္ဒါသည် ခွက်ကိုဟောသည်။ မဟာပဒါနသုတ် အဋ္ဌကထာ၌ ပတ္တောဟု ခွက်ဟောပုလ္လိင်နှင့်သာ ရှိသည်။ အနာဂတဝင်အဋ္ဌကထာနှင့် ဇိနာလင်္ကာရဋီကာတို့၌ မဏိ၊ ပတ္တံကိုတွဲလျက် ပတ္တမြားသပိတ်ဟု ဆိုခြင်းသည်မသင့်။ တစ်ပုဒ်စီခွဲ၍ မဏိ=ပတ္တမြား။ ပတ္တော=သပိတ်ဟု ယူခြင်းသည်သာသင့်ကြောင်း" ဆုံးဖြတ်တော်မူသည်။

ထို့ပြင် ပတ္တမြားသည် (၁) စကြာရတနာ၊ (၂) ဆင်ရတနာ၊ (၃) မြင်းရတနာ၊ (၄) ပတ္တမြားရတနာ၊ (၅) မိဖုရားရတနာ၊ (၆) သူဌေးရတနာ (၇) သားကြီးရတနာဟူသော စကြဝတေးမင်း၏ ရတနာ(၇)ပါးတို့တွင် တစ်ပါးအပါအဝင်ဖြစ်သည်။ ထို့ကြောင့် "စကြဝတေးမင်း၏ အသုံးအဆောင်ပစ္စည်းများနှင့် အခြွေအရံပရိသတ်တို့သည် စကြာရတနာကိုလှည့်လှည်၍ တည်ကြသည်ဆိုသော အဋ္ဌကထာနှင့်အညီ ပတ္တမြားရတနာကိုလည်း ဆင်ရတနာ၊ မြင်းရတနာ

တို့နည်းတူ လက္ခဏာတစ်ပါးအဖြစ်ဖြင့် သီးခြားခွဲ၍ယူခြင်းက သာ၍ သဘာဝကျမည်ဟု သဘောရပေသည်။

၂။ ဗုဒ္ဓဝင်ပါဠိတော်၌ ဝဇိရ = ဝရဇိန်လက်နက်ဟူ၍လည်းကောင်း၊ အနာဂတဝင်အဋ္ဌကထာနှင့် ဇိနာလင်္ကာရဋီကာတို့၌ စက္က= စက္ကာဝုဓံ = စက်လက်နက်ဟူ၍လည်းကောင်း ပါရှိသည်။ အခြားသောစက်လက္ခဏာမူများ၌လည်း စက်လက်နက်ပါကြသည်ချည်းဖြစ်သည်။ ထို့ကြောင့် ပုဂံပုံတော်၌ မပါစေကာမူ ကျမ်းဂန်နှင့်အညီ စက်လက်နက်လက္ခဏာကို ဖြည့်စွက်လိုက်ပါသည်။

၃။ ဇိနာလင်္ကာရဋီကာ၌ သားမြီးယပ်ဟော စာမရံနှင့် ဝါဠဗီဇနီ နှစ်ပုဒ်ပါသောကြောင့် ပုဂံပုံတော်နှင့် ညီညွတ်လျက်ရှိသည်။ သို့သော် အဋ္ဌကထာကြီးတို့၌ နှစ်ပုဒ်မရှိ၊ ဝါဠဗီဇနီတစ်ပုဒ်သာရှိသည်။ တစ်ရာ့ ရှစ်ပါးသော စက်လက္ခဏာတို့၌ စာမရီသားမြီးယပ်အပြင် ထန်းရွက်ယပ်နှင့် ဥဒေါင်းမြီးယပ်တို့လည်း ပါဝင်လျက်ရှိရာ ယပ်သုံးမျိုးပါရှိသည်။ ထိုယပ်သုံးမျိုးကိုပင်ရည်ရွယ်၍ ကဝိလက္ခဏာကျမ်း၌ "ရွှေစက်နှစ်ရပ်၊ သုံးမည်ယပ် အတပ်သိအောင်ရှာ" ဟု စိန္တကျော်သူက ဆိုခဲ့သည်။ အကယ်၍ စာမရီသားမြီးယပ်ကို နှစ်ခုယူခဲ့လျှင် အမျိုးတူလက္ခဏာနှစ်ခုထပ်ပြီး ယပ်လေးစင်းဖြစ်နေမည်။ ထို့ကြောင့် အမျိုးတူလက္ခဏာနှစ်ခု မထပ်စေရန်နှင့် အဋ္ဌကထာကြီးများနှင့် ညီညွတ်စေရန် သားမြီးယပ်တစ်ခုသာ ယူပါသည်။

၄။ ဆင်ရတနာ၊ မြင်းရတနာတို့သည် စကြဝတေးမင်း၏ အခြံ

အရဲ ပရိသတ်များဖြစ်ကြောင်းကို အထက်၌ဆိုခဲ့ပြီ။ စကြဝတေးမင်း၏ဆင်ရတနာသည် ဆင်ဆယ်မျိုးတို့တွင် အမြတ်ဆုံးဖြစ်သော ဥပေါသထဆင်မျိုးမှဖြစ်စေ၊ ဆဒ္ဒန်ဆင်မျိုးမှဖြစ်စေ တစ်မျိုးမျိုးမှ တစ်စီးသာဖြစ်ကြောင်းကို မဟာသုဒဿနသုတ် အဋ္ဌကထာ၌ အောက်ပါအတိုင်းမိန့်ဆိုထားသည်။

စကြဝတေးမင်းသည် သီတင်းသီလဆောက်တည်လျက် အလှူကြီးကို လှူဒါန်းပြီးနောက် မိမိ၏ကုသိုလ်ကောင်းမှုများကို ဆင်ခြင်နေစဉ် ထိုကုသိုလ်၏ အာနုဘော်သည် နိုးဆော်တိုက်တွန်းခြင်းကိုခံရသောဆင်သည် မင်းကြီး၏ အထူးထူးသော ပူဇော်သက္ကာရများကို ခံယူရန် ကောင်းကင်မှပျံသန်းလာပြီး ဆင်မင်း၏နေရာ၌ တည်လာသည်။ ထိုဆင်ရတနာသည် ဆင်ဆယ်မျိုးတို့တွင် အမြတ်ဆုံးနှစ်မျိုးဖြစ်သော ဥပေါသထဆင်မျိုးမှဖြစ်စေ၊ သို့မဟုတ် ဆဒ္ဒန်ဆင်မျိုးမှဖြစ်စေ တစ်မျိုးမျိုးမှလာခြင်းဖြစ်သည်။ ဥပေါသထဆင်မျိုးမှဖြစ်လျှင် အကြီးဆုံးဆင်လာသည်။ ဆဒ္ဒန်ဆင်မျိုးမှဖြစ်လျှင် အငယ်ဆုံးဆင်လာသည်။ ပါဠိတော်၌ ဆဒ္ဒန်ဆင်မင်းလာသည်ဟု ဆိုသော်လည်း ဆဒ္ဒန်ဆင်မင်းကို မည်သူမှ မသုံးဆောင်ထိုက်။ ထို့ကြောင့် အငယ်ဆုံးဆဒ္ဒန်ဆင်လာသည်ဟု အဋ္ဌကထာတို့၌ မိန့်ဆိုကြသည်။

(မဟာသုဒဿနသုတ် အဋ္ဌကထာ-၂၁၆)

ဤသို့အဋ္ဌကထာ၌ အတိအကျအခိုင်အမာဆင်တစ်စီးသာလာကြောင်းမိန့်ဆိုသောကြောင့် ဆင်နှစ်စီးမယူဘဲ တစ်စီးကိုသာယူပါသည်။

## ၅။ စတုမုခ သုဝဏ္ဏနာဝါ = မုဒ်လေးခုရှိသော ရွှေလှေ

ဖိနှာလက်ာရဋီကာ၌ စတုမုခသုဝဏ္ဏနာဝါဟု သမာသ်ပုဒ်နှင့် ရှိသည်။ ထိုသမာသ်ပုဒ်ကို စတုမုခ တစ်ပုဒ်၊ သုဝဏ္ဏနာဝါ တစ်ပုဒ် ခွဲ၍ စတုမုခကို (စတု=လေးခု + မုခ=မျက်နှာ)မျက်နှာလေးပါးဟု အနက်ပြန်ပြီးလျှင် လေးကျွန်းသားတို့၏မျက်နှာဟု အချို့ကဆိုကြသည်။ အချို့မူကား-စတ္တာရိမုခါနိအဿာတိ စတုမုခါဟု ဗဟုဗ္ဗိ သမာသ်ဝိဂ္ဂြိုဟ်ပြု၍ ဗြဟ္မာကိုအရကောက်ကြသည်။

(အဿ ထိုဗြဟ္မာကြီးအား၊ စတ္တာရိ လေးပါးကုန်သော၊ မုခါနိ ခံတွင်းပေါက် (ပါးစပ်ပေါက်)တို့သည်၊ သန္တိ ရှိကုန်၏၊ ဣတိတသ္မာ ထို့ကြောင့်၊ သော ထိုဗြဟ္မာကြီးသည်၊ စတုမုခါ စတုမုခ မည်၏)

စတုမုခ = ခံတွင်းပေါက် (ပါးစပ်ပေါက်)လေးခုရှိသူဟု ဆိုလိုသည်။ ဤခံတွင်းပေါက်လေးခုရှိသူ စတုမုခဟူသည် မဟာ ဗြဟ္မာကိုဆိုကြောင်း ပါဒနက်သန်ဂါထာနိသျှ၌ ကျော်အောင်စံထား ဆရာတော် ဆုံးဖြတ်တော်မူသည်ကို အောက်ပါအတိုင်းတွေ့ရှိရသည်။

လောက၌ ပါရမီသွာကို ပဥ္စာနန = မျက်နှာငါးပါးရှိသူ။

ဗိဿနိုးကို စတုဘုဇ = လက်လေးခုရှိသူ။

သိကြားမင်းကို သဟဿက္ခ = မျက်စိတစ်ထောင်ရှိသူ။

ဖြဟ္မာကို စတုရာနန = မျက်နှာလေးခုရှိသူဟူ၍ ကျမ်းတစ်ပါးတို့၌ ဆိုသည်။ ဒဏ္ဍီကျမ်း၌လည်း "စတုပသော မုခမ္ဘောဇ ဝနဟံသာ ဝဓူမမ"ဟု ဗြဟ္မာကို စတုမုခဆိုသည်နှင့် အလွန်ညီသည်။

အချို့မိန်ာလင်္ကာရဋီကာ၌ စတုမုခသုဝဏ္ဏနာဝါဟု တစ်ပုဒ်တည်းရှိသည်။ ပါဒနက်သန်ဂါထာအနက်များစွာတို့၌လည်း မျက်နှာလေးခုရှိသောရွှေလှေဟု အနက်တစ်ချက်တည်း သမ္ဘန်သည်။ အချို့စက်တော်ပုံတွင်လည်း မျက်နှာလေးခုနှင့်ရွှေလှေကို တစ်ကန့်တစ်ကွက်တည်းအရေးရှိသည် ဆင်ခြင်ဟု မိန့်မှာသည်။

## စက်လက္ခဏာတော်ကြီးကြပ်စိစစ်ရေးအဖွဲ့၏ သုံးသပ်ဝေဖန်ချက်

အရှင်မဟာရဋ္ဌသာရ၏ ပါဒနက်သန်လက်ာကြီးနှင့် ကျော်အောင်စံထားဆရာတော်၏ မိန့်ဆိုချက်များအရ စတုမုခကို-

(၁) မျက်နှာလေးပါးဟူ၍လည်းကောင်း၊

(၂) ခံတွင်းပေါက်လေးပေါက်ရှိသော ဗြဟ္မာဟူ၍လည်းကောင်း၊

(၃) စတုမုခနှင့် သုဝဏ္ဏနာဝါနှစ်ပုဒ်တွဲစပ်လျက် = မုခ်လေးခုရှိသော ရွှေလှေဟူ၍လည်းကောင်း အယူအဆသုံးဝါဒကွဲလျက်ရှိနေ၏။ ထိုသုံးဝါဒတို့တွင် စတုမုခသုဝဏ္ဏနာဝါ = မုခ်လေးခု (မျက်နှာလေးခု)ရှိသောရွှေလှေဟူသော တတိယဝါဒကို စက်လက္ခဏာတော်ကြီးကြပ်စိစစ်ရေးအဖွဲ့မှ သာ၍နှစ်သက်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ဘုရားဟောပါဠိတော်များနှင့် အဖွင့်အဋ္ဌကထာဋီကာကြီးတို့၌ စတုမုခသဒ္ဒါဗြဟ္မာကို ဟောသောနေရာဟူ၍ မရှိ။ ထို့ပြင် ပါဠိအဘိဓာန်၌ ဗြဟ္မာဟော ပရိယာယ်ပုဒ်များကို ဖော်ပြရာတွင်လည်း စတုမုခသဒ္ဒါ မပါဝင်ခဲ့။ စတုမုခ သဒ္ဒါဗြဟ္မာကို ဟောသည်ဆိုသော အယူအဆမှာ ဗုဒ္ဓသာသနိကကျမ်းဂန်ထွက် အယူအဆမဟုတ်။ ဗာဟိရသမယ = သာသနာတော်ပြင်ပ လောကီကျမ်းတို့မှလာသော အယူဝါဒသာဖြစ်သည်။ ထိုအကြောင်းကို အနည်းငယ်ရှင်းလင်းဖော်ပြပါအံ့။

ဗြဟ္မဏဝါဒီတို့က ဤကမ္ဘာလောကကြီးကို မဟာဗြဟ္မာကြီးက ဖန်ဆင်းထားပြီး ကမ္ဘာသူ၊ ကမ္ဘာသား သတ္တဝါများကိုလည်း မဟာဗြဟ္မာကြီးကပင် မွေးသည်ဟု ဆိုကြသည်။ သူတို့၏ အဆိုအရ မဟာဗြဟ္မာကြီး၌ အဖြူ၊ အနီ၊ အရွှေ၊ အညိုအားဖြင့် အဆင်းလေးပါးရှိသော ခံတွင်းပေါက်လေးပေါက် (ပါးစပ်ပေါက်လေးပေါက်)ရှိသည်။ ထိုခံတွင်းပေါက်လေးပေါက်တို့မှ အမျိုးလေးပါးကို မွေးဖွားခဲ့ရာ-

(၁) ဖြူသောအဆင်းရှိသော ခံတွင်းပေါက်မှ ဗြာဟ္မဏ = ပုဏ္ဏားမျိုးကိုမွေးဖွားသည်။

(၂) နီသောအဆင်းရှိသော ခံတွင်းပေါက်မှ ခတြ(ခတ္တိယ)မင်းမျိုးကို မွေးဖွားသည်။

(၃) ရွှေသောအဆင်းရှိသော ခံတွင်းပေါက်မှ ဗိဿျ (ဝဿ)သူဌေးမျိုးကို မွေးသည်။

(၄) ညိုသောအဆင်းရှိသော ခံတွင်းပေါက်မှ သုဒြ(သုဒ္ဒ) ဆင်းရဲသားမျိုးကို မွေးသည်။

ဤသို့ အမျိုးလေးပါးတို့ကို မွေးဖွားရာ ခံတွင်းပေါက်လေးခုရှိသောကြောင့် ဗြဟ္မာကို စတုမုခဟု ဆိုကြသည်။ ထိုအကြောင်းကို မဃဒေဝလင်္ကာသစ်ကျမ်းကြီး၌ မန်လည်ဆရာတော်ဘုရားကြီးက ဤသို့ ဖော်ထုတ်ရေးသားထားပါသည်။

"ထိုသို့ စဉ်လျှား ထွေထွေပြားသည့် ပုဏ္ဏားဟူဘိ ဇာတိ

နှယ်ရိုး အမျိုးဘာသာ ဓမ္မတာဖြင့် သိက္ခာလည်းတင် စလွယ်ဆင်နှင့် မဆင်သမူ နှစ်ဘို့စုပြီး။ စတုဝဏ္ဏ လေးပါးပြ၏။ ပြသည့်အရ ဗြာဟ္မဏဇာတ် မျိုးဥက္ကဋ္ဌဟု အမှတ်တစ်ခု ပညတ်ပြုရှင့်။ စတုမုခ ဗြဟ္မာခံတွင်း အဆင်းလေးပါးလေးထွေပြားတွင် ပုဏ္ဏားလေးမျိုး ဖြစ်ရိုးမတူ။ အဖြူ ဗြာဟ္မဏ၊ အနီမှကား ခတြိမည်ပေ။ အရွှေ ဗိသျှ၊ သုဒြမူ အညိုဟူငြား ခံတွင်းဖွားဟု မှတ်သားဝါဒစွဲကုန်ကြ၏''

ထိုမှတစ်ပါး အချို့သော ပုဏ္ဏားတို့ကမူကား ဗြာဟ္မဏ= ပုဏ္ဏားတို့သည် ဗြဟ္မာမင်း၏ ခံတွင်းမှ မွေးဖွားသည်။ ခတ္တိယ= မင်းတို့သည် ဗြဟ္မာမင်း၏ ချက်မှ မွေးဖွားသည်။ သုဒ္ဒ=ဆင်းရဲသား များသည် ဗြဟ္မာမင်း၏ ဒူးဆစ်မှ မွေးဖွားသည်။ သမဏ = ရဟန်းများ သည် ဗြဟ္မာမင်း၏ ခြေဖမိုးမှ မွေးဖွားသည်ဟူ၍လည်း ကြံကြံဖန် ဖန်ပြောဆိုကြ၏။ (သီလက္ခန်အဋ္ဌကထာ-၂၂၇)

ထိုစကားတို့သည် မဟုတ်မမှန် လုပ်ကြံဖန်တီးထားသော ပုဏ္ဏားတို့၏ လုပ်ဇာတ်သာဖြစ်ကြောင်းကို ဆက်လက်၍ မဃဒေဝ လင်္ကာသစ်ကျမ်းကြီး၌-

''ထိုမှတစ်ပါး မျိုးလေးပါးတွင် ပုဏ္ဏားတို့မှာ လူ့ရှာဖန်ဆင်း ဗြဟ္မာမင်း၏ ခံတွင်းကဖွား၊ မင်းကားလက်ရုံး မှတ်သုံးခေါ်ရေး၊ သူဌေးပေါင်က သုဒြတို့ ခြေမှဖြစ်ရိုး၊ ရဟန်းမျိုးကား ဖမိုးဖဝါးဗြဟ္မာ ဖွားဟု ယူမှားသမုတ် လူအစုတ်ကား မဟုတ်မရာ ဟောသည်သာ တည်း''ဟူ၍ မိန့်ဆိုတော်မူပါသည်။

ထို့ပြင် စတုမုခအရ ဗြဟ္မာကို မယူသင့်သောအကြောင်း တစ်ခုမှာ တရာ့ရှစ်ပါးသောလက္ခဏာများအနက် သောဠသဗြဟ္မလောကာဟူသော လက္ခဏာတို့၌ ဗြဟ္မာများကို ယူလတ့်ဖြစ်သောကြောင့် ဖြစ်သည်။ အကယ်၍ စတုမုခအရ ဗြဟ္မာကိုယူသော် အမျိုးတူလက္ခဏာများ နှစ်မျိုးထပ်လျက်နေမည်ဖြစ်ပါသည်။ မှန်၏။ မြန်မာစက်လက္ခဏာပုံတော်များ၌ သောဠသဗြဟ္မာလောကာအရ ဗြဟ္မာဘုံများကို ဖော်ပြကြသော်လည်း ခရစ်နှစ် (၁၂)ရာစုက ထုလုပ်ခဲ့သော ကမ္ဘောဒီးယားနိုင်ငံ အန်ကောဝပ်ကျောင်းတော်ကြီးမှ စက်လက္ခဏာပုံတော်၌ ဗြဟ္မာဘုံအစား ဗြဟ္မာပုံများကိုသာ ထုလုပ်ထားပါသည်။ ထိုအန်ကောဝပ်ပုံနှင့် ပုဂံပုံနှစ်မျိုးလုံး၌ စတုမုခအရ ဗြဟ္မာကိုမယူဘဲ သုဝဏ္ဏနာဝါပုဒ်နှင့်တွဲ၍ မုခ်ပြဿဒ်အထွတ်ရှိသော ရွှေလှေကိုသာ ယူကြသည်ကို တွေ့ရပါသည်။

မုခ = သဒ္ဒါသည် မျက်နှာနှင့်ခံတွင်း (ပါးစပ်)ဟူသော အနက်နှစ်ပါးကိုသာ ဟောသည်မဟုတ်။ နှုတ်သီး၊ အဝ၊ တံခါး၊ မုခ် အစရှိသောအနက်များကိုလည်း ဟောကြောင်း ပါဠိအဘိဓာန်၌ ဆိုသည်။

စတုသာလံ၊ စတုမ္မုခံဟူသော စရိယာပိဋကပါဠိတော် (၃၈၉)နှင့် စတုမ္မုခန္တိ စတူသုဒိသာသု စတူဟိဒွါရေဟိယုတ္တံဟူသော စရိယာပိဋကအဋ္ဌကထာ၊ ဘဂဝတော ကူဋာဂါရံစတုမုခံ အဟောသိ၊ ဟူသော ဥပရိပဏ္ဏာသ ပုဏ္ဏောဝါဒသုတ်အဋ္ဌကထာ (၂၃၈)အစရှိသော

ထိုထို ပါဠိတော် အဋ္ဌကထာ၊ ဋီကာတို့၌လည်း စတုမုခသဒ္ဒါသည် တံခါးပေါက်လေးခုရှိသောဇရပ်၊ မုခ်ထွက်လေးခုရှိသောယာဉ်၊ ပြသာဒ် အနက်များကို ဟောကြောင်းတွေ့ရသည်။ ထို့ကြောင့် စတုမုခနှင့် သုဝဏ္ဏ မှာဝါကို တွဲစပ်၍ မုခ်ထွက်လေးမုရှိသောရွှေလှေ၊ အရပ် လေးမျက်နှာမှ တံခါးပေါက်လေးပေါက်ရှိသောရွှေလှေ ဟူသော တတိယဝါဒကို နှစ်သက်ခြင်းဖြစ်ပါသည်။

ဤသို့ ဖော်ပြခဲ့သည့်အတိုင်း စက်လက်ရာတော်ကြီးကြပ် စိစစ်ရေးအဖွဲ့သည် ပုဂံခေတ်စက်လက်ရာပုံတော်ကို ကျမ်းဂန်များ နှင့်လည်းကောင်း၊ အခြားသော စက်လက်ရာမူများ၊ ပုံတော်များနှင့် လည်းကောင်း၊ တိုက်ဆိုင်ညှိနှိုင်းစိစစ်ပြီးလျှင် သားမြီးယပ်နှစ်ခုအနက် မှ တစ်ခုနှင့် ဆင်နှစ်စီးအနက်မှ တစ်စီးကိုနုတ်၍ ပတ္တမြားနှင့်သပိတ် ကို နှစ်ခုခွဲ၍ယူလျက် စက်လက်နက်လက်ရာကို အစားထိုးဖြည့်စွက် ပါသည်။ ကြွင်းသောလက်ရာများကို ပုဂံပုံတော်အတိုင်း လက်ခံ အတည်ပြုကြပါသည်။

## ခြောက်ထပ်ကြီးရွှေသာလျောင်းဘုရားကြီး စက်လက္ခဏာတော်များ

ခြောက်ထပ်ကြီးရွှေသာလျောင်းဘုရားကြီး ခြေဖဝါးတော်နှစ်ဖက်တို့၌ ထုလုပ်ရန် စက်လက္ခဏာတော်ကြီးကြပ်စိစစ်ရေးဆရာတော်များအဖွဲ့မှ ကျမ်းဂန်တို့နှင့် ညှိနှိုင်းစိစစ်အတည်ပြုထားသော စက်လက္ခဏာတော်များမှာ-

(၁) သတ္တိ = လှံမ
(၂) သီရိဝစ္ဆ = အိမ်မွန် (စုလစ်မွန်းချွန် အထွတ်တင်သောအိမ်)
(၃) နန္ဒိယာဝဋ္ဋ = ဇလပ်ပန်း
(၄) သောဝတ္တိက = လည်ရေးသုံးဆင့်
(၅) ဝဋံသက = ဦးဆောက်ပန်း
(၆) ဝဍ္ဍမာနက = ထမင်းပွဲ
(၇) ဘဒ္ဒပီဌ = ရွှေအင်းပျဉ် (ရွှေသလွန်)
(၈) အင်္ကုသ = ချွန်းတောင်း
(၉) ပါသာဒ = ပြာသာဒ်
(၁၀) တောရဏ = တံခါးတိုင် (တုရိဏ်တိုင်)
(၁၁) သေတစ္ဆတ္တ = ထီးဖြူ

## ၅၂ ဗုဒ္ဓ၏စက်လက္ခဏာတော်များ

| | | | |
|---|---|---|---|
| (၁၂) | ခဂ္ဂ | = | သန်လျက် |
| (၁၃) | တာလဝဏ္ဋ | = | ထန်းရွက်ယပ် |
| (၁၄) | မယူရဟတ္ထ | = | ဥဒေါင်းမြီးယပ် |
| (၁၅) | ဝါလဗီဇနီ | = | စာမရီသားမြီးယပ် |
| (၁၆) | ဥဏှီသ | = | သင်းကျစ် |
| (၁၇) | မဏိ | = | ပတ္တမြား |
| (၁၈) | ပတ္တ | = | သပိတ် |
| (၁၉) | သုမနဒါမ | = | မြတ်လေးပန်းဆိုင်း |
| (၂၀) | နီလုပ္ပလ | = | ကြာညို |
| (၂၁) | ရတ္တုပ္ပလ | = | ကြာနီ |
| (၂၂) | သေတုပ္ပလ | = | ကြာဖြူ |
| (၂၃) | ပဒုမ | = | ပဒုမ္မာကြာ |
| (၂၄) | ပုဏ္ဍရိက | = | ပုဏ္ဍရိက်ကြာ |
| (၂၅) | ပုဏ္ဏဃဋ | = | ရေပြည့်အိုး |
| (၂၆) | ပုဏ္ဏပါတိ | = | ရေပြည့်ဖလား |
| (၂၇) | သမုဒ္ဒ | = | သမုဒ္ဒရာ |
| (၂၈) | စက္ကဝါဠပဗ္ဗတ | = | စကြဝဠာတောင် |
| (၂၉) | ဟိမဝန္တပဗ္ဗတ | = | ဟိမဝန္တာတောင် |
| (၃၀) | သိနေရုပဗ္ဗတ | = | မြင့်မိုရ်တောင် |
| (၃၁) | သူရိယမဏ္ဍလ | = | နေဝန်း |

(၃၂) စန္ဒမဏ္ဍလ = လဝန်း

(၃၃) နက္ခတ္တာနိ = နက္ခတ်တာရာများ

(၃၄) ဇမ္ဗူဒီပ = ဇမ္ဗူဒိပ်ကျွန်း (တောင်ကျွန်း)

(၃၅) ပုဗ္ဗဝိဒေဟ = အရှေ့ကျွန်း

(၃၆) ဥတ္တရကုရု = မြောက်ကျွန်း

(၃၇) အပရဂေါယာန = အနောက်ကျွန်း

(၃၈) ဒွိပရိတ္တဒီပသဟဿာ = ကျွန်းငယ်နှစ်ထောင်

(၃၉) စက္ကဝတ္တိ = စကြဝတေးမင်း

(၄၀) သင်္ခ = လက်ျာရစ်ခရုသင်း

(၄၁) မဏ္ဍယုဂဠ = ငါးကြင်းအစုံ

(၄၂) စက္ကာဝုဓ = စက်လက်နက်

(၄၃-၄၉) သတ္တမဟာဂင်္ဂါ = သီဒါခုနှစ်တန်

(၅၀-၅၆) သတ္တကုလပဗ္ဗတာ = တောင်စဉ်ခုနှစ်ထပ်

(၅၇-၆၃) သတ္တမဟာသရာ = အိုင်ကြီးခုနစ်အိုင်

(၆၄) သုပဏ္ဏရာဇာ = ဂဠုန်မင်း

(၆၅) သံသုမာရ = မိကျောင်း

(၆၆) ဓဇပဋကာ = တံခွန်ကုက္ကား

(၆၇) ရတနပါဠင်္ကီ = ရတနာသံလျင်း

(၆၈) ကေလာသပဗ္ဗတ = ကေလာသငွေတောင်

(၆၉) သီဟရာဇာ = ခြင်္သေ့မင်း

 ဗုဒ္ဓဂေါစက်လက္ခဏာတော်များ

(၇၀) ဗျဂ္ဃရာဇာ = ကျားမင်း
(၇၁) ဝလာဟကအဿရာဇာ = ဝလာဟကမြင်းမင်း
(၇၂) ဥပေါသထ ဝါရဏရာဇာ= ဥပေါသထဆင်မင်း
(၇၃) ဝါသုကိနာဂရာဇာ = ဝါသုကိနဂါးမင်း
(၇၄) ဟံသရာဇာ = ဟင်္သာမင်း
(၇၅) ဥသဘရာဇာ = ဥသဘနွားမင်း
(၇၆) ဧရာဝဏဟတ္ထိရာဇာ = ဧရာဝဏ်ဆင်မင်း
(၇၇) သုဝဏ္ဏမကာရ = ရွှေမကာရ်း
(၇၈) စတုမုခ သုဝဏ္ဏနာဝါ = မုခ်ထွင့်လေးမုခ်ရှိသောရွှေလှေ
(၇၉) သဝစ္ဆကာဓေနု = နို့စို့နွားငယ်ရှိသောနွားမ။
(၈၀) ကိမ်ပုရိသော = ကိန္နရာဖို
(၈၁) ကိမ်နာရီ = ကိန္နရာမ
(၈၂) ကရဝီကော = ကရဝိက်ငှက်
(၈၃) မယူရရာဇာ = ဥဒေါင်းမင်း
(၈၄) ကောဉ္စရာဇာ = ကြိုးကြားမင်း
(၈၅) စက္ကဝါကရာဇာ = စက္ကဝတ်ငှက်မင်း
(၈၆) ဇီဝဉ္စိကရာဇာ = ဇီဝဇိုးငှက်မင်း
(၈၇-၉၂) ဆကာမာဝစရဒေဝလောကာ = ကာမာဝစရနတ်ပြည် (၆)ထပ်။
(၉၃-၁၀၈) သောဠသဗြဟ္မလောကာ = ရူပါဝစရဗြဟ္မာ (၁၆)ပြည်၊

ပေါင်းလက္ခဏာတော် (၁၀၈)ပါးဖြစ်၏။

ဤသို့ တစ်ရာ့ရှစ်ပါးသောစက်လက္ခဏာများကို စိစစ်ရေတွက်သောအခါ၌ အရှင်မဟာရဋ္ဌသာရ၏ စက်လက္ခဏာလင်္ကာနှင့် အနည်းငယ် နှစ်နေရာ သုံးနေရာလောက် ကွဲလွဲသွားပါသည်။ ထိုကွဲလွဲသောနေရာ၌ ပြုပြင်ပေးပါက အောက်ဖော်ပြပါအတိုင်း ဖြစ်လာပါသည်။

□

## ခြောက်ထပ်ကြီးရွှေသာလျောင်းဘုရားကြီး စက်လက္ခဏာတော်လင်္ကာ

အတိုင်းမသိ ကျေးဇူးရှိသည့် မုနိသကျဂေါတမ၏၊ ပါဒမြတ်ကျော် ဖဝါးတော်၌၊ ထွန်းပေါ်ကျစ်လစ် တစ်ရာ့ရှစ်ကို၊စိစစ်ကောင်းထွေ၊ လှည့်လည်ရေအံ့။ ချီထွေအစ လုံမ, အိမ်မွန်၊ မကျန်ပွင့်ချပ်၊ ဇလပ်ပြန့်မွေး၊ လည်ရေးသုံးဆင့်၊ လှတင့်ရွှန်းရွှန်း၊ ဦးဆောက်ပန်းက စသည်မကွဲ၊ ထမင်းပွဲတည်ဟန်၊ ရွှေသလွန်၊ ချွန်းတောင်း၊ ရောင်မောင်းပြာသာဒ်၊ အထွတ်မြင့်နိုင်၊ တံခါးတိုင်နှင့်၊ အပြိုင်ထီးဖြူ၊ အတူသန်လျက်၊ ထန်းရွက်ယပ်ကောင်း၊ ဥဒေါင်းမြီးချီ၊ စာမရီတဆစ်၊ သင်းကျစ်တပါး၊ ပတ္တမြားရောင်ဖိတ်၊ သပိတ်၊ ပန်းဆိုင်၊ တုနှိုင်းမရ၊ ပွင့်လှထွားထွား၊ ငါးပါးကြာမျိုး၊ ရေအိုး၊ ဖလား၊ ထူခြားသမုဒ္ဒရာ၊ စကြဝဠာသင်္ဘာန်၊ ဟိမဝန်၊ မြင့်မိုရ်၊ ထိုထိုနေ၊ လ၊ နက္ခတ်စသား၊ ဒီပလေးခု၊ ဇမ္ဗူဒီပါ၊ ပြုဗ္ဗာ၊ ဥတ္တရ၊ အပရဂေါယီ၊ တလီအံ့ဘွယ်၊ ကျွန်းငယ်နှစ်ထောင်၊ ဘုန်းခေါင်လျှံဝင်း၊ စကြာမင်းနှင့် ခရသင်းဖြူဆွတ်၊ ငါးကြင်းပွတ်၊ စကြာ၊ သီဒါခုနစ်တန်၊ သတ္တရဗ္ဘာန်မြှောင်၊ တောင်စဉ်ခုနစ်ထပ်၊ ကြပ်ကြပ်မြင့်နိုင်၊ ခုနစ်အိုင်တသုန်၊ ဂဠုန်တကြောင်း၊ မိကျောင်းရေသား၊ ကုက္ကားတံခွန်၊ မင်းတန်သံလျင်း၊ မကြွင်းတဖြာ၊ ကေလာပဗ္ဗတ၊ သီဟ၊ ကျား၊ မြင်း၊ ဆင်မင်းမြတ်စွာ၊ ဥပေါသထာယာဉ်မွန်၊

ဆဒ္ဒန်တူပြီ၊ ဗာသုကီ ဝမ်းဘဲ၊ မလွဲတူကွ၊ ဥသဘမကျန်၊ ဇရာဝဏ်၊ မကာရ်း၊ ထူးဆန်းလှပေ၊ မုခ်လေးထွေနှင့် ရွှေလှေတစ်စီး၊ ထိုပြီးနောက်ကား၊ နွားသားမိစစ်၊ အဖြစ်များစွာ၊ ကိန္နရာ၊ ကိန္နရီ၊ တူပြီကရဝိတ်၊ ဖိတ်ဖိတ်မောင်းမောင်း၊ ဥဒေါင်း၊ ကြိုးကြာ၊ သံသာစက္ကဝါက်၊ ငှက်၏အမျိုး၊ ဇီဝဇိုးအစုံ၊ ခြောက်ဘုံနတ်ရွာ၊ ဆကာမာနှင့်၊ ဗြဟ္မာနတ်ရပ်ဆယ့်ခြောက်ထပ်က၊ စေ့စပ်မကြွင်း၊ ခပင်းများစွာ၊ ရံစကာနှင့်၊ စကြာခြေမွန်၊ တင့်တယ်ဟန်ကို၊ ထက်ခွန်မိုးဖျား၊ သိကြား၊ ဗြဟ္မာ၊ ရေးထုလာလည်း၊ ဘယ်မှာတမျှ၊ အတူရချိမ့်၊ အသမသမာ၊ သုံးလူ့ချာ၏၊ ရတနာထွန်းဝင်း၊ ညီရှင်းစင်သန့်၊ အကန့်တစ်ထောင်၊ ရွှေရောင်ချယ်ကာ၊ သန္တာအကွပ်၊ ထိန်လျှပ်မြကောင်း၊ ပုံတောင်းပြိုးပြက်၊ ခြေတော်စက်ကို၊ စုံမက်မြတ်နိုး၊ ရှိလျှင်ခိုးသည်၊ ကောင်းကျိုးလျှင်ဆောပြည့်စေသော်။

။

## ၅၈ ဗုဒ္ဓ၏စက်လက္ခဏာတော်များ

### အန်ကောဝပ်စက်လက္ခဏာပုံတော်

ဗုဒ္ဓ၏ စက်လက္ခဏာတော်များစာအုပ်ကို ပထမအကြိမ် ပုံနှိပ်ထုတ်ဝေပြီးနောက် သတင်းစာဆရာ စာရေးဆရာကြီး ဦးချစ်သိမ်း ထံမှ ကမ္ဘောဒီးယားနိုင်ငံ အန်ကာမြို့တော်ဟောင်းရှိ အန်ကောဝပ် ကျောင်းတော်ကြီး၌ ထုလုပ်ပူဇော်ထားသော စက်လက္ခဏာပုံတော် တစ်ဆူကို ရရှိသည်။ ၎င်းပုံတော်ကို ကုလသမဂ္ဂယူနက်စကိုအဖွဲ့မှ ထုတ်ဝေသော "ကူးရီးယား" စာစောင် ၁၉၅၆ ခု၊ ဩဂုတ်လထုတ် (အတွဲ-၉၊ အမှတ်-၂)၌ ဖော်ပြထားပါသည်။ ထိုစာစောင်၌ ဖော်ပြချက်အရ သိရသည်မှာ ဤစက်လက္ခဏာပုံတော်ကို ခရစ်နှစ် ၁၂ရာစု နှစ်များအတွင်း သတ္တမမြောက် ဇယျဝါရမာန်မင်းလက်ထက်တွင် ထုလုပ်ပူဇော်ခဲ့သည်ဟု ဆိုပါသည်။

ထိုအန်ကောဝပ်ပုံတော်သည် ပုဂံပုံတော်များနှင့် ထုလုပ်ပုံချင်း ဆင်ဆင်တူသည်။ ထူးခြားသည်မှာ-

(၁) ပုဂံပုံတော်၌ နတ်ပြည်ခြောက်ထပ်နှင့် ဗြဟ္မာတစ်ဆယ့်ခြောက်ဘုံကို ဗိမာန်ပုံများထုလုပ်သော်လည်း အန်ကောဝပ်ပုံတော်၌ နတ်ဗြဟ္မာပုံများကို ထုလုပ်ထားသည်။

(၂) ပုဂံပုံတော်၌ လုံမ၊ အိမ်မွန်အစရှိသော လက္ခဏာများကို အစဉ်အတိုင်း လက်ျာရစ်လှည့်လည်ရေတွက်၍ အန်ကောဝပ်

ပုံတော်၌ နတ်ပြဟ္မာပုံများကို ခြေဖဝါးအထက်ပိုင်း ခြေဖျား ဖက်မှထား၍၊ အိုင်ကြီး ခုနစ်အိုင်၊ တောင်စဉ်ခုနစ်ထပ်နှင့် သီဒါခုနှစ်တန်၊ သမုဒ္ဒရာတို့ကို အောက်ပိုင်း ဖနောင့်ဖက်၌ ထားသည်။

*(သုတေသီများ လေ့လာနိုင်ရန် ၄င်းပုံတော်ကို ဖော်ပြလိုက်ပါသည်)

## စက်လက္ခဏာတော်သည် ဖြစ်တော်ပေါင်းမဟုတ်

တစ်ရာ့ရှစ်ကွက်သော စက်လက္ခဏာတော်များကို မြတ်စွာဘုရား၏ ဖြစ်တော်ပေါင်းဟု တချို့က မှတ်ထင်နေကြသည်။လက္ခဏာတစ်ရာ့ရှစ်ပါးတို့တွင် ဆင်၊ မြင်း၊ ခြင်္သေ့၊ ကျား၊ ဟင်္သာ၊ ဥဒေါင်း အစရှိသောသတ္တဝါများသည် မြတ်စွာဘုရားဖြစ်တော်မူခဲ့သော ဘဝများဟုဆိုက သင့်လျော်ပါ၏။ သန်လျက်၊ လှံ၊ ယပ်၊ တောင်၊ ရေအိုင်၊ သမုဒ္ဒရာစသော သက်မဲ့ဝတ္ထုများက ဘယ်လိုအဓိပ္ပာယ်ဖြင့် ဖြစ်တော်ပေါင်းထဲ ပါဝင်နေပါသနည်းဟုလည်း မေးမြန်းတတ်ကြပါသည်။ စက်လက္ခဏာတော်များသည် ဖြစ်တော်ပေါင်းမဟုတ်။ သဗ္ဗညု မြတ်စွာဘုရားပါရမီ ဖြည့်တော်မူစဉ် အလောင်းတော်ဘဝက-

(၁) သတ္တဝါများ ချမ်းသာအောင် ဆောင်ရွက်ခဲ့ခြင်း၊

(၂) ကြောက်ရွံ့ထိတ်လန့်နေသူများ ကြောက်ရွံ့ထိတ်လန့်ခြင်းကင်းအောင် ကူညီဆောင်ရွက်ပေးခြင်း၊

(၃) အခြံအရံနှင့်တကွဖြစ်သော လှူဖွယ်ဝတ္ထုများကို ဖွယ်ဖွယ်ရာရာ ပြည့်ပြည့်စုံစုံ အလုံအလောက်လှူဒါန်းခဲ့ခြင်းအစရှိသော ကုသိုလ်ကောင်းမှုများကို ဘဝပေါင်းများစွာ ဆည်းပူးအားထုတ်ခဲ့သောကြောင့် စကြဝတေးမင်းနှင့်တကွ ၄င်း၏အသုံးအဆောင်များ၊ အခြွေအရံများနှင့် စကြဝဠာ၏ ပဓာနကျ၍ထင်ရှားသောဝတ္ထုများ

သည် ခြေဖဝါးတော်အပြင်၌ စကြာရတနာကိုတန်ဆာဆင်လျက် ပေါ်လွင်နေကြသည်ဟု ကျမ်းဂန်တို့၌ ဆိုပါသည်။ ဤစက် လက္ခဏာတို့နှင့် ပြည့်စုံခြင်းကြောင့် တပည့်သံဃာ ဒါယကာ-ဒါယိကာမတို့မှစ၍ အခြွေအရံပရိသတ်များခြင်း အစရှိသော အကျိုးထူးများကို ရရှိတော်မူ၏။

## ဆောင်ပုဒ်

သူ့ချမ်းသာဆောင်၊ မကြောက်အောင်ရွယ်၊ စောင့်ရှောက် ကယ်၍၊ ဖွယ်ရာခြံရံ၊ လှူဒါန်ကြောင့် ဝန်းရံပတ်လျက်၊ ရာရှစ်ကွက် ဖြင့် မြချက်ပုံတောင်း၊ အကွက်ဆောင်း၍ ထောင်ပေါင်းအကန့် ရှင်း သန့်ပြတ်သား ခြေတော်ဖဝါး၌ ကြီးမားတေဇော် စက်တော်ရတနာ၊ လက္ခဏာဖြင့်၊ မကွာခစား၊ ထံတော်ပါးဝယ်၊ များသောအခြံအရံ ရှိတော်မူသော မြတ်စွာဘုရား၊ မြတ်စွာဘုရား။

□

## ဒုဋ္ဌဂါမဏိမင်းကြီးအား ရဟန္တာအရှင်မြတ်တို့က ပေးသနားသော အန္တရာယ်ကင်း ဂါထာများ

စက်လက္ခဏာတော်များသည် ဖြစ်တော်ပေါင်းမဟုတ်ကြောင်းကိုဆိုပြီးနောက် ဖြစ်တော်ပေါင်းဟု အသိများနေကြသော ဂါထာများကိုလည်း ဖော်ပြလိုပါသေးသည်။ သို့မှသာ ဖြစ်တော်ပေါင်းနှင့် စက်လက္ခဏာများ တခြားစီဖြစ်ကြောင်းပို၍ ရှင်းသွားပါလိမ့်မည်။

ဤဂါထာများကို ဖြစ်တော်ပေါင်းဂါထာများဟု ဆိုကြသော်လည်း အမှန်မှာ ဘုရားအလောင်းတော်နစဉ်ကာလ ပါရမီဖြည့်စဉ်က အန္တရာယ်မရှိ။ ဘေးမထိဘဲ ပါရမီဖြည့်ခဲ့ရသောဘဝ၊ တစ်စိတ်တစ်ဒေသကို ထုတ်နုတ်၍ ဂါထာသီကုံးပြီး အန္တရာယ်ကင်းရှင်းစေရန် ဒုဋ္ဌဂါမဏိမင်းကြီးအား ရဟန္တာအရှင်မြတ်တို့က ချီးမြှင့်ပေးသနားသော အန္တရာယ်ကင်းဂါထာများ ဖြစ်ကြသည်။ ဤဂါထာများကို ရွတ်ဖတ်သောကြောင့် မင်းကြီးသည် တော်လှန်ပုန်ကန်သူ သူပုန်များကို အောင်မြင်ပြီး ထီးနန်းစည်းစိမ်ကို ပြန်လည်ရရှိခဲ့ကြောင်း သိရ၏။

## အရှင်ခေမိန္ဒသာမိ (၆၃)

၁။ သောင္ဂသ ပဌမံကောဋ္ဌံ၊ နဝံ ဟံသ တထေဝစ၊
ပါရေဝတာ ဆကဋ္ဌေဝ၊ တြိယောစ သုကာနိစ။

၂။ ပဉ္စ ကရဝိကဋ္ဌေဝ၊ စတုကိန္နရာမေဝစ
ပဉ္စဒသ စာမရီစ၊ ဒသ မက္ကဋာမေဝစ။

၃။ ကောဒသစ ဟတ္ထီစ၊ စတုဒ္ဒသစ ဥသဘာ
ကောသိန္ဓဝကဋ္ဌေဝ၊ မဟိံသာအဿမေဝစ

၄။ မယူရာစ ဒွိကဋ္ဌေဝ၊ သာလိကာ သတ္တမေဝစ
ဒွါဒသ ကုက္ကုဋ္ဌေဝယျံ၊ တြိယောဒသစ သူကရာ။

၅။ ဆတ္တိံသ သတစာတာနိ၊ မုဋ္ဌော မာရိကာ မေဝစ၊
တထေဝါပဟံ သုခံပဋ္ဌော၊ မုဋ္ဌော မာရိကာမေဝစ၊
သဗ္ဗအန္တရာယော ဝိနဿန္တု။

## အထက်ပါ ဂါထာတို့၏
## မြန်မာပြန်အန္တရာယ်ကင်းလင်္ကာ

အစကြိုးကြာ၊ ဆယ့်ခြောက်ခါနှင့်၊ ဟင်္သာကိုးဖြစ်၊ ခြောက်ဖြစ်ကားခို။ ကျေးညီသုံးခါ၊ သံသာကြူးကျိတ်၊ ကရဝိက်ငါး၊ လေးကားကိန္နရီ၊ စာမရီတစ်ဆယ့်ငါး၊ မျောက်ကားတစ်ဆယ်၊ ဆင်ဝယ်ဆယ့်တစ်၊ နွားဖြစ်တစ်ဆယ့်လေး၊ ဇစ်ကေးသိန္ဓဝ၊ ကျွဲအဋ္ဌနှင့်၊ သံမြသံညောင်း၊ ဥဒေါင်းနှစ်ခါ၊ သာလိကာသတ္တ၊ ဒွါဒသကြက်၊ ဝက်တစ်ဆယ့်သုံး၊ ပေါင်းရုံးများစွာ၊ တစ်ရာ့သုံးဆယ်၊ ခြောက်ဖြစ်ဝယ်တွင်၊ အန္တရာယ်စွမ်းငြိ၊ ဘေးမရှိသည့်၊ မုနိလောင်းလျာ၊ ဇာတသတ္တာကို၊ အဟံ အကျွန်ုပ်သည် ဝန္ဒေဝန္ဒာမိ-ရိုသေမြတ်နိုးလက်စုံမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

တစ်ရာ့ရှစ်ပါးသော စက်လက္ခဏာတော်များကို ရွေးချယ်စိစစ်၍ အတည်ပြုပြီးနောက် ထိုလက္ခဏာတော်များအထဲမှ ထင်ရှားသိသာသော လက္ခဏာအချို့ကို ချန်လှပ်၍ သိမှတ်ဖွယ်ကောင်းသော ထူးခြားသည့်လက္ခဏာများကို တစ်ခုချင်းထပ်မံ၍ စိစစ်သုံးသပ်ရန် လိုပါသေးသည်။ ထိုသို့ စိစစ်သုံးသပ်မှသာ လက္ခဏာများ ပီပီပြင်ပြင်ပေါ်လွင်ပြီး အရုပ်ထုလုပ်ရန် လွယ်ကူမည့်အပြင် လေ့လာမှတ်သားလိုသူများအတွက်လည်း ဗဟုသုတဖြစ်စေနိုင်ပါမည်။ ထို့ကြောင့် စိစစ်သုံးသပ်ရန်လိုအပ်သော လက္ခဏာအချို့ကို စိစစ်သုံးသပ်ပါဦးမည်။

## ၁။ သိရိဝစ္ဆ = အိမ်မွန်

သိရိဝစ္ဆကို = အိမ်မွန် (စုလစ်မွန်းချွန်အထွတ်တင်သောအိမ်) ဟု မြန်မာပြန်ကြသည်။ သုတ်မဟာဝါဋီကာ၌ သိရိဝစ္ဆောတိ သိရိအင်္ဂါ = သိရိဝစ္ဆဟူသည် ကျက်သရေရှိသော အင်္ဂါအစိတ်အပိုင်းဟု ဖွင့်သည်။ မဇ္ဈိမ ပဏ္ဏာသဋီကာ၌ သိရိဝစ္ဆောတိသိရိမုခံ = ကျက်သရေရှိသော မုခ်ဟုဖွင့်သည်။ ဋီကာ နှစ်စောင်အဖွင့်မတူ။

ပင်းယခေတ် အဘိဓာန်ဋီကာ ကျမ်းပြုစတုရင်္ဂဗလအမတ်ကြီး ရေးသားသော စက်လက္ခဏာပါဠိဂါထာများကို ကျော်အောင်စံထားဆရာတော်ဘုရားကြီးက အနက်မြန်မာပြန်ဆိုခဲ့သည်။ ၄င်းနိဿျပေမူ၌၊ ဆရာတော်က သိရိဝစ္ဆကို ဤသို့ ဆုံးဖြတ်သည်-

သိရိဝစ္ဆောတိ သိရီအဂါရံဟု ဋီကာဖွင့်ရကား မန္ဒိရံ သဒနာဂါရံစသည်ဖြင့် အဘိဓာန်၌ အဂါရသဒ္ဒါအိမ်ဟောသည်နှင့်အညီ အိမ်မွန်ဟူ၍ အနက်ပြန်သည်။ ယင်းဋီကာလည်း အချို့ပေမူ၌ သိရိအဂါဟု ရှိသည်။ အဂါသဒ္ဒါအိမ်၏ အဆောက်အဦကို ဟောသည်။ ထို့ကြောင့် အဘိဓာန်ဋီကာ၌ နဂစ္ဆန္တီတိအဂါ၊ သမ္ဘာရာဒယော ဟုဖွင့်သည်။ စက်တော်ပုံတွင်လည်း အချို့စက်တော်ပုံ၌ အိမ်၏အဆောက်အဦ အမွန်းတန်ဆာပုံသာ အရေးရှိသည်။ အချို့စက်တော်ပုံ၌ကား အိမ်ပုံပင် အရေးရှိသည်။ ဋီကာပါဠိနှစ်မျိုးရှိရကား အိမ်၏အဆောက်အဦချည်း

ဖြစ်၍ သင့်မြတ်ရာတော့သည်။ အချို့ဋီကာ၌ င သံယုတ် (သေတ်)နှင့် အင်္ဂါဟု ရှိသည်ကား ဆင်ခြင်ဟူ၍ ဆုံးဖြတ်တော်မူသည်။

ဆရာတော်၏စကားကို အကျဉ်းချုံး၍ဖော်ပြရသော် ဋီကာ ပါဠိများနှစ်မျိုးနှစ်စား ကွဲပြားခြားသော်လည်း နှစ်မျိုးလုံးပင် အိမ်နှင့် အိမ်၏အစိတ်အပိုင်း အဆောက်အဦ ဟောချည်းဖြစ်၍ သင့်မြတ်သည်။ သီရိအင်္ဂါရုံဟု ငသံယုတ်နှင့်ရှိသော ဋီကာပါဠိကား မသင့်ဟု ဆိုလို ပါသည်။

ထို့ကြောင့် ယခုလက်ရှိ ဆဋ္ဌမူ မဟာဝဂ္ဂမဟာပဒါနသုတ် ဋီကာ၌ သီရိဝဍ္ဎောတိ သီရိအင်္ဂါရုံဟု ရှိသည်ကား (ပမာဒလေခ)ဟု မှတ်ရပါမည်။ ဆဋ္ဌမူ မဇ္ဈိမပဏ္ဏာသ ဗြဟ္မာယုသုတ်ဋီကာ၌ သီရိဝဍ္ဎော တိ သိရီမုခံဟု ဖွင့်ခြင်းသည်ကား ကျက်သရေရှိသောမုခ်ဟု အနက် ထွက်သောကြောင့် အိမ်၏အစိတ်အပိုင်းဟုပင် အဓိပ္ပာယ်ရသဖြင့် သင့်မြတ်သည်ဟု ဆိုနိုင်ပါသည်။

□

## ၂။ နန္ဒိယာဝဋ္ဋ
## ဇလပ်ပန်းသဏ္ဍာန်ပြုလုပ်အပ်သော မင်းခမ်းတော်

နန္ဒိယာဝဋ္ဋကို ဇလပ်ပန်းဟု ရှေးက အနက်မြန်မာပြန်ဆိုကြသည်။ ပုဂံစက်လက္ခဏာပုံတော်၌လည်း ပန်းပွင့်ကိုပင် တွေ့ရ၏။ အဂ္ဂမဟာပဏ္ဍိတ ပခုက္ကူဆရာတော် ဘဒ္ဒန္တနန္ဒဝံသ မထေရ်ကမူကား လက်ျာရစ်လည်သော ဇလပ်ပန်းသဏ္ဍာန် ပြုလုပ်အပ်သော ကလာပ်ဟု အနက်ပြန်သည်။ အသောကမင်းတရားကြီးသည် သီဟိုဠ်ကျွန်းမှ အကြည်တော်ဖြစ်သူ ဒေဝါနံပိယတိဿမင်းထံသို့ အဘိသိက်ခံယူရန်အတွက် မင်းမြောက်တန်ဆာငါးပါးနှင့်တကွ များစွာသောလက်ဆောင်ပဏ္ဏာတော်များကို ပေးပို့ကြောင်း ပါရာဇိကဏ်အဋ္ဌကထာ တတိယသံဂါယနာခဏ်း၌ ဆိုသည်။ ထိုပဏ္ဏာတော်များစာရင်းတွင် ဝဍ္ဎမာန၊ ဝဋံသက၊ နန္ဒိယာဝဋ္ဋတို့လည်း ပါဝင်သည်။ ၎င်းတို့ကို ဋီကာတို့က ဖွင့်ကြရာ၌ သာရတ္ထဋီကာကမူ-

**နန္ဒိယာဝဋ္ဋန္တိ ကာကပဒသဏ္ဌာနာ မင်္ဂလဝတ္ထုကထာ**
**သုဝဏ္ဏဘာဇနေ ဝိကတိ။**

ဟု ဖွင့်သည်။

အနက်ကား- နန္ဒိယာဝဋ္ဋန္တိ နန္ဒိယာဝဋ္ဋဟူသည်၊ ကာကပဒသဏ္ဌာနာ ကျီးခြေသဏ္ဌာန်ရှိသော၊ မင်္ဂလဝတ္ထု မင်္ဂလာအကျိုးငှာ၊ ကတာ

ပြုလုပ်အပ်သော၊ သုဝတ္ထာဘာဇနဝိကတိ ရွှေခွက်အထူးတည်း။

နန္ဒိယာဝဋ္ဋကို ကျီးခြေသဏ္ဌာန် မင်္ဂလာအကျိုးငှာပြုလုပ်အပ်သော ရွှေခွက်အထူးဟု သာရတ္ထဋီကာ ဆိုသည်။ ဝိမတိဋီကာကမူ-

**နန္ဒိယာဝဋ္ဋန္တိ နန္ဒိယာဝဋ္ဋပုပ္ဖါကာရေန မင်္ဂလတ္ထံ**

**သုဝဏ္ဏေန ကတံ။**

ဟု ဖွင့်သည်။

အနက်ကား - နန္ဒိယာဝဋ္ဋန္တိ နန္ဒိယာဝဋ္ဋဟူသည်၊ နန္ဒိယာဝဋ္ဋပုပ္ဖါကာရေန လက်ျာရစ်လည်သော ဇလပ်ပန်းသဏ္ဌာန်ဖြင့်၊ မင်္ဂလတ္ထံ မင်္ဂလာအကျိုးငှာ၊ သုဝဏ္ဏေန ရွှေဖြင့်၊ ကတံ ပြုလုပ်အပ်သော မင်းခမ်းတော်အထူးတည်း။

ဝိမတိဋီကာကလည်း သာရတ္ထဋီကာနည်းတူပင် နန္ဒိယာဝဋ္ဋ ဆိုသည်မှာ လက်ျာရစ်လည်သော ဇလပ်ပန်းသဏ္ဌာန်ဖြင့် မင်္ဂလာအကျိုးငှာ ပြုလုပ်အပ်သော မင်းခမ်းတော်ဟုပင် ဖွင့်သည်။

မောင်းထောင်သာသနာပိုင် ဆရာတော်ကလည်း ဤဋီကာ နှစ်စောင်ကိုပင် ကိုးကား၍ အမေးတော်အဖြေကျမ်းကြီး၌ ဘိုးတော်ဘုရား၏အမေးကို အောက်ပါအတိုင်း ဖြေတော်မူခဲ့သည်။

"ဋီကာတို့၌ ကျီးခြေသဏ္ဌာန်၊ ဇလပ်ပန်းသဏ္ဌာန်ဟုဆိုခြင်းသည် ဥပမာကွဲပြားသော်လည်း သဘောထားကွဲပြားသည်မဟုတ်။ အောက်မှ အမြင့်နှင့်တကွ ကျီးခြေ၊ ဇလပ်ပန်းချပ်သဏ္ဌာန် ငါးခုတန်သည်၊ ခြောက်ခုတန်သည်၊ ခုနစ်ခု ရှစ်ခုတန်သည်၊ ကိုးခုတန်သည်

အခက်အတန် အသက်ပုံ့ပုံ့ညွတ်စေလျက် ထပ်၍စင်းချောဖြစ်စေ၊ ခြူးပန်းခြူးနွယ် အပြောက်အခြယ်နှင့်ဖြစ်စေ လုပ်ဆောင်ရမည်ကို သိသာတော့သည်။ ၎င်းမင်းခမ်းတော်ကိုလည်း ကွမ်းခွက်တော် ရေတော် စသည်တင်၍ အခန့်သင့်ရာ သုံးဆောင်ခင်းကျင်းသင့်သည်။ ယခုကာလ မင်းခမ်းတော်များတွင်လည်း ကလာပ်ခြေမြင့်ကဲ့သို့ လုပ်သော အတင်တော်ဟူ၍ ရှိသည်။ ၎င်းအတင်တော်သည် ဤ နန္ဒိယာဝဋ္ဋမင်းခမ်းတော်ကို ရည်၍လုပ်ဆောင်သည့် မင်းခမ်းတော် ဖြစ်မည်။ ကာလရှည်လျား၍သော ကျိုးခြေ၊ ဇလပ်ပန်းချပ်သဏ္ဌာန် မလုပ်မဆောင် ရှိမည်ထင်သည်"

(ဤကား မောင်းထောင်သာသနာပိုင် ဆရာတော်၏ အဆုံးအဖြတ် တည်း)

ဋီကာဆရာတို့၏ ဖွင့်ဆိုခြင်းသည်လည်းကောင်း၊ မောင်းထောင်ဆရာတော်၏ အယူအဆအဆုံးအဖြတ်သည်လည်းကောင်း စက်လက္ခဏာများသည် စကြဝတေးမင်း၏ အသုံးအဆောင်ပစ္စည်းများနှင့် အခြံအရံများသာဖြစ်ကြသည်ဆိုသော အဋ္ဌကထာနှင့် ညီညွတ်သောကြောင့် သင့်မြတ်ပါပေသည်။ ထို့ကြောင့် စက်လက္ခဏာထုလုပ်ရာ၌ ဇလပ်ပန်းသဏ္ဌာန်ရှိသော ကွမ်းခွက်တင် ကလာပ်ပုံကို ပြုလုပ်စေပါသည်။

## ၃။ သောဝတ္ထိက = လည်ရေးသုံးဆင့်

သောဝတ္ထိက = လည်ရေးသုံးဆင့်ဟု စက်လက္ခဏာတော်မှု အားလုံး၌ အနက်ပြန်ဆိုကြသည်။ ပုဂံစက်လက္ခဏာပုံ၌လည်း အရစ်သုံးခုပါသောပုံကိုပင် တွေ့ရ၏။ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနန္ဒဝံသ ဆရာတော်ကမူ လည်ရေးသုံးရစ်ရှိသော အသုံးအဆောင်ပစ္စည်းဟု အနက်ပြန်သည်။ ရှေ့နောက်လက္ခဏာများကိုထောက်သော် နန္ဒိယာဝဋ္ဋ လက္ခဏာကဲ့သို့ပင် မင်းခမ်းမင်းနားအသုံးအဆောင်ပစ္စည်းတစ်ခုသာ ဖြစ်ဖွယ်ရာရှိပါသည်။ သို့သော် အသောကမင်းတရားကြီးပေးပို့သော လက်ဆောင်တော်များစာရင်း၌ သောဝတ္ထိက မပါ။ သုတ်မဟာဝါဋ္ဋီကာ၌ သောဝတ္ထိကောတိ သောဝတ္ထိအင်္ဂါဟူ၍သာ ဖွင့်၏။ အခြားသောနေရာတို့၌ကား သောဝတ္ထိသဒ္ဒါသည် မြွေ၊ နဂါးတို့၏ လည်ပင်းမှ အရစ်သုံးရစ်ကိုဟောသည်များကို တွေ့ရ၏။

**နာဂန္တိ သုမနပုပ္ဖကလာပသဒိသံ တိဝိဓ**

**သောဝတ္ထိက ပရိက္ခိတ္တ္ထံ အဟိနာဂံ အဒ္ဒသ။**

(မူလပဏ္ဏာသ ဝမ္မိကသုတ်-၄-၃၄)

နာဂန္တိ နာဂံဟူသည်ကား၊ သုမနပုပ္ဖကလာပသဒိသံ မြတ်လေးပန်းစည်းနှင့်တူသော၊ တိဝိဓသောဝတ္ထိက ပရိက္ခိတ္တံ သုံးခုသော လည်ရေးတို့ဖြင့်ကာရံအပ်သော၊ အဟိနာဂံ မြွေနဂါးကို၊ အဒ္ဒသ

တွေ့မြင်ရပြီ။

ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ဒုတိယတွဲ ပဋိသင်္ခါနုပဿနာဉာဏ ဒဿနကထာ၌ ယောဂီပုဂ္ဂိုလ်သည် သင်္ခါရတရားတို့၌ အနိစ္စ၊ ဒုက္ခ၊ အနတ္တအားဖြင့် လက္ခဏာရေးသုံးပါးထင်ပုံကို ပြရာမှာလည်း မြွေဟောက်၏ လည်ရေးသုံးဆင့်ဖြင့် နှိုင်းယှဉ်၍ ပြထား၏။ ထိုသို့ ပြရာ၌ သောဝတ္ထိကတ္တယ ဒဿနေန = လည်ရေးသုံးဆင့်ကို မြင်သဖြင့်၊ သပ္ပေါတိ မြွေဟူ၍၊ သန္နိဋ္ဌာနံ့ဂတော သိ၍ဟု၊ သောဝတ္ထိကကို လည်ရေးသုံးဆင့်ဟူ၍ပင် ပြည်ဆရာတော်ဘုရားကြီး အနက်ပြန်သည်။

ဤ ဝိသုဒ္ဓိမဂ် အဋ္ဌကထာကိုပင် မှီး၍ပါရမီခန်းပျို့၌လည်း-

"ဆယ်လံအစောက်ရေထဲအောက်သို့ ထုတ်ချောက်စုတ်စုတ် စုံးစုံးငုတ်၍၊ ခမ်းစုတ်သရော် သူဖော်စိမ်းစား၊ တံငါသားလျှင် လည်ကြားသုံးရစ် မည်းချစ်ရင်ပျောက်၊ ရေမြွေဟောက်ကို လန့်ကြောက်မရှိ ငါးဟုမိ၍ စသည်ဖြင့်စပ်ဆိုရာ၌ သောဝတ္ထိကပုဒ်ကို လည်ရေးသုံးရစ်ဟူ၍ပင် အရှင်မဟာသီလဝံသဆရာတော် စပ်ဆိုသည်။ ဤသို့ ဆရာတော်အသီးသီးတို့က လည်ရေးသုံးဆင့်ချည်းသာ မြန်မာပြန်ခဲ့ကြသောကြောင့် ပုဂံပုံတော်အတိုင်း လည်ရေးသုံးဆင့်ပုံကို ထုလုပ်ပါသည်။

ဤလက္ခဏာ၌ အချို့က သောဝတ္ထိက မဟုတ်။ သောတ္ထိက ဟု ဆိုကြသည်။ ထိုသောတ္ထိကသဒ္ဒါသည် (သု+အတ္ထိ+က)ချမ်းသာမှုရှိသောအရာဟု အနက်ရသည်ဖြစ်၍ ချမ်းသာခြင်းအမှတ်အသား

သင်္ကေတအနေအားဖြင့် စကြာပုံကို ပြုလုပ်သည်ဟုဆိုသည်။ အေဒီ နှစ်ရာစုနှစ်တွင် အိန္ဒိယအလယ်ပိုင်း အန္ဒရဒေသ၊ အမရဝတီအရပ်၌ ထုံးကျောက်ဖြင့် ထုလုပ်ထားသော ခြေတော်ရာမှ ဟစ်တလာ၏ နာဇီပါတီ အထိမ်းအမှတ်စကြာနှင့်တူသော စကြာပုံကို သောတ္ထိကပုံ ဟု ကြံ့ကြံ့ဖန်ဖန်ဆိုကြသည်။ ထိုသို့ဆိုကြစေကာမူ သောဝတ္ထိကသဒ္ဒါ နှင့် သောတ္ထိကသဒ္ဒါတို့မှာ တစ်သီးတခြားစီဖြစ်၍ အနက်အဓိပ္ပာယ် ချင်းလည်း မတူနိုင်ပါ။ ကျမ်းဂန်အသီးသီးတို့၌ သောတ္ထိကဟု မရှိ။ သောဝတ္ထိကဟုသာ ရှိသည်။

## ၄။ ဝင်္ဂသက = ဦးဆောက်ပန်း

ဝင်္ဂသကကို ဦးဆောက်ပန်းဟု စက်လက္ခဏာတော်မှူးအား လုံးကပင် တညီတညွတ်တည်းဆိုကြသည်။ မောင်းတောင်ဆရာတော် နှင့် အဘိဓာန် နိသျကျမ်းပြု အဘယာရာမဆရာတော်တို့က (ဦး၌ပိပ် ၌ ပန်ဆင်အပ်သောပန်း)ဟု မှာတော်မူကြသည်။ ရာဇပလ္လင်ဥကင်၏ လက်ျာလက်ဝဲမှ ခြုံးနွယ်အလယ်၌ တစ်ပင်တစ်ခက်တွင် တစ်ပွင့်စီ သာကြဲလျက်ပါသောပန်းကိုလည်း ဦးဆောက်ပန်းဟူ၍ ခေါ်ကြောင်း ဖြင့် ရွှေဘုံနိဒါန်းကျမ်း၌ ဆိုသည်။

သာရတ္ထဒီပနီဋီကာ ဆရာကမူကား တစ်မျိုးတစ်ဘာသာအား ဖြင့် ဖွင့်ပြသည်။

**ဝင်္ဂသကန္တိ ကဏ္ဍပိဠန္ဓန ဝင်္ဂသကန္တိ ဝုတ္တံဟောတိ။**
**ဝင်္ဂသကံ ကဏ္ဍစူဠိကဌာနေ ဩလမ္ဗကန္တိပိဝဒန္တိ။**

(သာရတ္ထ -ပ-၁၆၂)

ဝင်္ဂသကန္တိဝင်္ဂသကဟူသည် ကဏ္ဍပိဠန္ဓနဝင်္ဂသကံ = နား၌ ပန်ဆင်အပ်သော နားတန်ဆာတည်း။ ဣတိ ဤသို့၊ ဝုတ္တံ ဆိုအပ်သည်၊ ဟောတိ ဖြစ်၏။ ကဏ္ဍစူဠိကဌာနေ နား၏အစွန်းဖြစ်သောအရပ်၌ ဩလမ္ဗကံ တွဲလျားဆွဲ၍ပန်ဆင်အပ်သောတန်ဆာသည်၊ ဝင်္ဂသကံ ဝင်္ဂသကမည်၏။ ဣတိပိ ဤသို့လည်း၊ ဝဒန္တိ ဆိုကြကုန်၏။

## (၇၄) ဗုဒ္ဓ၏စက်လက္ခဏာတော်များ

သာရတ္ထဆရာက ဦးထိပ်၌ပန်ဆင်အပ်သောပန်းကို ဝဋံသက ဟု မဆို။ နား၌ပန်ဆင်အပ်သော နားဍောင်း၊ နားကပ်၊ နားဆွဲ အစရှိသော နားတန်ဆာများကိုသာ ဝဋံသက ခေါ်ကြောင်းမိန့်ဆိုသည်။

မော်လမြိုင်မြို့ အဂ္ဂမဟာပဏ္ဍိတ တောင်ပေါက်ဆရာတော် ပြုစုသော အဘိဓာန်နိသျသစ်ကျမ်း၌ ဝဋံသကကို ဦးဆောက်ပန်း၊ ဦးစိုက်ပန်းဟု အနက်ပြန်ပြီးလျှင် ဤဦးဆောက်ပန်းဟူသည် နွယ်ပင် သစ်ပင်တို့မှ ပွင့်သောပန်းမျိုးမဟုတ်။ ရွှေစသည်တို့ဖြင့် ပြုလုပ်၍ ဦးခေါင်း၌ စိုက်ဆောက်ပန်ဆင်အပ်သော ဦးခေါင်းတန်ဆာအထူး တည်းဟု မိန့်မှာသည်။

ထို့ကြောင့် ဝဋံသကသဒ္ဒါသည် ဦးခေါင်းတန်ဆာ၊ နားတန်ဆာနှစ်မျိုးလုံးကိုပင် ဟောကြောင်းမှတ်သားနိုင်ပါသည်။ သို့သော်လည်း အခြားစက်လက္ခဏာမှုများနှင့် ညီညွတ်စေရန် ဦးခေါင်းတန်ဆာဖြစ်သော ဦးဆောက်ပန်းကိုယူပြီးလျှင် ၁၉၇၇-ခု၊ ဒီဇင်ဘာလထုတ် ငွေတာရီမဂ္ဂဇင်းမှ ဘုန်းနွယ် (ရေစကြို)၏ ဦးဆောက်ပန်းဆောင်းပါး၌ ဖော်ပြသော ရေစကြိုမြို့၊ နဂါးရုံကျောင်းတိုက်အတွင်းရှိ ရှေးဟောင်းစေတီမှ ဦးဆောက်ပန်းပုံကို နမူနာယူ၍ ခြောက်ထပ်ကြီး ရွှေသာလျောင်းဘုရားကြီး ခြေဖဝါးတော်၌ ထုလုပ်ထားပါသည်။

## ၅။ ဝမ္မာနက = ထမင်းပွဲ

ဝမ္မာန ဟူ၍လည်းကောင်း၊ ဝမ္မာနက ဟူ၍လည်းကောင်း ပါဠိနှစ်မျိုးကွဲပြားလျက်ရှိသည်။ အချို့စက်လက္ခဏာမူ၌ ဝမ္မာနဟု ရှိ၍ အချို့မူ၌ ဝမ္မာနကဟုရှိသည်။ ပါဠိအဘိဓာန်၌ သရာဝ၊ မလ္လက ဟု ခွက်ဟောပရိယာယ် နှစ်ပုဒ်သာရှိသော်လည်း အဘိဓာန်ဋီကာ ဆရာက ဝမ္မာနက ပုဒ်သည်လည်း ခွက်ဟောဟုပင်မိန့်ဆိုပြီး ဝမ္မထိ ဝိတ္ထိတ္ထိယတိတိ ဝမ္မာနကောဟု ဝိဂြိုဟ်ပြုသည်။

ဝမ္မတိ ဝတ္ထိတ္ထိယတိ ကျယ်ပြန့်အောင်ဖြန့်အပ်၏။ ဣတိ တသ္မာ ထို့ကြောင့်။ ဝမ္မာနကော ဝမ္မာနက မည်၏။ သကတ္ထေကော၊ ဝမ္မာနနောင် သကအနက်၌က ပစ္စည်းသက်ထားသည်ဟုလည်း မိန့်ဆို သည်။

ကျော်အောင်စံထားဆရာတော်ဘုရားကြီးက ဝမ္မာနကကို ထမင်းပွဲဟု မြန်မာပြန်ဆိုရခြင်းအကြောင်းကို ဤသို့ ရှင်းလင်းမိန့်ကြား တော်မူခဲ့သည်။ ဝမ္မာနကို ထမင်းပွဲဟူသည်ကား သရာဝေါ တုစ မလ္လကောဟု အဘိဓာန်၌ ခွက်ဟောနှစ်ပုဒ်သာဆိုသည်ကို အဘိဓာန် ဋီကာ၌ ဝမ္မာနကော ပျက်၏။ ဝမ္မာနကလည်း ခွက်ကို ဟောသည်ဟု ဆိုသည်။ ထို့ကြောင့် ဆရာတို့မှရအပ်သော ဥပဒေသအလျှောက် ထမင်းပွဲဟုဆိုသည်။ စက်တော်လက်ာရှိခိုး၌လည်း ဤအရာဝယ်

ထမင်းပွဲဟု စပ်တော်မူသည်။ ဤဝဒ္ဓမာနကပုဒ်ကို မဇ္ဈိမပဏ္ဏာသဋီကာ၌ ဝဒ္ဓမာနကန္တိပုရိသဟာရံ ပုရိသဂေဟံ ဖွင့်သည်။ ယင်းအဖွင့်ကို မှီ၍လည်း ပါဒစက္ကဒီပနီဆရာသည် ဝဒ္ဓမာနကကို ဦးပေါင်းဟု မြန်မာပြန်သည်။ နောက်ဆရာတို့စပ်သော လင်္ကာဝယ်လည်း **"ဦးဆောက်ယန်းကား ယောက်ျားဦးပေါင်းထပ်လောင်းအုံ့အဲ"**ဟု စပ်လေသည်။ အချို့စက်တော်ပုံတွင်လည်း သည်ကိုမှီ၍ **ဦးပေါင်း** အရေးရှိသည်သင်ခြင်ဟု မိန့်မှာတော်မူသည်။
(ဤကား ကျော်အောင်စံထားဆရာတော်ဘုရားကြီး၏ ဝေဖန်သုံးသပ်ချက်ဖြစ်ပါသည်)

ပါရာဇိကကဏ်အဋ္ဌကထာ၌လာသော အသောကမင်းကြီး၏ လက်ဆောင်ပဏ္ဏာတော်များတွင် ဝဒ္ဓမာနဟုရှိသည်။ ၎င်းကို ဋီကာတို့က ဝဒ္ဓမာနန္တိ အလင်္ကာရစုဏ္ဏံ။ နဟာနစုဏ္ဏန္တိကေစိဟု ဖွင့်ကြသည်။ အဓိပ္ပာယ်မှာ-ဝဒ္ဓမာနဟူသည် အရေအဆင်းကို တိုးပွားစေတတ်သော နံ့သာမှုန့်၊ ပေါင်ဒါမှုန့်ပင် ဖြစ်သည်။ အချို့က ရေချိုးကသယ်မှုန့်၊ ဆပ်ပြာမှုန့်ဟု ဆိုကြသည်ဟူ၍ဖြစ်၏။

သို့သော်လည်း အဘိဓာန်ဋီကာဆိုသည့်အတိုင်း စက်လက္ခဏာတော်မူအားလုံးက ထမင်းပွဲဟု တညီတညွတ်တည်း မိန့်ဆိုကြသည့်ပြင် မဇ္ဈိမပဏ္ဏာသဃဋီကာရသုတ် အဋ္ဌကထာ၌လည်း ဃဋီကာရအိုးထိန်းသည် သည်ကဿပမြတ်စွာဘုရားဘုန်းပေးတော်မူရန် အရန်သင့် ဆွမ်း၊ ဆွမ်းဟင်းများကို ခူးခပ်၍ ပြင်ဆင်ထားခဲ့ကြောင်း

ကို ပြန်ဆိုရာ၌ "ဘဂဝတော ဝမှမာနက် ဘတ္တသူပ် ပန္နပေတ္တာ" ဟု ထမင်းပွဲကို ဝမှမာနက ဟူ၍ပြင်ဆိုသည်။ ထို့ကြောင့် ဝမှမာနကအရ ထမင်းပွဲကိုသာ ယူပါသည်။

## ၆။ ဘဒ္ဒပီဌ = အင်းပျဉ်

ဘဒ္ဒပီဌန္တိ ဝေတ္တမယံ ပီဌံဝုစ္စတိ ကြိမ်ဖြင့်ပြုလုပ်အပ်သော အင်းပျဉ်ကို ဘဒ္ဒပီဌခေါ်ကြောင်း ဇိနာလင်္ကာရ ဋီကာ (၅၉)၌ ဆိုသည်။ အမေးတော်အဖြေကျမ်း၌လည်း မောင်ထောင်ဆရာတော်က သာရတ္ထ ဒီပနီဋီကာ(ပ-၁၆၅)ကိုးကား၍ ဘဒ္ဒပီဌဟူသည် ရှေးက ဘုရင်မင်းမြတ်များ ရာဇအဘိသိက်ခံယူသောအခါ၌ အဘိသိက်ခံယူရာ မဏ္ဍပ် အတွင်း၌ ခင်းအပ်သော အင်းပျဉ်တော်ဖြစ်ကြောင်း မိန့်ဆိုသည်။ ထို့နောက် အသုံးပြုပုံအစီအရင်ကိုလည်း အောက်ပါအတိုင်းဆက်လက်၍ အမိန့်ရှိသည်။

"အဘိသိက်မင်္ဂလာအကျိုး၄ာ တန်ဆာဆင်အပ်သော မဏ္ဍပ်ကြီးကို ဆောက်ပြီးလျှင် ထိုမဏ္ဍပ်ကြီးအတွင်း၌ ရေသဖန်း မဏ္ဍပ်ငယ်ကို ဆောက်လုပ်၍လည်းကောင်း၊ ရေသဖန်းမဏ္ဍပ်ငယ် အောက်၌ ရေသဖန်းသားအခြေ၊ အပေါင်၊ အမှီတကဲရှိသော ကြိမ် အင်းပျဉ်ကို စီရင်ရမည်။

၄င်းဘဒ္ဒပီဌ = အင်းပျဉ်သည် အနံ ကိုးမိုက်၊ အလျား ဆယ်မိုက်ရှိရမည်ဖြစ်ကြောင်းကို မဃဒေဝလင်္ကာသစ်ကျမ်းကြီး၌-

"ရွှေကြာခံနှင့် အနံ ကိုးမိုက်၊ အလျား ဆယ်မိုက်တည်း မင်းထိုက်စိုးရာ၊ နန်းစဉ်စာဖြင့် ကျမ်းလာမိန့်သံ ဆင့်စီမံသည် ခံပျံ့သစ်

ရေသဖန်းတည်း"ဟု မန်လည်ဆရာတော် စပ်ဆိုတော်မူသည်။

သို့သော်လည်း လူအများသိမြင်နားလည်လွယ်စေရန် "ရွှေသလွန်ချွန်းတောင်း"ဆိုသော အရှင်မဟာရဋ္ဌသာရ၏ စကားလင်္ကာနှင့်အညီ ရွှေသလွန်ပုံကိုသာ ထုလုပ်ထားသည်။

## ၅။ အကုံသ = ချွန်းတောင်း

(၁) ဆင်၏နှားရင်း၌ထိုးအပ်သော သံချွန်တပ်သောဒုက်သည် တုတ် မည်၏။

(၂) ဆင်၏ခြေထောက် အစရှိသည်တို့၌ထိုးအပ်သော အသွားမှာ သံ ရိုးမှာ သစ်သားရိုးတပ်သော အလျားသုံးတောင်ရှိ၍ လှပသောအမြီးရှိသောလှံသည် ခရင်းမည်၏။

(၃) ဆင်၏ဦးခေါင်း၌ထိုးအပ်သော ကောက်သောသံဆူးရှိသော သံချွန်သည် ချွန်းမည်၏ဟူ၍ တုတ်၊ ခရင်း၊ ချွန်းတို့၏ အထူး ကို အဘိဓာန်နိသျသစ်၌ အဘယာရာမဆရာတော် အမိန့်ရှိ သည်။ ပုဂံပုံတော်၌ရှိသော ချွန်းပုံသည် ကျမ်းဂန်စကားနှင့် ညီသည်။ ထို့ကြောင့် ပုဂံပုံအတိုင်းပင် ထုလုပ်ပါသည်။

## ၈။ တောရဏ = တံခါးတိုင်

တောရဏ ကိုတုရိုဏ်တိုင် (တံခါးတိုင်)ဟု အနက်ပြန်ကြ၏။ ဗြဟ္မုဇုဂတ္တ မဟာပုရိသလက္ခဏာတော်အဖွင့် အဋ္ဌကထာတို့၌ မြတ်စွာဘုရား၏ခန္ဓာကိုယ်သည် တာဝတိံသာနတ်ပြည် မဟာသုဒဿနမြို့တော်မှာ စိုက်ထူအပ်သော ရွှေတုရိုဏ်တိုင်ကဲ့သို့ မကိုင်းမညွတ်ဖြောင့်မတ်ရှည်လျားတော်မူသည်ဟု တုရိုဏ်တိုင်နှင့် နှိုင်းယှဉ်၍ ပြကြ၏။ ထို့ကြောင့် မြတ်စွာဘုရားကိုယ်တော်နှင့် နှိုင်းယှဉ်အပ်သော တုရိုဏ်တိုင်သည် တင့်တယ်ခန့်ညား ဖြောင့်မတ်ရှည်လားသော အသွင်သဏ္ဌာန်ရှိမည်မှာ ဧကန်ပင်ဖြစ်ပါသည်။

**သတ္ထာ ဗြဟ္မုဇုဂတ္တော ဒေဝနဂရေသမုဿိတ**

**သုဝဏ္ဏတောရဏံ ဝိယဿ ကာယော ဥဇုကမေဝ**

**ဥဂ္ဂတော။**

(မဟာဝဂ္ဂသံယုတ် အဋ္ဌကထာ)

သတ္ထာ မြတ်စွာဘုရားသည်၊ ဗြဟ္မုဇုဂတ္တော ဗြဟ္မာမင်း၏ ကိုယ်ကဲ့သို့ဖြောင့်စင်းသော ခန္ဓာကိုယ်ရှိတော်မူ၏။ ဒေဝနဂရေ သုဒဿနနတ်မြို့တော်၌၊ သမုဿိတသုဝဏ္ဏတောရဏံဝိယ စိုက်ထူအပ်သော ရွှေတုရိုဏ်တိုင်ကဲ့သို့၊အဿ ထိုမြတ်စွာဘုရား၏၊ ကာယော ကိုယ်တော်သည်၊ ဥဇုကမေဝ ဖြောင့်မတ်စွာသာလျှင်၊ ဥဂ္ဂတော

အထက်သို့တက်၏။

(ဤကား အဋ္ဌကထာ၏ အနက်တည်း)

အမရပူရမြို့တည်၊ နန်းတည် ဘိုးတော်ဗဒုံမင်းတရားကြီးသည် မြို့တော်သစ်၌ မြို့အင်္ဂါနှင့်ညီညွတ်စေရန် လောက၊ ဓမ္မ၊ ရာဇတန္တိ ထုံးမှီစံကျ တုရိုဏ်တိုင် စိုက်ထူလိုသောဆန္ဒရှိသဖြင့် လောက၊ ဓမ္မ၊ ရာဇဥလာ သုံးဖြာသောအရာတို့၌ ဗဟုသုတဂုဏ် ပြည့်စုံကြွယ်ဝသော သာသနာ့ဥသျှောင် မောင်ထောင်ဆရာတော်အား မေးမြန်းလျှောက်ထားခဲ့သည်။

"အတွင်းဝန် မဟာသီဟသူရ လျှောက်ပါသည် ဆရာတော်ဘုရား။ မြို့အင်္ဂါကိုဆိုသော စကားစုတွင် အတွင်း၌ တုရိုဏ်တိုင်စိုက်ရမည်။ တုရိုဏ်တိုင်မှာ သစ်ကိုလည်းကောင်း၊ ကျောက်ကိုလည်းကောင်း မြေထဲသို့ အမြစ်ဘယ်လောက်ဝင်လျှင် မြေပေါ်ကိုလည်း ဘယ်လောက်၊ မြေထဲသို့ ရှစ်တောင်ဝင်လျှင် မြေပေါ်ကိုလည်း ရှစ်တောင်ထားရမည်ဟုဆိုသည်။ ထိုတုရိုဏ်တိုင်သည် တံခါးပြင်ဘက်က ရက်ဖောက်လျှိုသောတိုင်ဖြစ်မည်လော။ မော်ကွန်းတိုင်ဖြစ်မည်လော။ မည်သည့်အရပ်တွင် မည်သို့စိုက်ရမည်ကို အတွင်းဝန်တို့က ဆရာတော်မှာလျှောက်။ ဘုရားအမိန့်တော်မြတ်ကို ဦးထိပ်ထက်ဆင်၍ ရှက်၍ လျှောက်ပါသည် မိန့်တော်မူပါ ဆရာတော်ဘုရား"

ဤသို့ ဘိုးတော်မင်းတရား၏ အမိန့်အရဝန်တို့က မေးလာသောကြောင့် ဆရာတော်သည် အင်္ဂုတ္တရနိကာယ် သတ္တကနိပါတ်

နဂရောပမသုတ် အဋ္ဌကထာ (အံ-ဋ္ဌ-၃-၁၈၁)ကို ကိုးကား၍ အောက်ပါအတိုင်း ဖြေတော်မူသည်။

"ထိုတုရိဏ်တိုင်ကို အုတ်၊ ကျောက်၊ သစ်နှစ် သုံးပါးတွင် တစ်ပါးပါးဖြင့် မြို့ပ၊ မြို့တွင်းနှစ်ပါးတွင် တစ်ပါးပါး၌ဖြစ်စေ၊ နှစ်ပါးလုံး၌ဖြစ်စေ၊ ပြုလုပ်ရ၏။ မြို့ပ၌ ပြုလုပ်ရသည်ကား မြို့ကိုလုံခြုံစေခြင်းငှာ၊ မြို့တွင်း၌ ပြုလုပ်သည်ကား မြို့ကိုတန်ဆာဆင်ခြင်းငှာတည်း။ အုတ်ဖြင့်ပြုလုပ်သော်ကား တွင်းတူး၍ အကျည်စီပြီးလျှင် အထက်၌ ရှစ်မြှောင့်ပြု၍ အင်္ဂတေလိမ်းကျံရာ၏။ ဆင်တိုး၍ မလှုပ်သည်ဖြစ်မှသာလျှင် ခိုင်ခန့်သည်မည်၏။ ကျောက်၊ သစ်နှစ်၊ တုရိဏ်တိုင်တို့၌လည်း ရှစ်မြှောင့်စီနှင်နှင်တည်း။

ပဏ္ဏာမသော်ကား ရှစ်တောင်၊ တစ်ဆယ့်ခြောက်တောင်၊ အတောင်နှစ်ဆယ်အားဖြင့် သုံးပါးတွင် အလိုရှိရာ လုပ်ရာ၏။ ထို့တွင် ရှစ်တောင်သော် လေးထောင်မြေဝင်၊ လေးတောင်မြေပေါ်တည်း။ ကြွင်းသည့်နှစ်ပါးလည်း နည်းတူ။ ထိုတုရိဏ်တိုင်တို့ကား နွားကျင်ငယ် ကောက်ကဲ့သို့ ကောက်လိမ်မှသာ အလိမ်အကောက်ကြား၌လွှား၊ ကာ၊ ပျဉ်ဆို့၍လုပ် ကြံ့စည်သာမည်ဖြစ်၍ သင့်မည်။ ၎င်းတုရိဏ်တိုင်တို့ကိုလည်း ပန်းချီပန်းပုဖြင့် ဆန်းကြယ်စွာ တံခွန်လျား၊ တံခွန်ကုက္ကားတို့ဖြင့် တင့်တယ်အောင်ပြုလုပ်ရာ၏ ဟူလိုသည်။

ဤသို့လာသော အဋ္ဌကထာစကားကိုထောက်၍ တုရိဏ်တိုင်၏ သရုပ်ပမာဏအခြင်းအရာ အစီအရင်ကိုမှတ်သိရမည်။ ရက်ဖောက်

လျှိုသောတိုင်၊ မော်ကွန်းတိုင်များကို တုရိုဏ်တိုင်မဆိုသင့် ဖြစ်သည်။

(ဤကား မောင်းထောင်ဆရာတော်၏ အဖြေတည်း)

တန်ဆာဆင်ခြင်ငှာလည်းကောင်း၊ လှုံ့ဆော်ခြင်းငှာလည်းကောင်း၊ မြို့တွင်းမြို့ပြနှစ်ဌာနတို့၌ သီးခြားစိုက်ထူအပ်သောတိုင်ကိုသာ တုရိုဏ်တိုင်ဟု ခေါ်ဆိုရသည် မဟုတ်သေး။ လေးကိုင်းသဏ္ဍာန်ပြု လုပ်အပ်သော မုခ်ကုန်းရှိသော ဝင်းတံခါးမုခ်၊ မြို့တံခါးမုခ်တို့ကိုလည်း တုရိုဏ်တိုင်ဟုပင်ခေါ်ဆိုရကြောင်း အဘိဓာန်နိဿယသစ်၌ အဘယာရာမဆရာတော် အကျယ်မိန့်ဆိုသည်။ အလားတူပင် တောင်ပေါက်ဆရာတော်၏ အဘိဓာန်နိဿယနှင့် တိပိဋကပါဠိ မြန်မာအဘိဓာန်ကျမ်းတို့၌လည်း တုရိုဏ်တိုင် အဆုံးအဖြတ်ကို အကျယ်တဝင့် ဖော်ပြကြသည်။ ပုဂံစက်လက္ခဏာပုံတော်၌လည်း မုခ်ကုန်းပုံပင်ရှိသည်။

◻

## ၉။ မင်းမြောက်တန်ဆာငါးပါး

**ခဂ္ဂေါ စ ဆတ္တမုဏှီသံ ပါဒုကာ ဝါလဗီဇနီ
ဣမေ ကကုဓဘဏ္ဍာနိ ဘဝန္တိ ပဉ္စရာဇုနံ။**

ခဂ္ဂေါ စ သန်လျက်လည်းကောင်း၊ ဆတ္တဉ္စ ထီးဖြူလည်းကောင်း၊ ဥဏှီသဉ္စ သင်းကျစ်လည်းကောင်း၊ ပါဒုကာစ ခြေနင်းလည်းကောင်း၊ ဝါလဗီဇနီ စ+စာမရီသားမြီးယပ်လည်းကောင်း၊ ဣမေပဉ္စ ဤငါးပါးတို့သည်၊ ရာဇူနံ မင်းတို့၏၊ ကကုဓဘဏ္ဍာနိ မင်းမြောက်တန်ဆာတို့သည်၊ ဘဝန္တိ ဖြစ်ကုန်၏။

သန်လျက်၊ ထီးဖြူ သင်းကျစ်၊ ခြေနင်း၊ **စာမရီသားမြီးယပ်** တို့သည် မင်းမြောက်တန်ဆာများဖြစ်ကြောင်း **အဘိဓာန်၌** ပြသည်။ ထို့ကြောင့် သံဝရပျို့၌လည်း "ရွှေယပ်၊ သားမြီး၊ **မင်းစီး**ခြေနင်း၊ လျှံဝင်းပြိုးပြက်၊ သန်လျက်ရွှေဓား၊ ပတ္တမြား၊ သင်းကျစ်၊ လျှပ်စစ်သဖွယ်၊ ရောင်နွယ်ညီးညီး ထီးကားဖြူလွှ၊ ကကုဓဟု ဘဏ္ဍာငါးမည်" ဟု စပ်ဆိုသည်။

ခြေနင်း(ဖိနပ်)သည် မင်းမြောက်တန်ဆာအပါအဝင်ဖြစ်သော်လည်း စက်လက္ခဏာတော်၌ မပါ။ ယုတ်နိမ့်သော ပစ္စည်းဖြစ်သောကြောင့် မြတ်စွာဘုရားခြေဖဝါး၌ မထင်ခြင်းဖြစ်သည်ဟု ဆိုရပါမည်။

## ၈၆ ဗုဒ္ဓဝင်စေတီလက္ခဏာတော်များ

ထန်းရွက်ယပ်၊ ဥဒေါင်းမြီးယပ်တို့သည် မင်းမြောက်တန်ဆာ ငါးပါး၌ မပါသော်လည်း မင်း၏အသုံးအဆောင်များပင် ဖြစ်ကြ၏။

ဓနာလင်္ကာရဋီကာနှင့် ပုဂံပုံတော်၌ သားမြီးယပ်နှစ်ခုစီပါဝင် ကြောင်း အထက်၌ ဆိုခဲ့ပြီးဖြစ်သည်။ စက်လက္ခဏာလင်္ကာ၌ ပထမ သားမြီးယပ်တစ်ခုကို ချန်လှပ်ပြီး၊ ဒုတိယသားမြီးယပ်တစ်ခုသာယူ သည်။ ဤခြောက်ထပ်ကြီး ရွှေသာလျောင်းဘုရားကြီး စက်လက္ခဏာ တော်မှု၌ကား မင်းမြောက်တန်ဆာများ တစ်ဆက်တစ်စပ်တည်း ဖြစ်စေ ရန် ဒုတိယသားမြီးယပ်ကို ချန်၍ ပထမသားမြီးယပ်ကို ယူထားပါ သည်။

## ၁၀။ ဝါလဗီဇနိ = စာမရီသားမြီးယပ်

ဝါလဗီဇနီတိစာမရိဝါလံ = ဝါလဗီဇနီဆိုသည်ကား စာမရီ၏ အမြီးဖြင့်လုပ်သော ခြင်ရမ်း (ခြင်ခပ်)ဟု ဋီကာဖွင့်သည်။ စာမရီသားမြီးယပ်ကို မင်းမြောက်တန်ဆာငါးပါးအပါအဝင် ထီးသုံးနန်းသုံးပစ္စည်းအဖြစ်ဖြင့် မြတ်မြတ်နိုးနိုး သုံးစွဲကြသောကြောင့် မြီးဆံရှင်ဖြစ်သော စာမရီသည် ငှက်ဖြစ်လေသလော၊ သားကောင်ဖြစ်လေသလောဟု သိချင်ကြသည်။ ထို့ကြောင့် မုံရွာမြို့မှ သီရိမာအမည်ရှိသော အမျိုးသမီးက မုံရွေးဇေတဝန်ဆရာတော်ကို မေးမြန်းခဲ့ဖူးသည်။

"ဆရာတော်ဘုရား၊ သုဝဏ္ဏသာမ မြားမှန်ခန်းပို့၌ 'သဘောကောင်းပင် သီလစင်သည် အကြင်ငှက်စာမရီတည်း'ဟူ၍ စာမရီကို ငှက်ဟုစပ်ဆိုပါသည်။ ပါရမီခန်းပျို့မှာတော့ 'စာမရီဟု နောက်ချီပွပွ မြီးဆံလှနှင့် တောမထွက်ခေါင် သရေဆောင်သည် ရွှေရောင်ဖြိုးဖြိုးသား အမျိုးကား ကျင့်ရိုးအစဉ်ချင်းတို့ညင်ဖြင့်'ဟူ၍ စာမရီကို သားဟု စပ်ဆိုပါသည်။ ထို့ကြောင့် စာမရီဟာ သားမျိုးဖြစ်မည်၊ ငှက်မျိုးဖြစ်မည်ကို သိလိုပါသည်ဘုရား"ဟု လျှောက်ထားသည်။

သီရိမာ၏အမေးကို ဆရာတော်က ဤသို့ဖြေဆိုပါသည်။

**စာမရီ မိဂေါနာမ** ဇီဝိကမ္ပိအနောလောကေတွာ အတ္တနောဝါလမေဝ ရက္ခတိ။

(စာမရှိမည်သော သားကောင်သည် အသက်သေမည်ကိုပင် မကြည့်ဘဲ မိမိအမြီးကိုသာ စောင့်ရှောက်၏)ဟုဆိုရာ၌ စာမရီသည် သားမျိုးဖြစ်ကြောင်း သိစေလိုသဖြင့် မိဂသဒ္ဒါဖြင့် အထူးဆိုထားသည်။ ထို့ကြောင့် စာမရီသည် ငှက်မျိုးမဟုတ်၊ သားမျိုးဟု မှတ်ရမည်။

(သမန္တစက္ခုဒီပနီ-ဒုတိယတွဲ)

ကျည်းကန်ကိုရင်ကြီးကမူကား စာမရီသားမွေး၏ အရွယ်ပမာဏကို "ဇာဏီသားမွေးမျှင်သေးသေးဆိုရေး ဘယ်လောက်နှ သနည်း"ဟု ပုစ္ဆာထုတ်ခဲ့သည်။

ယင်းအမေးပုစ္ဆာကို ကျီးသဲလေးထပ်ဆရာတော်က ဤသို့ ဖြေဆိုတော်မူပါသည်။

"ဇမ္ဗူဒီပါ ကျွန်းမျက်နှာ၌ များစွာရပ်နေ လူပိုလ်ခြေ၏။ ထိပ်ဖွေ ဦးခေါင်းဆံတစ်ချောင်းကို ဆင့်ပေါင်းစိတ်ဖြာ ဆယ့်ခြောက်မွှာမှ မြောက်ရွာကျွန်းသူ လူတို့ဆံနှင့် နှိုင်းစံတူကြ တပင်ရလျက် ထိုမှတဖန် ဆယ့်ခြောက်ပြန်မှ အလွန်တရာသိမ်မွေ့စွာသော ရွှေစာမရီသား ဇာဏီ၏ ရင်ဆီအဖျား လက်တီးကြား၌ ရောက်ငြားဖွဲ့သေး ထိုအမွေးဖြင့်"ဟူ၍ စပ်ဆိုသည်။

အဓိပ္ပာယ်မှာ-တောင်ကျွန်းသူဦးခေါင်းမှ ဆံပင်တစ်ပင်ကို တစ်ဆယ့်ခြောက်စိတ် စိတ်၍၊ တစ်စိတ်သည် မြောက်ကျွန်းသူ၏ ဆံပင်တစ်ပင်နှင့် ညီမျှ၏။ မြောက်ကျွန်းသူ၏ဆံပင်ကို တစ်ဆယ့် ခြောက်စိတ်စိတ်ပြန်၍ တစ်စိတ်သည် စာမရီသားကောင်၏ ရင်ပတ်

လက်ကတီးကြား၌ပေါက်သော အမွေးတစ်ပင်နှင့်ညီမျှသည်။ တစ်နည်းအားဖြင့်ဆိုသော် တောင်ကျွန်းသူအမျိုးသမီး၏ ဆံတစ်ပင်သည် စာမရီသားကောင်၏ လက်ကတီးကြားမှအမွေး (၂၅၆)ပင်နှင့် ညီမျှသည်ဟု ဆိုလိုသည်။ သာဓကေပါဠိကိုလိုမူ သံယုတ်အဋ္ဌကထာ သမ္မောအဋ္ဌကထာတို့ယူလေ။

(ဤကား ကျီးသဲလေးထပ်ဆရာတော်၏ အဖြေဖြစ်သည်)

□

## ၁၁။ ဥဏှိသ = သင်းကျစ်

ဥဏှိသ သဒ္ဒါသည် စောင်းတန်းဦး၊ မကိုဋ်သရဖူ၊ ဦးရစ်ခေါင်းပေါင်း၊ နဖူးစည်း၊ သင်းကျစ်စသည့်အနက်များကိုဟောသည်။ ထိုအနက်တို့တွင် ဤနေရာ၌ သင်းကျစ်အနက်ဟောကြောင်းသိစေရန် ဥဏှိသန္တိဥဏှိသပဋ္ဋ ဟု သာရတ္ထဒီပနီဋီကာဖွင့်သည်။

ပစ္ဆိမဘဝိက=ဟုခေါ်သော ဘုရားဖြစ်မည့် နောက်ဆုံးဘဝ၌ဖြစ်သော ဘုရားအလောင်းတော်၏နဖူးပြင်၌ ညာဘက်နားပန်စွန်မှ ဘယ်ဘက်နားပန်စွန်အထိ အသားလွှာ၊ အသားပြားသည် နဖူးပြင်ကို တန်ဆာဆင်လျက် ပြည့်ဖြိုးစွာ တည်ရှိသည်။ ယင်းအသားပြားသည် မင်းကေရာဇ်တို့၏ နဖူး၌ ဖွဲ့ချည်အပ်သော သင်းကျစ်တန်ဆာကဲ့သို့ ရှုမငြီးနိုင်အောင် လှပတင့်တယ်၏။ အမှန်မှာ ရှင်ဘုရင်များ သင်းကျစ်တန်ဆာကို ဆင်မြန်းဝတ်ဆင်ခြင်းသည် ဘုရားလောင်းတော်၏ တင့်တယ်သော ဥဏှိသလက္ခဏာကိုတွေ့မြင်မှ အတုယူပြီး ဝတ်ဆင်ကြခြင်းသာ ဖြစ်သည်။

(မဟာပဒါနသုတ်အဋ္ဌကထာ-၄၃)

သင်းကျစ်တော်ပုံကို ပုဂံခြေလက္ခဏာ ပုံတော်အတိုင်း ကလာပ်၌တင်ထားသောပုံကို ထုလုပ်ထားပါသည်။

## ၁၂။ သုမနဒါမ = မြတ်လေးပန်းဆိုင်း

"အမြစ်နံ့သာတို့တွင် အကျော်နက်၏အနံ့သည် အမြတ်ဆုံးဖြစ်၏။ အနှစ်နံ့သာတို့တွင် စန္ဒကူးနီ၏အနံ့သည် အမြတ်ဆုံးဖြစ်၏။ အပွင့်နံ့သာတို့တွင် မြတ်လေးပန်း၏ရနံ့သည် အသင်းပြန့်ဆုံးဖြစ်၏။ ကုသိုလ်တရားအပေါင်းတို့တွင် အပ္ပမာဒ(သတိ) တရားသည် အသာဆုံး၊ အမြတ်ဆုံးဖြစ်၏" ဟု မြတ်စွာဘုရား ဟောကြားတော်မူသည်။

(မဟာဝဂ္ဂသံယုတ်ပါဠိတော်-၄၁)

သီဟိုဠ်ကျွန်းမှ ဘာတိယမင်းကြီးသည် ဤတရားကို နာကြားရသောအခါ အမြစ်နံ့သာနှင့် အနှစ်နံ့သာတို့တွင် အကျော်နက်နှင့် စန္ဒကူးနီတို့ အမြတ်ဆုံးဆိုသည်ကို သဘောတူလက်ခံနိုင်သော်လည်း အပွင့်နံ့သာတို့တွင် မြတ်လေးပန်းနံ့သည် အသင်းပြန့်ဆုံးဆိုသည်ကိုမူ သဘောမတူနိုင်အောင် ဖြစ်နေသည်။ စပယ်၊ ချယား၊ စကား၊ နှင်းဆီ၊ သရဖီ စသည့်ပန်းများသည် မြတ်လေးပန်းထက် ရနံ့သာလွန်မည်ဟု ဘာတိကမင်းကြီးက ယူဆသည်။ ထို့ကြောင့် မြတ်စွာဘုရား၏ တရားခမ္မနှင့် မိမိ၏အယူအဆ အဘယ်ကမှန်သည်ကို သိနိုင်ရန် လက်တွေ့ကျကျ စမ်းသပ်ကြည့်သည်။ စမ်းသတ်ပုံမှာ-

အနံ့လုံသောတိုက်ခန်းတစ်ခုကို သန့်ရှင်းစေပြီး အခန်းနံရံတို့ကို နံ့သာလေးမျိုးတို့ဖြင့် လိမ်းကျံသည်။ ထို့နောက် အခန်းတွင်း၌

ပန်းကလာပ်ကိုထား၍ အနံ့မွှေးကြိုင်သော ပန်းမျိုးစုံတို့ကို ရနိုင်သမျှ ဆောင်ယူစေ၍ အညီအမျှ တစ်ပုံစီ တစ်ပုံစီ ကလာပ်ပေါ်မှာ တင်ထား၏။ ထို့နောက် တိုက်ခန်းတံခါးကိုပိတ်၍ အပြင်မှာ ခဏမျှနေ၏။ အတန်ကြာလတ်သော် အခန်းတံခါးကိုဖွင့်လိုက်ရာ ပန်းအပေါင်းတို့၏ အနံ့ကိုကျော်လွှား၍ မင်းကြီး၏နှာသီးဖျားဆီသို့ ဦးဦးဖျားဖျား တိုးဝေ့ဝင်ရောက်လာသောအနံ့မှာ မြတ်လေးပန်းနံ့ပင်ဖြစ်နေပါသည်။ ထို့ကြောင့် ဘာတိယမင်းကြီးသည် အံ့ဩဝမ်းမြောက်စွာဖြင့် မဟာစေတီတော်မြတ်ကြီးသို့ ဦးညွတ်လျက် "ပန်းရနံ့အပေါင်းတို့တွင် မြတ်လေးပန်းနံ့သည် အသင်းပျံ့ဆုံး" ဆိုသော အရှင်ဘုရားတရားတော်သည် ဒိဋ္ဌကေန်အလွန်ပင် မှန်ပါပေသည်ဟု လျှောက်ထားလျက် ကြမ်းပေါ်မှာဝပ်တွား၍ ရှိသေစွာ ဦးခိုက်ကန်တော့လိုက်ပါသည်။

(သံ-၄-၃-၁၇၁)

ထိုပန်းတကာ့ဘုရင် တော်ဝင်သော မြတ်လေးပန်းသည် မြတ်ဗုဒ္ဓ၏ခြေဖဝါးအပြင်၌ လက္ခဏာတစ်ပါးအသွင်ဖြင့် ပါဝင်နေပါသည်။

□

## ၁၃။ ကြာမျိုးငါးပါး

ကြာမျိုးငါးပါးကို ရေတွက်ဖော်ပြရာ၌ ကျမ်းအသီးသီးတို့ တစ်ကျမ်းနှင့်တစ်ကျမ်း ရေတွက်ပုံ မတူညီကြ။ အနာဂတဝင်ကျမ်းက ပဒုမ္မာကြာကို ပထမပြပြီး၊ ဥပ္ပလကြာကို အနီ၊ အဖြူနှစ်မျိုး။ ပုဏ္ဍရိက် ကြာကိုလည်း အနီ၊ အဖြူနှစ်မျိုးစီခွဲ၍ ၅-မျိုး ပြသည်။

ဇိနာလင်္ကာရဋီကာ၌ကား ဥပ္ပလကြာကို အညို၊ အနီ နှစ်မျိုး၊ ပဒုမ္မာကြာကို အနီ၊ အဖြူ နှစ်မျိုးစီခွဲပြီး ပုဏ္ဍရိက်ကြာကို တစ်မျိုးသာ ယူ၍ ၅-မျိုးပြသည်။

သုတ်မဟာဝါအဋ္ဌကထာနှင့် မဇ္ဈိမပဏ္ဏာသအဋ္ဌကထာတို့၌ ကား ဥပ္ပလကြာကို သုံးမျိုးခွဲယူပြီး ပဒုမနှင့် ပုဏ္ဍရိကတို့ကိုမူ တစ်မျိုး စီသာယူ၍ အောက်ပါအတိုင်းဖော်ပြသည်။

၁။ နီလုပ္ပလ = ကြာညို

၂။ ရတ္တုပ္ပလ = ကြာနီ

၃။ သေတုပ္ပလ = ကြာဖြူ

၄။ ပဒုမ = ပဒုမ္မာကြာ

၅။ ပုဏ္ဍရိက = ပုဏ္ဍရိက်ကြာတို့ဖြစ်သည်။

ခြောက်ထပ်ကြီးစက်လက္ခဏာတော်မူ၌ အဋ္ဌကထာကြီးများ ၌ လာသည့်အတိုင်း ကြာငါးမျိုးကို ဖော်ပြထားသည်။

## ၁၄။ ကြာမျိုးငါးပါးအထူး

ကြာမျိုးငါးပါးပြပြီးနောက် ၄င်းကြာတို့၏အထူးကို အဋ္ဌကထာတို့၌ ဤသို့ဖော်ပြကြသည်။

**ရိုးရိုးကြာဖြူ၊ ကြာနီ၊ ကြာပြာသည် ဥပ္ပလကြာမည်၏။**

**ပွင့်ချပ်တစ်ရာမပြည့်သောကြာသည် ပုဏ္ဍရိက်ကြာမည်၏။**

**ပွင့်ချပ်တစ်ရာပြည့်သောကြာသည် ပဒုမ္မာကြာမည်၏။**

တစ်နည်းအားဖြင့် ပွင့်ဖတ်အရေအတွက်အားဖြင့် မခွဲခြားဘဲ အသွေးအရောင်အားဖြင့် ခွဲခြား၍ ပဒုမ္မာကြာဖြူသည် ပဒုမမည်၏၊ ပဒုမ္မာကြာနီသည် ပုဏ္ဍရိကမည်၏ဟု သီလက္ခန်အဋ္ဌကထာဆို၏၊ တိကနိပါတ်အင်္ဂုတ္တိုရ်အဋ္ဌကထာကတော့ ဖြော့တော့သောအဆင်းရှိသော ကြာသည် ပဒုမ္မာကြာမည်၏၊ နီသောအဆင်းရှိသောကြာသည် ပုဏ္ဍရိက်ကြာမည်၏ ဆိုသည်။

ကုမုဒြာကြာက လရောင်လာသောအခါ ပွင့်၍ နေရောင်လာသောအခါ ညှိုးသည်။ ပဒုမ္မာကြာက နေရောင်လာသောအခါပွင့်၍ လရောင်လာသောအခါ ညှိုးသည်။ ဤကား ကြာပန်းတို့၏ အထူးတည်း။

## ၁၅။ သူရိယ၊ စန္ဒိမာ= နေနှင့်လ

ပုဂံစက်လက္ခဏာပုံတော်၌ နေမှာမြင်းရုပ်အမှတ်တံဆိပ်ဖြင့်၊ လ-မှာ ယုန်ရုပ်အမှတ်တံဆိပ်ဖြင့် ထုလုပ်ထားသည်ကို တွေ့ရ၏။ စက်လက္ခဏာပုံတော်၌သာမဟုတ်၊ ပုဂံခေတ်နံရံဆေးရေးပန်းချီကား တို့၌လည်း အလားတူပင် နေနှင့်လတို့မှာ မြင်းရုပ်၊ ယုန်ရုပ်တို့ဖြင့် ရေးဆွဲထားသည်တို့ကို တွေ့ရသည်။ (ယဉ်ကျေးမှုဌာန အနုပညာဌာန စိပ်မှထုတ်ဝေသော "မြန်မာနိုင်ငံအတွင်းမှ သမိုင်းအထောက်အထား များ၊ အမည်ရှိစာအုပ်မှ စိုးမင်းကြီးစေတီအနီး ဂူအတွင်းရှိ မြတ်စွာ ဘုရား တာဝတိံသာနတ်ပြည်က ဆင်းသက်တော်မူလာပုံ ပန်းချီကား ကို ကြည့်ပါ)

လ၌ ယုန်ရုပ်အမှတ်တံဆိပ်ဖြင့် ရေးဆွဲထုလုပ်ခြင်းမှာ စတုက္ကနိပါတ် သသပဏ္ဍိတဇာတ်တော်နှင့်အညီ ရေးဆွဲထုလုပ်ခြင်း ဖြစ်မည်ဟု ယုံကြည်ရပေသည်။ မှန်၏။ သသပဏ္ဍိတဇာတ်၌ လ-မှာ ယုန်ရုပ်အမှတ်တံဆိပ်ရှိကြောင်း အောက်ပါအတိုင်း ဖော်ပြထား သည်။

"သိကြားမင်းသည် ဘုရားလောင်းယုန်မင်းကို အိုပညာရှိ ယုန်မင်း၊ သင်၏ဂုဏ်သတင်းသည် တစ်ကမ္ဘာပတ်လုံး ပြန့်သင်း၍ ထင်ရှားတည်ရှိပါစေ"ဟု ပြောဆိုလျက် တောင်ကိုညစ်၍ အဆီကို

စစ်ယူပြီးလျှင် လပြည့်ဝန်း၌ ယုန်ရုပ်အမှတ်တံဆိပ်ကို ခတ်နှိပ်သည်။ ထို့နောက် ဘုရားလောင်းယုန်မင်းကို ကြင်နာစွာပွေ့ချီ၍ ဘုရားလောင်း နေထိုင်ခဲ့ရာ တောအုပ်အတွင်းမှ ခြုံတစ်ခြုံ၏အနီးရှိ နုးညံ့သောနေရာ မြက်ခင်းပေါ်၌ ယုန်မင်းကို အနားယူအိပ်စက်စေပြီး တာဝတိံသာ နတ်ပြည်သို့ သိကြားမင်းပြန်သွားလေ၏။

ဤသို့ လ၌ယုန်ရုပ်အမှတ်တံဆိပ်ရှိကြောင်း ကျမ်းဂန် အထောက်အထား ရှိသော်ငြားလည်း နေ၌ မြင်းရုပ်အမှတ်တံဆိပ် ရှိကြောင်း အထောက်အထားကိုကား မတွေ့ရသေး။ ယခုခေတ်၌ ဒေါင်းရုပ်ကို နေ၏အမှတ်တံဆိပ်အဖြစ်ဖြင့် လူအများအသိအမှတ်ပြု လက်ခံနေကြပါသည်။ သို့သော် နေ၌ ဒေါင်းရုပ်အမှတ်တံဆိပ်ရှိ ကြောင်းလည်း ကျမ်းဂန်အထောက်အထား မရှိချေ။ ထိုသို့ ကျမ်းဂန် အထောက်အထားမရှိကြောင်းကို သတပဒီက ပုဏ္ဏောဝါဒသုတ္တနာကျမ်း၌ မန်လည်ဆရာတော်ဘုရားကြီးနှင့် မင်းကွန်းဆရာတော်ဘုရားကြီးတို့ နှီးနှောဆွေးနွေး မေးမြန်းခဲ့ကြဖူးပါသည်။

□

# မန်လည်ဆရာတော်၏အမေး

ငွေစန္ဒာယုန်ရေးကိုလ ဟိုရေးကဇာတ်တော်မှာ ကျမ်းနိပါတ်လာ၊ သို့အစဉ် အမြင်ဟာမို့၊ ထင်ရှားပသည်အရာ ကမ္ဘာလုံးမော်ကွန်း၊ ရွှေဇိမာန်နေဝန်းဝယ် သူရကန်၌ ဘယ်ပူရာဏ် ဘယ်စာဟောင်းက ဒေါင်းရုပ်ရှိညွှန်း။ ။

လ မှာ ယုန်ရုပ်အမှတ်တံဆိပ်ရှိကြောင်းကို စတုက္ကနိပါတ် သသပဏ္ဍိတ ဇာတ်၌လာသည်။ ဇာတ်တော်၌လာသည့်အတိုင်း ယုန်ရုပ်ကို ထင်ထင်ရှားရှားပင် မြင်ရသည်။ သို့သော် နေဇိမာန်၌ ဒေါင်းရုပ်ရှိကြောင်း ကျမ်းဂန်တို့၌ပြသည်ကို မတွေ့ရ။ ဘယ်ပူရာဏ် ကျမ်းက ဘယ်စာဟောင်းပေဟောင်းများက ညွှန်ပြပါသနည်းဟု မေးပါသည်။ ။

မန်လည်ဆရာတော်၏အမေးပုစ္ဆာကို မင်းကွန်းတောရဆရာတော် အရှင်ပဏ္ဍာဝံသမထေရ်က- နေ၌ဒေါင်းရုပ်ရှိသည်ဟု သံဂါယနာတင် ပါဠိတော် အဋ္ဌကထာ ဋီကာစသည့် အလေးပြုလောက်သော ကျမ်းဂန်တို့၌ မတွေ့ရကြောင်းဖြင့် အောက်ပါအတိုင်းဖြေဆိုထားပါသည်။

□

## မင်းကွန်းတောရဆရာတော်၏အမြေ

လဗိမာန်ငွေယုန်ရုပ်ကို ကျမ်းထုတ်လို့ထင်ရှားစွာ ကမ္ဘာလုံး မော်ကွန်း၊ ရွှေဗိမာန်နေဝန်းသူရကန်၌ ဘယ်ပူရာဏ်ဘယ်စာဟောင်း ကမှ ဒေါင်းရှိမညွှန်း။ ။

သင်္ဂါယနာတင် ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ အနု မဓု စသော ကျမ်းကြီးကျမ်းခိုင်တို့၌လည်းကောင်း၊ သင်္ဂါယနာမတင်သော်လည်း အစဉ်အဆက်သုံးဆောင်၍ ထင်ရှားပြီး အားကိုးယုံကြည်လောက်သော သာရတ္ထသင်္ဂဟကျမ်း၊ လောကုပ္ပတ္တိကျမ်း၊ လောကပညတ္တိကျမ်း၊ လောကဒီပကကျမ်း၊ လောကပညတ္တိဒီပနီကျမ်း၊ စန္ဒသူရိယဂတိဒီပနီ ကျမ်း၊ ဆဂတိဒီပနီစသောကျမ်း၊ မဟာဝင်ဒီပဝင်စသောကျမ်း အစောင်စောင်၊ ရာဇဝင်အမျိုးမျိုး၊ အဘိဓာန်၊ ၄င်းဋီကာ၊ ဘင်္ဂလီ၊ နာဂရီ၊ လောကီသင်္ကရိုက်ကျမ်းတို့၌လည်းကောင်း၊ နေ့ဗိမာန်ဝယ် ဒေါင်းရုပ်ရှိသည်ဆိုသော စကားကို မတွေ့ဘူးချေ။ သို့ကျမ်းဂန်မလာ လျှင် အဘယ်ကြောင့်-

"ရှေ့ပြုဗွာ ဝိဒေစွန်းဆီက ဒေါင်းဗိမာန်တက်လာထွန်းပါ ပေ့" စသည်ဖြင့် အများအပြား နေ့၌ဒေါင်းရုပ်ရှိကြောင်းကို ပြောဆို ရေးသားသီကုံးကြသနည်း ဟူငြားအံ့။ ကျမ်းဂန်မရှိဘဲလျက် ပြောဆို ခေါ်ဝေါ်ကြသည်ကား၊ လောက၌အများပင်၊ သူအချို့ကား အလောင်း

တော်ဥဒေါင်းမင်းသည် နေထွက်သည့်အခါနေကိုကြည့်၍ "ဥဒေတယံ စက္ခုမာ" စသောပရိတ်ကို ရွတ်အံသရဇ္ဈာယ်၍ ဘေးရန်ကင်းသည်။ ဤအကြောင်းအရာကို များစွာသောသူတို့ သိစေခြင်းငှာ နေဗိမာန်၌ ဒေါင်းရုပ်ရှိသလို ပြောဆိုရေးသားလက်ာသီကုံးကြသည်ဟု ဆိုကြကုန်၏။ ဤသို့ မင်းကွန်းတောရဆရာတော် အရှင်ပဏ္ဍာဝံသမထေရ်က ဖြေကြားသည်များကို ဖတ်ရှုရပါသည်။ ။

## စာရေးသူ၏အယူအဆ

ကျမ်းဂန်တို့တွင် နေ၌ မည်သည့်အရပ် အမှတ်တံဆိပ်ရှိကြောင်း မဆိုသောကြောင့် ပုဂံစက်လက္ခဏာပုံတော်၌ နေကို မြင်းရုပ်အမှတ်တံဆိပ် ထုလုပ်ထားခြင်းအကြောင်းကို အသေအချာ မပြောနိုင်ပါ။ စာရေးသူ၏ထင်မြင်ချက်ကို ဆိုရပါမူ-

"စန္ဒနှင့်သူရိယာ မြားအဟုန်သန်မကအောင် မြန်းကြလျှင်စွာ၊ မဂ်လာခါညောင်းလို့ ငွေမောင်းတဲ့ဆော်လာ တနာရီတိုင်က၊ သူရိယာ ငါးသောင်းယူဇနာပ၊ စန္ဒာမှာ ရှစ်ထောင်ဆောင်းလို့ လေးသောင်းသုံးရာနှင့် ယူဇနာသုံးဆယ်သုံးကို ဆုံးလွန်လို့ကြွ"

ဟုဆိုသည်နှင့်အညီ၊ နေသည် တစ်ရက်မှာ ယူဇနာသုံးသန်းသွား၍ မြန်မာနာရီဖြင့် တစ်နာရီမှာ ယူဇနာငါးသောင်းသွားနိုင်ကြောင်း ကျမ်းဂန်တို့၌ ဆိုသည်။ မြန်မာတစ်နာရီသည် ယခုခေတ်သုံးနာရီနှင့် (၂၄)မိနစ်ရှိသည်။ ထို့ကြောင့် နေသည်(၂၄)မိနစ်လျှင် ယူဇနာငါးသောင်းနှုန်း သွားနေသဖြင့် အလွန်လျင်မြန်သည်။ ထိုနေ၏ လျင်မြန်ခြင်းကို သိန္ဓောမြင်းနှင့်နှိုင်းယှဉ်၍ သိန္ဓောမြင်းပြေးသကဲ့သို့ နေသည် အလွန်လျင်မြန်စွာသွားသည်ဟု သိစေခြင်းငှာ သိန္ဓောမြင်းတံဆိပ် ထုလုပ်ရေးဆွဲကြသည်ဟု ယူဆပါသည်။ ခြောက်ထပ်ကြီး ရွှေသာလျောင်းဘုရားကြီး စက်လက္ခဏာ၌လည်းကောင်း ပုဂံပုံတော်အတိုင်းပင် နေ၌ မြင်းရုပ်အမှတ်တံဆိပ် ထုလုပ်ထားပါသည်။

## ၁၆။ ဒိပဓလေးသွယ်, ကျွန်းငယ်နှစ်ထောင်

ဗိမာလင်္ကာရဋီကာ၌ ကျွန်းငယ်ငါးရာစီအရံရှိသော ကျွန်းကြီးလေးကျွန်းကို လက္ခဏာလေးပါး(လေးကွက်)ယူကြောင်းကိုလည်းကောင်း၊ သုတ်မဟာဝါအဋ္ဌကထာ၊ မဇ္ဈိမပဏ္ဏာသအဋ္ဌကထာနှင့် ပုဂ်စက်လက္ခဏာပုံတော်တို့၌ ကျွန်းကြီးလေးကျွန်းနှင့် ကျွန်းငယ်နှစ်ထောင်ကို လက္ခဏာငါးပါး (ငါးကွက်)ယူကြောင်းကိုလည်းကောင်း (အထက်၌)ဆိုခဲ့ပြီ။ ယခုကျွန်းကြီးလေးကျွန်းစဉ်ပုံနှင့် ၎င်းတို့၏ ပုံပန်းသဏ္ဌာန်ကို ဖော်ပြပါဦးမည်။

ဇမ္ဗူဒိပ်ကျွန်း(တောင်ကျွန်း)သည် အလျား၊ အနံအားဖြင့် ယူဇနာတစ်သောင်းစီကျယ်၏။ ထိုယူဇနာတစ်သောင်းတို့တွင် လေးထောင်သည် ထိုဒေသ၌နေထိုင်ကြကုန်သော သတ္တဝါတို့၏ ကံကုန်ခြင်းကြောင့် သမုဒ္ဒရာရေဖုံးလွှမ်းပြီး သမုဒ္ဒရာကြီးဖြစ်သွားခဲ့၏။ ယူဇနာသုံးထောင်ရှိသောအရပ်၌ ဟိမဝန္တာတောကြီးဖုံးအုပ်လျက်တည်ရှိ၏။ ထို့ကြောင့် ဇမ္ဗူဒိပါကျွန်းကြီးတွင် လူတို့နေထိုင်ရာအရပ်သည် ယူဇနာသုံးထောင်သာရှိ၏။ အရှေ့ကျွန်း အနောက်ကျွန်းနှင့် မြောက်ကျွန်းတို့သည် အလျားအနံ ယူဇနာခုနစ်ထောင်စီ အသီးသီးရှိကြ၏။ ထိုကျွန်ကြီးလေးကျွန်းတို့ကို ကျွန်းငယ်များငါးရာစီခြံရံလျက်တည်နေကြ၏။ ။

## (၁၀၂) ဗုဒ္ဓ၏စက်လက္ခဏာတော်များ

(၁) ဇမ္ဗူဒိပ်ကျွန်းသည် သကဋသဏ္ဌာန = လှည်းသဏ္ဌာန်(လှည်းဦး သဏ္ဌာန်)ရှိ၏။

(၂) အရှေ့ကျွန်းသည် အဒ္ဓစန္ဒသဏ္ဌာန = လခြမ်းသဏ္ဌာန်ရှိ၏။

(၃) မြောက်ကျွန်းသည် ပီဌသဏ္ဌာန = အင်းပျဉ်သဏ္ဌာန်ရှိ၏။

(၄) အနောက်ကျွန်းသည် အာဒါသသဏ္ဌာန = ကြေးမုံ (မှန်ဝိုင်း) သဏ္ဌာန်ရှိ၏။

ထိုထိုကျွန်းကြီးကျွန်းငယ်တို့၌ နေကြကုန်သော ကျွန်းသူ ကျွန်းသားတို့သည် မိမိတို့နေထိုင်ရာကျွန်း၏ပုံသဏ္ဌာန်နှင့်တူသော မျက်နှာအသွင်သဏ္ဌာန်ရှိကြသည်ဟု ဆိုပါသည်။

(အံ- ၄-၃၊ ၂၁၈၊ သာရတ္ထ-ပ-၂၇၃)

ပုဂံစက်လက္ခဏာ၌ ဖော်ပြထားသော ကျွန်းကြီးလေးကျွန်း အစဉ်သည် အရှင်မဟာရဋ္ဌသာရ၏ လင်္ကာနှင့်ညီညွတ်သည်။ ထို့ကြောင့် ပုဂံပုံတော်၌ လာသည့်အတိုင်း ကျွန်းကြီးလေးကျွန်းကို စဉ်ထားပါသည်။

◻

## ၁၇။ စက္ကာဝုဓ = စက်လက်နက်

(စက္က = စက် + အာဝုဓ = လက်နက်) စက္ကသဒ္ဒါသည် သမ္ပတ္တိစက်၊ စက်လက္ခဏာ၊ ရထားဘီး၊ ဣရိယာပုတ်လေးပါး၊ လှူဒါန်းခြင်း၊ စကြဝဠာ၊ မွေစက်၊ သင်ခုန်းစက်၊ မိုးကြိုးစက် အစရှိသောအနက်များကို ဟောကြောင်း သမ္မောအဋ္ဌကထာ (၃၈၂)၌ ဆိုသည်။ ထိုစက္ကသဒ္ဒါဟောနိုင်သောအနက်တို့တွင် ဤနေရာ၌ ဓားသွားပါသောစက်လက်နက်ကို ယူရမည်။

သဂါထာဝဂ္ဂသံယုတ်အဋ္ဌကထာ (၂၉၆)၌ အစွမ်းထက်သော လက်နက်ကြီးလေးပါးကို ပြသသည်။ ၄င်းလက်နက်ကြီးတို့မှာ-

(၁) သိကြားမင်း၏ဝရဇိန်လက်နက်

(၂) ဝေဿဝဏ်နတ်မင်းကြီး၏ ချွန်းတောင်းလက်နက်

(၃) ယမမင်း၏ မျက်လုံးလက်နက်နှင့်

(၄) အာဠာဝကဘီလူး၏ ဘွဲ့ဖြူလက်နက်တို့ဖြစ်ကြသည်။

(၁) သိကြားမင်းဒေါသထွက်၍ ဝရဇိန်လက်နက်ဖြင့် မြင့်မိုရ်တောင်ထိပ်၌ ပစ်ခွင်းခဲ့သော် ယူဇနာတစ်သိန်းခြောက်သောင်းရှစ်ထောင် အမြင့်ရှိသောမြင့်မိုရ်တောင်ကြီးကို ထုတ်ချင်းပေါက်၊ ထွင်းပေါက် သွားစေနိုင်သည်အထိ အလွန်ပြင်းထန်သော အာနုဘော်ရှိ၏။

(၂) ဝေဿဝဏ်နတ်မင်းကြီးသည် နတ်ဘီလူးတို့ကို အုပ်ချုပ်ရသော စတုမဟာရာဇ် နတ်မင်းကြီးတစ်ပါးဖြစ်သည်။ သူသည် တစ်ခါတစ်ရံ အမိန့်ကိုမနာခံသောဘီလူးတို့အား ဒေါသထွက်၍ ချွန်းတောင်းလက်နက်ဖြင့် ပစ်ခတ်ခဲ့သော် ထိုချွန်းတောင်းလက်နက်သည် ထောင်သောင်းမကသောဘီလူးတို့၏ဦးခေါင်းတို့ကို ပိုင်းဖြတ်လျက် နတ်မင်းကြီးလက်အတွင်းသို့ ပြန်လည်ဆိုက်ရောက်လာ၏။

(၃) ယမမင်း အမျက်ရှ၍ နယနာဝုဓ= မျက်လုံးလက်နက်ဖြင့် စိမ်းစိမ်းဝါးဝါးကြည့်ရှုခဲ့သော် ထောင်သောင်းမကသော ဂုမ္ဘာဏ်တို့သည် အိုးခင်းပူပူ၌ထည့်၍ လှော်အပ်သောနှမ်းကဲ့သို့ တဖျစ်ဖျစ်မည်လျက် ကျေမွပျက်စီး၍သွားကြ၏။

(၄) အာဠဝကဘီလူးကြီးသည် ဘွဲ့ဖြူလက်နက်ကို အထက်ကောင်းကင်သို့ ပစ်ခဲ့သော် တစ်ဆယ့်နှစ်နှစ်မိုးမရွာ၊ မြေပြင်၌ပစ်ခဲ့သော် ရှိရှိသမျှသော သစ်ပင်ဝါးပင်အပေါင်းတို့ လောင်ကျွမ်းပျက်စီးသွားပြီး တစ်ဆယ့်နှစ်နှစ်အတွင်း၌ ပြန်လည်မပေါက်နိုင်။ သမုဒ္ဒရာအတွင်းသို့ ပစ်ခွင်းသော်ကား သမုဒ္ဒရာရေများသည် အိုးခင်းပူပူ၌ချအပ်သော ရေပေါက်ရေစက်ပမာ လျှင်မြန်စွာ ခန်းခြောက်သွားနိုင်သည်ဟု ဆိုသည်။

ဤကား သံယုတ်အဋ္ဌကထာ၌ ဖော်ပြသောလက်နက်ကြီးလေးပါးဖြစ်သည်။ ဤလေးပါးတို့၌ မာရ်နတ်မင်း၏စက်နက်ကို

ထည့်သော် (၅)ပါးဖြစ်သည်။မာရ်နတ်မင်းသည် ဗောဓိပင်နှင့်ရွှေပလ္လင်ကိုလုစဉ်က ၌ကြုံစက်လက်နက်ဖြင့် ဘုရားလောင်းတော်အား တိုက်ခိုက်ပစ်ခတ်ခဲ့ဖူးသည်။ မာရ်မင်း၏စက်လက်နက်သည် တခဲနက်သော ကျောက်တိုင်ကျောက်ဆိုင် ကျောက်တုံးကြီးများကိုပင် ဝါးမျှစ်နုနုထွတ်ထွတ်ကလေးများပမာ လွယ်ကူစွာ ချေမွဖျက်ဆီးပစ်နိုင်သော အစွမ်းသတ္တိရှိ၏။ (ဇာတ် ၄-ပ-၈၆)

ထို့ကြောင့် စက္ကာဝုဓလက္ခဏာတော်အရ သိကြားမင်း၏ ဝရဇိန်လက်နက်ကို ဖြစ်စေ၊ မာရ်နတ်မင်း၏ စက်လက်နက်ကို ဖြစ်စေ နှစ်သက်ရာယူနိုင်ပါသည်။

◻

## ၁၈။ သတ္တမဟာဂင်္ဂါ = ဂင်္ဂါမြစ်ကြီးခုနှစ်စင်း

သီဒါခုနှစ်တန်၊ တောင်စဉ်ခုနှစ်ထပ်၊ အိုင်ကြီးခုနှစ်အိုင်တို့ကို ရေတွက်ဖော်ပြရာ၌ အနာဂတဝင်အဋ္ဌကထာနှင့် ဇိနာလင်္ကာရဋီကာတို့ မတူညီဘဲ ရှေ့နောက်ကွဲလွဲနေသည်။

အနာဂတဝင်အဋ္ဌကထာ၌- (၁) သတ္တမဟာဂင်္ဂါ၊ (၂) သတ္တမဟာသေလာ၊ (၃) သတ္တမဟာသရာဟုရှိပြီး

ဇိနာလင်္ကာရဋီကာ၌- (၁)သတ္တမဟာဂင်္ဂါ၊ (၂) သတ္တကုလပဗ္ဗတာ (၃) သတ္တသီဒန္တသာဂရာ ဟုရှိနေသည်။

နံပါတ်(၁) (၂)ဖြစ်သော ဂင်္ဂါခုနှစ်တန်နှင့် တောင်စဉ်ခုနှစ်ထပ်ကို ဖော်ပြပုံချင်းတူညီသော်လည်း နံပါတ်(၃)မှာမူ မတူညီချေ။ အနာဂတဝင်က အိုင်ကြီးခုနှစ်အိုင်ဟုဆိုပြီး၊ ဇိနာလင်္ကာရက သီဒါခုနှစ်တန်ဟု ဆိုသည်။ သတ္တမဟာဂင်္ဂါ = ဂင်္ဂါမြစ်ကြီးခုနှစ်စင်းဟု နှစ်ကျမ်းလုံးက တညီတညွတ်တည်းဆိုသော်လည်း ကျမ်းဂန်တို့၌ ဂင်္ဂါမြစ်ကြီးခုနှစ်စင်း မရှိ။ ငါးခုသာရှိ၏။ ၎င်းတို့မှာ- (၁) အာဝဋ္ဋဂင်္ဂါ (၂) ကဏှဂင်္ဂါ၊ (၃) အာကာသဂင်္ဂါ၊ (၄) ဗဟဂင်္ဂါနှင့် (၅) ဥမင်္ဂဂင်္ဂါတို့ဖြစ်သည်။

(အင်္ဂုတ္တိုရ်အဋ္ဌကထာ၊ မဇ္ဈိမပဏ္ဏာသအဋ္ဌကာနှင့် သာရတ္ထဋီကာ) တို့ကြောင့် အရှင်မဟာရဋ္ဌသာရမှစပြီး စက်လက္ခဏာမူအများ၌

သတ္တမဟာဂင်္ဂါအရ သီဒါခုနှစ်တန်ကိုသာ ယူကြသည်။ ပုဂံပုံတော်၌ ကား အိုင်ကြီးခုနစ်အိုင်ကိုယူထားသည်။

သီဒါခုနှစ်တန်ဆိုသည်မှာ မြင့်မိုရ်တောင်ကြီးကို ခုနှစ်ပတ် ပတ်၍ ခုနှစ်ထပ်လှည့်ပတ်ကာရံနေသော တောင်စဉ်ခုနှစ်ထပ်တို့၏ အကြား၌ တည်ရှိသော သမုဒ္ဒရာခုနှစ်စင်းကို ခေါ်ခြင်းဖြစ်ပါသည်။ ထိုသမုဒ္ဒရာတို့၌ တည်ရှိသောရေတို့သည် အလွန်သန့်ရှင်းကြည်လင်၏။ ထိုရေ၌ကျသော အရာဝတ္ထုမှန်သမျှသည် ရေ၌ ချက်ချင်းနစ်မြုပ်သွား၏။ အလွန်နူးညံ့ပေါ့ပါးသော ငှက်မွေးငှက်တောင်ကလေးများသည် ပင် ရေ၌မပေါ်နိုင် ချက်ချင်းနစ်မြုပ်သွား၏။ ထို့ကြောင့် သီဒတိ ဧတ္ထာတိသီဒါ၊ ဧတ္ထ ဤသမုဒ္ဒရာရေ၌၊ သဗ္ဗော ခပ်သိမ်းသောအရာ ဝတ္ထုသည်၊ သီဒတိ နစ်မြုပ်၏၊ ဣတိကသ္မာ တို့ကြောင့်၊ သာ ထို သမုဒ္ဒရာသည်၊ သီဒါ သီဒါမည်၏ဟုသာ ရတ္တဋီကာ ဝိဂြိုဟ်ဆိုပါ သည်။

(သာရတ္ထ - ၁-၂၅၃)

## ၁၉။ သတ္တကုလပဗ္ဗတာ = တောင်စဉ်ခုနှစ်ထပ်

မြင့်မိုရ်တောင်ကြီးကို ခုနစ်ပတ် ပတ်၍ ခုနစ်ထပ်ရစ်ပတ်နေသော တောင်ပိုင်းကြီးများမှာ-

၁။ ယုဂန္ဓိုရ်တောင်

၂။ ဤသဓရတောင်

၃။ ကရဝီကတောင်

၄။ သုဒဿနတောင်

၅။ နေမိန္ဓရတောင်

၆။ ဝိနတကတောင်နှင့်

၇။ အဿကဏ်တောင်တို့ ဖြစ်ကြသည်။

ဤကား ဝိသုဒ္ဓိမဂ်နှင့် ပါရာဇိကဏ်အဋ္ဌကထာတို့၌ ပြအပ်သော တောင်စဉ်ခုနှစ်ထပ် တည်နေပုံအစဉ်တည်း။

**ယုဂန္ဓရော ဤသဓရော၊ကရဝီကော သုဒဿနော၊**

**နေမိန္ဓရော ဝိနတကော၊ အဿကဏ္ဏော ဂိရီမဟာ။**

(ဝိသုဒ္ဓိမဂ် - ပ- ၂၀၀)

## ၂၀။ သတ္တမဟာသရာ = အိုင်ကြီးခုနှစ်အိုင်

ရေအိုင်ကြီးခုနှစ်အိုင်တို့မှာ-

၁။ အနောတတ္တအိုင်

၂။ ကဏ္ဍမုဏ္ဍအိုင်

၃။ ရထကာရအိုင်

၄။ ဆဒ္ဒန္တအိုင်

၅။ ကုဏာလအိုင်

၆။ မန္ဒာကိနီအိုင်နှင့်

၇။ သီဟပပါတအိုင်တို့ဖြစ်သည်။

## ၂၁။ ဇေယျဝဍ္ဎနပဋ္ဋိမာ = ဇေယျဝဍ္ဎနဆင်မင်း

ဇေယျဝဍ္ဎနဆင်သည် သိကြားမင်း၏ စီးတော်ဆင်ဖြစ်သည်။ ဆင်ဆိုသော်လည်း တိရစ္ဆာန်မဟုတ်၊ နတ်သားတစ်ယောက်ဖြစ်သည်။ နတ်ပြည်၌ တိရစ္ဆာန်မရှိပေ။ ဇေယျဝဍ္ဎနနတ်သားသည် လူ့ပြည်၌ မဃလုလင်တို့ ကုသိုလ်ပြုစဉ်ကအသုံးပြုခဲ့သော ကုသိုလ်ပြုဘက် ပါရမီဖြည့်ဘက်ဆင်ကြီးဖြစ်သည်။ မဃလုလင်နှင့် ကုသိုလ်အတူပြုကြသော အမျိုးကောင်းသား သုံးဆယ့်သုံးယောက်တို့ တာဝတိံသာနတ်ပြည်၌ နတ်မင်းများဖြစ်ကြသောအခါ ထိုဆင်ကြီးသည်လည်း မဃလုလင်တို့နည်းတူ တာဝတိံသာ၌ နတ်သားဖြစ်သည်။ ဇေယျဝဍ္ဎနနတ်သားသည် သိကြားမင်းနှင့် သုံးဆယ့်သုံးပါးသောနတ်မင်းတို့ နန္ဒဝန်ဥယျာဉ်တော်သို့ အပျော်အပါးထွက်သောအခါ ထိုနတ်မင်းကြီးများစီးရန် ဦးခေါင်းသုံးဆယ့်သုံးလုံးရှိသောဆင်ကြီး ဖန်ဆင်းပေး၏။ ထိုဇေယျဝဍ္ဎနဆင်ကြီး၏ခန္ဓာကိုယ်သည် ယူဇနာ(၂၅၀)ရှိ၏။ ဦးခေါင်းတစ်လုံးတစ်လုံးသည် တစ်ဂါဝုတ်၊ နှစ်ဂါဝုတ်စီရှိ၏။ ဦးခေါင်း (၃၂) လုံးတို့၏အလယ်၌ သိကြားမင်းအတွက် သီးသန့်ဖန်ဆင်းအပ်သော ဦးခေါင်းသည် ယူဇနာသုံးဆယ်ရှိ၏။ သိကြားမင်းနှင့်တကွ သုံးကျိပ်သုံးပါးသောနတ်မင်းတို့သည် ဇေယျဝဍ္ဎနဆင်ကြီးကိုစီး၍ နတ်အပေါင်းခြံရံလျက် ကြီးကျယ်ခမ်းနားစွာ ဥယျာဉ်တော်သို့ ထွက်တော်မူကြ

သည်။

(ဓမ္မပဒ - ဌ-ပ-၁၇၄၊ သာရတ္ထ-ပ-၂၆၈)

ဧရာဝဏ်နတ်ဆင်ကြီး၏ သရုပ်သကန်ကို ပေါ်လွင်စေရန် အနုပညာရှင်တို့က ဦးခေါင်းသုံးလုံးအသွင်သဏ္ဍာန်ဖြင့် ဧရာဝဏ်ဆင်မင်း၏ပုံသဏ္ဌာန်ကို သရုပ်ဖော်ပြကြသည်။ ပုဂံစက်လက္ခဏာပုံတော်၌ကား ရိုးရိုးဦးခေါင်းတစ်လုံးနှင့်ဆင်ဖြစ်သည်။ ခြောက်ထပ်ကြီးရွှေသာလျောင်းဘုရားကြီး စက်လက္ခဏာတော်၌ ပန်းပုဆရာစိတ်တိုင်းကျ လက်စွမ်းပြ၍ ဦးခေါင်းသုံးလုံးနှင့် ဆင်ပုံထုလုပ်ထားသည်။

◻

## ၂၂။ ကိန္နရ = ကိန္နရာ

ကိံသဒိသော နရေနာတိကိန္နရာ

နရေန လူနှင့်၊ သဒိသော တူသောသားကောင်သည်၊ ကိံ ဘာကောင်မည်ပါသနည်း၊ ဣတိ ထိုသို့မေးမြန်းရအောင် လူနှင့်တူ သောကြောင့်၊ ကိန္နရာ- ကိန္နရာမည်၏။

သည်အကောင်ကလေးက လူနှင့်တူလှပါလား၊ ဘာကောင် လို့ခေါ်ပါသလဲဟု မေးယူရအောင် လူနှင့်အလွန်တူသောကြောင့် ကိန္နရာဟုခေါ်သည်။ ကိန္နရာများသည် အိန္ဒိယနိုင်ငံမြောက်ပိုင်း ဟိမဝန္တာတော။ ၄င်းနှင့်တစ်ဆက်တစ်စပ်တည်းတည်ရှိသော တောကြီး များ၌ နေထိုင်ကျက်စားလေ့ရှိသည်။

လူ့ဘာသာစကားကို ပြောဆိုတတ်သော်လည်း မုသား ပြောဆိုမည်ကိုလည်းကောင်း၊ သူတစ်ပါးတို့အား မဟုတ်မမှန် ကဲ့ရဲ့စွပ်စွဲ မိမည်ကိုလည်းကောင်း ကြောက်သောကြောင့် လူစကားကို နားလည် သော်လည်း မပြောဆိုဘဲ နေကြသည်ဟုဆိုသည်။ သီရိဓမ္မာသောက မင်းကြီးအား မုဆိုးတို့က ကိန္နရာတစ်ကောင်ကိုဆက်သလာရာ မင်းကြီး က လူစကားကို အပြောခိုင်းသည်။ ကိန္နရာက မပြော။ ကိန္နရာ အကြောင်းသိသူတစ်ယောက်က စကားပြောအောင် သူလုပ်ပါမည်ဟု တာဝန်ယူပြီး၊ ကိန္နရာရှေ့၌ သစ်ငုတ်နှစ်ငုတ်ကိုစိုက်၍ ထမင်းအိုး

တည်သည်။ ထမင်းအိုးမှောက်ကျသည်ကိုမြင်သော် "သစ်ငုတ် တစ်ငုတ်ကို ထပ်၍စိုက်ရန်မသင့်သလော"ဟု ကိန္နရာကပြောသည်။

ထို့နောက် အသောကမင်းကြီးအား နောက်ထပ်ကိန္နရာ နှစ်ကောင်ကို ဆက်သရာ၌လည်း လူစကားကိုမပြောသောကြောင့် ဈေးသို့ခေါ်သွားကြသည်။ သရက်သီးမှည့်နှင့် သားငါးများကို တွေ့မြင်သောအခါ "လူတွေဟာ အဆိပ်တွေကိုစားနေကြသည်၊ ညှင်းစွဲကုန်တော့မှာပဲ"ဟု ကိန္နရာတစ်ကောင်ကပြောသည်။ အခြားတစ်ကောင်ကလည်း သီးသီးနှင့်မန်းကျည်းသီးကိုမြင်လျှင် "လူတွေ နူကုန်တော့မှာဘဲ"ဟုပြောကြောင်း အင်္ဂုတ္တိုရ်အဋ္ဌကထာဒုတိယတွဲ (နှာ-၅၁-၅၂)တို့၌ ဖော်ပြပါသည်။ ။

၀

## ၂၃။ ကရဝိကော = ကရဝိက်ငှက်မင်း

ကလံရဝတီတိကရဝိကော။ ကလံ ဖြေးညှင်းသာယာသော အသံကို၊ ရဝတိ တွန်ကြူးတတ်၏။ ဣတိတသ္မာ ထို့ကြောင့်၊ ရကဝိကော ကရဝိကမည်၏။ ဖြေးညှင်းသာယာသောအသံကို တွန်ကြူးတတ်သောငှက်ဟု ဆိုပါသည်။ ၎င်းကရဝိက်ငှက်၏အသံ သည် အလွန်သာယာနာပျော်ဖွယ်ကောင်းသောကြောင့် မြတ်စွာဘုရား အသံတော်နှင့် နှိုင်းယှဉ်၍ပြကြ၏။

ယဿသရော ဘဂဝတော သရေန ဥပမီယတေ၊ သောဝုစ္စ တိ ကရဝိကောတိ။ ယဿ သကုဏဿ အကြင်ငှက်၏၊ သရော အသံကို၊ ဘဂဝတော မြတ်စွာဘုရား၏၊ သရေန အသံတော်နှင့်၊ ဥပမီယတေ နှိုင်းယှဉ်အပ်၏၊ သောသကုဏော ထိုငှက်ကို၊ ကရဝိကော တိ ကရဝိက်ငှက်ဟူ၍၊ ဝုစ္စတိ ဆိုအပ်၏။

(အဘိဓာန်ဋီကာ)

အချို့က ဥသြငှက်ကို ကရဝိက်ဟုဆိုကြ၏။ ထိုစကား မသင့်ပါ။ အဘယ်ကြောင့်ဆိုသော် ဥသြငှက်သည် လူတို့နေထိုင်ရာ မြို့ရွာအနီး၌နေသော ငှက်မျိုးဖြစ်၍ မြန်မာနိုင်ငံအရပ်ရပ်၌ နွေဦး ပေါက်ချိန်မှစ၍ နွေနှောင်းကာလအထိ တွေ့မြင်နေရ၏။ သူ၏အသံကို လည်း ကြားနေရ၏။ ကရဝိတ်ငှက်သည်ကား လူတို့ရွာနေဖြစ်သော

မြို့ရွာအနီး၌ မနေ။ လူမနီးသော ဟိမဝန္တာတောကြီးအတွင်း၌သာ နေသော ငှက်ဖြစ်သောကြောင့်ပေတည်း။ ထိုစကားကို အနည်းငယ် ချဲ့၍ ပြပါဦးမည်။ သီရိဓမ္မာသောကမင်းကြီး၏ မိဖုရားအသန္ဓိမိတ္တာသည် မြတ်စွာဘုရား၏အသံတော်ကို ကြားနာလိုသဖြင့် "အရှင်ဘုရားတို့ မြတ်စွာဘုရား၏အသံနှင့်တူသော တစ်စုံတစ်ယောက်သောသူ၏ အသံသည် ရှိပါသလော"ဟု သံဃာတော်အား မေးမြန်းပါသည်။ "ရှိပါသည်မိဖုရားကြီး၊ ကရဝိက်ငှက်၏အသံသည် မြတ်စွာဘုရားအသံနှင့်တူပါသည်။"ဟု သံဃာတော်က ဖြေကြားရာ ထိုကရဝိက်ငှက်သည် ဘယ်အရပ်ဒေသ၌ရှိပါသနည်းဟု မိဖုရားကြီးက ထပ်မံ၍ မေးသည်။ ဟိမဝန္တာ၌ရှိကြောင်း သံဃာတော်က မိန့်ကြားသောအခါ မိဖုရားကြီးသည် အသောကမင်းကြီးအား "ကရဝိက်ငှက်ကို တွေ့မြင်လိုကြောင်း၊ သူ၏အသံကိုလည်း ကြားလိုကြောင်း" သံတော်ဦးတင်သည်။ အသောကမင်းကြီးသည် ရွှေလှောင်အိမ်ကို အလုပ်ခိုင်းပြီးလျှင် အထက်အောက်တစ်ယူဇနာစီ အာဏာစက်ပြန့်သော မိမိ၏အမိန့်တော်ဖြင့် "ဤရွှေလှောင်အိမ်အတွင်းသို့ဝင်၍ ကရဝိက်ငှက် ရောက်စေသတည်း"ဟု အမိန့်တော်ပြန်၍ ရွှေလှောင်အိမ်ကို လွှတ်တော်မူသည်။ ရွှေလှောင်အိမ်သည် ကောင်းကင်သို့ပျံတက်သွားပြီးလျှင် ဟိမဝန္တာတွင် နေသော ကရဝိက်ငှက်တစ်ကောင်၏ရှေ့၌ တည်လေ၏။ ထိုကရဝိက်ငှက်သည် မင်း၏အမိန့်တော်ဖြင့် ရွှေလှောင်အိမ် ငါ့ထံသို့ရောက်လာပြီး ငါမသွား၍မဖြစ်၊ လိုက်သွားမှဖြစ်ချေမည်ဟု ကြံ၍ ရွှေလှောင်အိမ်သို့

ဝင်လေ၏။ ကရဝိက်ငှက် လှောင်အိမ်အတွင်းသို့ရောက်သည်နှင့် တပြိုင်နက် ရွှေလှောင်အိမ်သည် ကောင်းကင်သို့ပျံတက်လျက် အသော ကမင်းကြီး၏ ရှေ့တော်မှောက်သို့ ပြန်လည်ဆိုက်ရောက်လာသည်။

ကရဝိက်ငှက်သည် မင်းကြီးထံသို့ရောက်လာသော်လည်း မတွန်ကြူးသောကြောင့် အသံကိုနားထောင်လိုသော အသန္ဓိမိတ္တာ မိဖုရားကြီး၏ အလိုဆန္ဒမပြည့်ဝဘဲ ဖြစ်နေသည်။ ထို့ကြောင့် အသောကမင်းကြီးသည် ကရဝိက်ငှက်မတွန်ကြူးခြင်းအကြောင်းကို ပညာရှိတို့အား မေးမြန်းပြီး ကရဝိက်ငှက်တွန်ကြူးစေရန် အကြံဉာဏ် ကိုလည်း တောင်းခံသည်။ မိမိဆွေမျိုးဖြစ်သော ကရဝိက်များကို မတွေ့ရသောကြောင့် မတွန်ကြူးခြင်းဖြစ်နိုင်ကြောင်း။ သို့ဖြစ်၍ ၎င်း၏ ပတ်ပတ်လည်မှ ကြေးမုံ(မှန်များ)ကို ထောင်ထားလျှင် ကြေးမုံပြင်၌ ထင်သောအရိပ်ကို အဖော်ကရဝိက်များဟု အထင်မှားလျက် တွန်ကြူး ပါလိမ့်မည်ဟု ပညာရှိတို့က အကြံပေးကြသည်။

ပညာရှိတို့ သံတော်ဦးတင်သည့်အတိုင်း ကြေးမုံများကို ကာရံစေရာ ကရဝိက်ငှက်သည် ကြေးမုံပြင်၌ထင်သော မိမိ၏ရုပ်သွင် ကို အဖော်ကရဝိက်များဟုထင်မှတ်ပြီး အတောင်နှစ်ဖက်ကိုခတ်လျက် ဝမ်းမြောက်ဝမ်းသာ တွန်ကြူးရှာလေ၏။ ၎င်း၏တွန်ကြူးသံသည် ပတ္တမြားပွေ့ကိုမှုတ်သကဲ့သို့ အလွန်သာယာသည်ဟု ဆိုပါသည်။ ကရဝိက်ငှက်၏တွန်သံကို ကြားရသူအပေါင်းသည် ဝမ်းသာအားရ အလွန်ပင်ကျေနပ်လျက် ရှိနေကြလေ၏။

အသန္ဒိမိတ္တာ မိဖုရားကြီးသည်ကား "တိရစ္ဆာန်ဖြစ်သော ကရဝိက်ငှက်၏အသံသည်ပင် ဤမျှသာယာနာပျော်ဘွယ်ကောင်းပါလျှင် သဗ္ဗညုတဉာဏ်တော်ရှင် မြတ်စွာဘုရားသခင်၏အသံတော်သည် ဘယ်လောက်များ သာယာနာပျော်ဘွယ်ကောင်းလေမည်နည်း" ဟု တွေးတောဆင်ခြင်လျက် ဗုဒ္ဓါရမ္မဏာပီတိကို အရင်းခံပြီးလျှင် ရံရွေတော်ခုနစ်ရာနှင့်အတူ သောတာပတ္တိဖိုလ်၌ တည်ကြကုန်၏။

(မဟာပဒါနသုတ်အဋ္ဌကထာ)

ဤရှင်းလင်းဖော်ပြပြီးခဲ့သော လက္ခဏာတို့မှ ကြွင်းသော လက္ခဏာများသည် သိသာထင်ရှားပြီးဖြစ်၍ ရှင်းလင်းပြရန် မလိုတော့ပါ။ နောက်ဆုံးဖြစ်သော ဗြဟ္မာတစ်ဆယ့်ခြောက်ဘုံဆိုသည်မှာ ရူပါဝစရ တစ်ဆယ့်ခြောက်ဘုံဖြစ်သည်။ အရူပါဝစရဗြဟ္မာတို့မှာ ရုပ်တရားမရှိ။ နာမ်တရားမျှသာရှိကြ၍ စက်လက္ခဏာတော်၌မထင်ဟု မှတ်ယူရပါမည်။

◻

## ပဝါးတော်အပြင်၌ စက်လက္ခဏာတော်ထင်ခြင်း၏ အကြောင်းကံ(၄)ပါး

အံ့ဩဘွယ်ရာ စက်လက္ခဏာတော်များကို ကြည့်ရှုဖူးမြော်ကြပြီးလျှင် စိတ်ပါဝင်စားသူအချို့က ယခုလို မြတ်စွာဘုရားခြေဖဝါးတော်တို့၌ စက်လက္ခဏာများထင်ခြင်းသည် ဘယ်လိုကုသိုလ်ကောင်းမှုတွေကို ပြုခဲ့လို့ထင်ပါသနည်း။ ယခုလိုစက်လက္ခဏာတော်များနှင့် ပြည့်စုံသောကြောင့် ဘယ်လိုအကျိုးထူးတရားများကို ရပါသနည်းဟု မေးမြန်းတတ်ကြပါသည်။ အချို့ကမူ စက်လက္ခဏာတစ်ရာ့ရှစ်ပါးတို့ အနက်မှ လက္ခဏာတစ်ပါးချင်းစီ၏ အကြောင်းကံနှင့် အကျိုးအာနိသင်တို့ကိုပင် အသေးစိတ်သိလိုသဖြင့် မေးမြန်းတတ်ကြပါသည်။ စက်လက္ခဏာတစ်ပါးချင်းစီ၏ အကြောင်းကံနှင့် အကျိုးအာနိသင်များကို အသေးစိတ်ဟောကြားထားခြင်း ကျမ်းဂန်တို့၌မရှိသောကြောင့် မဖော်ပြနိုင်ပါ။ ဖဝါးတော်အပြင်တို့၌ စက်လက္ခဏာတော်များထင်ခြင်းသည် မဟာပုရိသလက္ခဏာ(၃၂)ပါးတို့တွင် လက္ခဏာတစ်ပါးသာဖြစ်သည်။ ထိုဖဝါးတော်အပြင်တို့၌ စက်လက္ခဏာတော်ထင်ခြင်း (ပါဒတလစက္ကလက္ခဏာ)၏ အကြောင်းကံနှင့် အကျိုးအာနိသင်များကိုမူကား ကျမ်းဂန်တို့၌ အကျယ်တဝင့် အများအပြားပင် ဟောကြားထားပါသည်။

ဤတစ်ရာ့ရှစ်ပါးသော စက်လက္ခဏာတော်များကို မြတ်စွာ

ဘုရား၏ဖြစ်တော်ပေါင်းဟု အထင်မှားတတ်ကြသောကြောင့် ဖြစ်တော်ပေါင်းမဟုတ်ကြောင်းကို ရှင်းပြစဉ်က စက်လက္ခဏာတော်ထင်ခြင်း၏ အကြောင်းကံနှင့် အကျိုးအာနိသင်အချို့ကို အနည်းငယ် စာမျက်နှာ(၆၀) ဖော်ပြခဲ့ပါပြီ။ သို့သော်လည်း ယခုပါဒတလစက္ကလက္ခဏာ၏ အကြောင်းဖြစ်သော ကုသိုလ်ကံနှင့် အကျိုးတရားများကို ကျမ်းဂန်တို့၌ ဟောကြားထားသည့်အတိုင်း သုတေသီများအတွက် ထပ်မံ၍ ဖော်ပြပါဦးမည်။

ဖဝါးတော်၌ စက်လက္ခဏာထင်ခြင်း၏ အကြောင်းလေးပါးတို့မှာ-

၁။ မြတ်စွာဘုရားသခင်သည် ရှေးရှေးသောဘဝများစွာတို့ကသတ္တဝါများချမ်းသာအောင် အထူးအားထုတ်ဆောင်ရွက်ခဲ့ခြင်း။

၂။ သူခိုးဓားမြ သူပုန်သူကန်အစရှိသော ဘေးရန်အမျိုးမျိုးတို့ကြောင့် ထိတ်လန့်ကြောက်ရွံ့နေသူများ ထိတ်လန့်ကြောက်ရွံ့ခြင်းကင်းအောင် ဆောင်ရွက်ပေးခြင်း။

၃။ အခက်အခဲအမျိုးမျိုးတို့ဖြင့် အတိဒုက္ခရောက်နေကြသူများကို အတိဒုက္ခတို့မှလွတ်မြောက်အောင် ကူညီဖေးမဆောင်ရွက်ခြင်းနှင့်

၄။ ကုသိုလ်ကောင်းမှုပြုလုပ်ရာ၌ အခြံအရံမြောက်များစွာတို့ဖြင့် ဖွယ်ဖွယ်ရာရာ ပြည့်ပြည့်စုံစုံ အလုံအလောက် လှူဒါန်းခြင်းတို့ဖြစ်သည်။ ဤသို့ ဘဝပေါင်းများစွာ ဆည်းပူးအားထုတ်ခဲ့သော ကုသိုလ်ကံစေတနာတို့ကြောင့် မြတ်စွာဘုရား၏ ခြေဖဝါးတော်

နှစ်ဖက်တို့၌ စက်လက္ခဏာတော် ထင်ဟတ်ပေါ်လွင်နေခြင်း
ဖြစ်သည်။

(ဤကား:စက်လက္ခဏာတော်ထင်ခြင်း၏ ကုသိုလ်ကံတည်း)

ဝ

## စက်လက္ခဏာတော်၏အကျိုးများ

ဤစက်လက္ခဏာတော်နှင့် ပြည့်စုံခြင်းကြောင့် တပည့်သံဃာ ဒါယကာ ဒါယိကာမတို့မှစ၍ အခြွေအရံ ပရိသတ်များခြင်း အစရှိသော အကျိုးထူးများကို ရရှိတော်မူသည်။

### ဆောင်ပုဒ်

သူ့ချမ်းသာဆောင်၊ မကြောက်အောင်ရှယ်၊ စောင့်ရှောက်ကယ်၍ ဖွယ်ရာခြံရံ၊ လှူဒါန်ကြောင့်၊ ဝန်းရံပတ်လျက် ရာရှစ်ကွက်ဖြင့်၊ ပြချက်ပုံတောင်း အကွက်ဆောင်း၍၊ ထောင်ပေါင်းအကန့် ရှင်းသန့်ပြတ်သား၊ ခြေဖဝါး၌ ကြီးမားတေဇော်၊ စက်တော်ရတနာ၊ လက္ခဏာဖြင့် မကွာခစား ထံတော်ပါးဝယ် များသောအခြံအရံ ရှိတော်မူသော မြတ်စွာဘုရား မြတ်စွာဘုရား။ ။

စက်လက္ခဏာတော်၏ အကျိုးကို လက္ခဏသုတ်ပါဠိတော်၌ ဤမျှသာ အကျဉ်းအားဖြင့်ဟောခဲ့သော်လည်း အဋ္ဌကထာ၊ ဋီကာတို့၌ အကျယ်တဝင့် အများအပြားဖော်ပြကြပါသည်။

သဗ္ဗညုမြတ်စွာဘုရားသည် တိတ္ထိတို့ကို နှိမ်နင်းခြင်းအကျိုးငှာ သာဝတ္ထိပြည်၌ ရေမီးအစုံအစုံသော ယမကပါဋိဟာရိယ တန်ခိုးပြာဋိဟာတို့ကို ပြပြီးလျှင် အဘိဓမ္မာတရားဟောကြားရန် တာဝတိံသာနတ်

ပြည်သို့ ကြွသွားတော်မူသည်။ ထိုသို့ ကြွသွားရာ၌ တန်ခိုးပြရာ သာဝတ္ထိပြည်မှ ယုဂန္ဓိုရ်တောင်ထိပ်သို့ တစ်လှမ်းနှင့် ယုဂန္ဓိုရ်တောင် ထိပ်မှ တာဝတိံသာနတ်ပြည်သို့ တစ်လှမ်းလှမ်းခြင်းအားဖြင့် နှစ်လှမ်း နှင့်အရောက် ကြွတော်မူသည်။ ထိုသို့လှမ်းကြွရာ၌ ပထမခြေလှမ်းကို လှမ်းတော်မူသည်နှင့်တပြိုင်နက် ယုဂန္ဓိုရ်တောင်ကြီးသည် ရေနွေး ပူပူဖြင့် နူးအိအောင်ပြုတ်ထားသော ကြိမ်ညွန့်ကဲ့သို့ ပျော့ပျောင်း ပျော့ညွတ်လျက် မြတ်စွာဘုရားခြေတော်အနီးသို့ လာ၍ ခြေတော်ကို ခံယူသည်။ ခံယူပြီးနောက် ချက်ချင်းပင် မိမိနေရာသို့ ပကတိအတိုင်း ပြန်၍တည်သည်။ မြတ်စွာဘုရားသည် ထိုယုဂန္ဓိုရ်တောင်ကြီးကို နင်းလျက် ဒုတိယခြေလှမ်းဖြင့် တာဝတိံသာနတ်ပြည်ကို လှမ်း၍ နင်းတော်မူသည်။ တာဝတိံသာနတ်ပြည်သည်လည်း ယုဂန္ဓိုရ်တောင် ကြီးအလား မြတ်စွာဘုရားအနီးသို့ ကိုင်းညွတ်ခံယူပြီး မိမိ၏မူလနေရာ ၌ ပကတိအတိုင်း ပြန်ပြီးတည်နေသည်။

ဤသို့ ယုဂန္ဓိုရ်တောင်ကြီးနှင့် တာဝတိံသာနတ်ပြည်တို့ မြတ်စွာဘုရားလှမ်းနေကြ ပကတိခြေလှမ်းတစ်လှမ်းစာအရပ်သို့ ကွေးညွတ်ခံယူခြင်းသည် ဘုရားရှင်၏ တန်ခိုးတော်လည်းမဟုတ်။ နတ်ဒေဝါတို့၏ တန်ခိုးလည်းမဟုတ်၊ စက်လက္ခဏာတော်၏ တန်ခိုး အာနုဘော်သာဖြစ်ကြောင်း မိန့်ဆိုတော်မူကြသည်။

**ယုဂန္ဓရပဗ္ဗတဿ တာဝတိံသဘဝနဿစ ပကတိ**
**ပဒနိက္ခေပဋ္ဌာနုပသင်္ကမနေ နေဝဗုဒ္ဓါနံ။**

**နဒေဝတာနံ အာနု ဘာဝေါ။ အထခေါ ဗုဒ္ဓါနံ**

**လက္ခဏာနုဘာဝေါတိ ဉာမမတ္တံ နိဒဿိတံ။ ။**

(မဇ္ဈိမပဏ္ဏာသဋီကာ- ၁၇၂)

ယုဂန္ဓရပဗ္ဗတဿစ ယုဂန္ဓိုရ်တောင်ကြီး၏လည်းကောင်း၊ တာဝတိံသဘဝနဿစ၊ တာဝတိံသာနတ်ပြည်၏လည်းကောင်း၊ ပကတိ ပဒနိက္ခေပဋ္ဌာနုပသင်္ကမနေ၊ မြတ်စွာဘုရား၏ ပကတိခြေကြွ လှမ်းမြဲ ကြွလှမ်းရာအနီးသို့ ချဉ်းကပ်ခြင်း၌၊ ဗုဒ္ဓါနံ ဘုရားရှင်တို့၏၊ နအာနုဘာဝေါ တန်ခိုးအာနုဘော်လည်းမဟုတ်။ ဒေဝတာနံ နတ် ဒေဝါတို့၏၊ နအာနုဘာဝေါ တန်ခိုးအာနုဘော်လည်းမဟုတ်။ အထခေါ အမှန်သော်ကား၊ ဗုဒ္ဓါနံဘုရားရှင်တို့၏၊ လက္ခဏာနုဘာဝေါ စက် လက္ခဏာတော်၏ တန်ခိုးအာနုဘော်သာတည်း။ ဉာမံအတ္တံ - ဤဆိုခဲ့ပြီးအနက်ကို နိဒဿိတံ ညွှန်ပြတော်မူ၏။

စက်လက္ခဏာတော်၏ တန်ခိုးအာနုဘော်သည် ယုဂန္ဓိုရ် တောင်ကြီးနှင့် တာဝတိံသာနတ်ပြည်တို့၏ ဦးညွတ်လျက် ခြေတော်ကို ခံယူရသည်သာမဟုတ်သေး စက်လက္ခဏာတော်ပိုင်ရှင် သဗ္ဗညု မြတ်စွာဘုရားသခင် လှမ်းကြွရာအရပ်ဟူသမျှသည် ခလုတ်ကန်သင်း ကျင်းချိုင့်အနိမ့်အမြင့်ဟူ၍မရှိ။ အားလုံးညီညာပြန့်ပြူးလျက်သာ ရှိ၏။ ဆူးငြောင့်၊ ခလုတ်၊ ကန်သင်းတို့သည်လည်းကောင်း၊ ကျောက်စရစ်ခဲ အိုးခြမ်းကွဲတို့သည်လည်းကောင်း၊ ကျင်ကြီးကျင်ငယ် နှပ်တံတွေးအစ ရှိသော အညစ်အကြေးတို့သည်လည်းကောင်း၊ ဘုရားရှင်မြန်းကြွ၍

ခြေတော်ကို မချမီကပင် ဖဲခွာရှောင်ပေး အဝေးသို့သော်လည်း လွင့်ပြေး ကြလေကုန်၏။ သို့မဟုတ် မိမိတို့တည်နေရာအရပ်၌ မြေတွင် တိုးရှိုး ငုတ်လျှိုး၍သော်လည်း နေကြကုန်၏။ ဤသို့ အံ့ဘွယ်သရဲ ထူးထူး ကဲကဲဖြစ်ခြင်းသည်လည်း စက်လက္ခဏာတော်၏ အကျိုးအာနိသင် ဂုဏ်အင်တို့ပင်ဖြစ်ပေသည်။

(လက္ခဏာသုတ်အဋ္ဌကထာ-၁၀၄၊ ဗြဟ္မာသုတ်-၄-၂၅၇)

# ထုတ်မင်္ဂလာဂါထာများ

အောက်ပါထုတ်မင်္ဂလာဂါထာတို့သည်လည်း စက်လက္ခဏာတော်၏ အကျိုးအာနိသင်များကို ထုတ်ဖော်ချီးကျူးဖွဲ့ဆိုထားသောဂါထာများဖြစ်ကြသည်။

(၁) **ဂစ္ဆတော ဗုဒ္ဓသေဋ္ဌဿ ဟေဋ္ဌာပါဒတလံ မုဒု။**
**သမံ သမ္ဖုသတေ ဘူမိံ ရဇသာ နုပလိမ္ပတိ။ ။**

ဂစ္ဆတော ကြွသွားတော်မူသော၊ ဗုဒ္ဓသေဋ္ဌဿ ဘုရားမြတ်၏၊ မုဒု နူးညံ့သော၊ ပါဒတလံ ခြေဖဝါးတော်အပြင်သည်၊ သမံ အညီအညွတ်၊ ဘူမိံ မြေကို၊ သမ္ဖုသတေ ကောင်းစွာထိတော်မူ၏ (ဝါ) ဖဝါးတစ်ပြင်လုံးထိတော်မူ၏။ ရဇသာ မြူမှုံဖြင့်၊ နုပလိမ္ပတိ လိမ်းကျံတော်မမူ။ ။

(၂) **နိန္နဋ္ဌာနံ ဥန္နမတိ ဂစ္ဆန္တေ လောကနာယကေ**
**ဥန္နတဉ္စ သမံဟောတိ ပထဝီစ အစေတနာ။**

လောကနာယကေ မြတ်စွာဘုရားသည်၊ ဂစ္ဆန္တေ ကြွမြန်းလတ်သော်၊ ပထဝီစ မဟာပထဝီမြေကြီးသည်လည်း၊ အစေတနာ စိတ်မရှိဘဲလျက်၊ နိန္နဋ္ဌာနံ နိမ့်သောနေရာသည်၊ ဥန္နမတိ ဦးညွတ်၍

မြင့်တက်လာ၏၊ ဥန္နတဋ္ဌ မြင့်မောက်သောနေရာသည်လည်း၊ သမံ ညီညာပြန့်ပြူးသည်၊ ဟောတိ ဖြစ်၏။

(၃) **ပါသာဏာ သက္ခရာစေဝ ကထလာ ခါဏုကဏ္ဋကာ သဗ္ဗေ မဂ္ဂါ ဝိဝဇ္ဇန္တိ၊ ဂစ္ဆန္တေ လောကနာယကေ။ ။**

လောကနာယကေ မြတ်စွာဘုရားသည်၊ ဂစ္ဆန္တေ ကြွမြန်း သည်ရှိသော်၊ ပါသာဏာစ ကျောက်ခဲတို့သည်လည်းကောင်း၊ သက္ခရာစ ကျောက်စရစ်တို့သည်လည်းကောင်း၊ ကထလာစ အိုးခြမ်း ကွဲတို့သည်လည်းကောင်း၊ ခါဏုကဏ္ဋကာစ သစ်ငုတ်ဆူးငြောင့်တို့ သည်လည်းကောင်း၊ သဗ္ဗေ ခပ်သိမ်းကုန်သောအနှောင့်အယှက် အညစ် အကြေးတို့သည်။ မဂ္ဂါ လမ်းခရီးမှ။ ဝိဝဇ္ဇန္တိ ဖဲခွာရှောင်ပေး အဝေးသို့ ပြေးကြလေကုန်၏။

(မ-၄-၃-၁၆)

◻

## ခြေမနင်းဘဲ ကြွစမြဲ
## စောကဲဘယ့်ကြောင့်ကြွနိုင်သနည်း

မြတ်စွာဘုရား ကြွသွားတော်မူသောအခါ ခြေတော်နှင့် မြေကြီးမထိဘဲ မြေကြီးအထက်လက်လေးသစ်အကွာမှ ကြွသွားသည် ဟု အချို့ကပြောဆိုကြသည်။ မဃဒေဝလင်္ကာသစ်ကျမ်းကြီး၌လည်း မန်လည်ဆရာတော်ဘုရားကြီးက–

**"မဂ်လာအိမ်မွန်၊ တံခွန်ချွန်းတောင်း၊ မျှော့ပေါင်းပြိုးပြက်၊**
**ရာရှစ်ကွက်နှင့်၊ နူညက်ညှံ့ထွား၊ ရွှေဘွားစက္ကင်၊ စုံနှစ်ပြင်ဖြင့်၊**
**မြေပြင်မထိ ပကတိအား လေးသစ်ခြားလျက် ဘုရားတို့တန်း၊**
**ကြွလှမ်းမွေ့ညက် ငြိမ်သက်လေးတင်၊ ကြွလာကျင်မှု"**

ဟူ၍ မြတ်စွာဘုရားကြွသွားတော်မူသောအခါ ခြေဖဝါးနှင့် မြေမထိဘဲ မြေနှင့်လက်လေးအကွာမှ ဘုရားရှင်တို့ကြွမြဲအတိုင်း ကြွသည်ဟုပင် ဆိုသည်။

ကျည်းကန်ရှင်ကြီးနန္ဒမေဓကလည်း ထိုအကြောင်းကိုပင် "ခြေမနင်းဘဲ ကြွစမြဲ စောကဲဘယ့်ကြောင့် ကြွနိုင်သနည်း" ဟု ပုစ္ဆာထုတ်ခဲ့ဖူးသည်။

ကျည်းကန်ရှင်ကြီး၏အမေးကို ကျီးသဲလေးထပ်ဆရာတော်က ဤသို့ ဖြေတော်မူသည်။ "အနန္တသာရမည်သောကျမ်းငယ်၌ သဗ္ဗဒါ

သဗ္ဗဗုဒ္ဓါနံ့ စတုရင်္ဂုလေယေ၀ ဂမနံဟု ဆိုထားသည်ကို တွေ့ရ ၏။

ငှင်းပါဠိ၏အနက်မှာ-သဗ္ဗဗုဒ္ဓါနံ့ ခပ်သိမ်းသောဘုရားတို့အား၊ စတုရင်္ဂုလေယေ၀ မြေမှလက်လေးသစ်ရှိသော ကောင်းကင်၌သာလျှင်၊ သဗ္ဗဒါ အခါခပ်သိမ်း၊ ဂမနံ ကြွသွားခြင်းသည်၊ ဟောတိ ဖြစ်၏။

ထိုအနုဋ္ဌကထာသာရကျမ်းအရ ဆိုပါမူ မြတ်စွာဘုရားကြွသွားတော်မူသည်ရှိသော် မြေ၌ခြေမထိဘဲ၊ လက်လေးသစ်မြေမှ လွတ်လျက် ကြွတော်မူသည်ဟု မှတ်ရမည်။ သို့သော်လည်း အထက်၌ဖော်ပြခဲ့ပြီးသော ဂမနဝဏ္ဏာထုတိမင်္ဂလာဂါထာတို့ကို ထောက်၍လည်းကောင်း။

တတြတထာဂတော သမံပါဒံ နိက္ခိပတိ၊ သမံဥဒ္ဓရတိ၊ သဗ္ဗဝန္တေဟိ ပါဒထလေဟိ ဘူမိံ ဖုသတိ။ ဟူသော အဋ္ဌကထာတို့ကို ထောက်၍လည်းကောင်း၊ မြတ်စွာဘုရားကြွသွားတော်မူသောအခါ၌ ခြေတော်သည် မြေ၌ကောင်းစွာချသည်။ မြေနှင့်ကောင်းစွာထိတော်မူသည်ဟုပင် မှတ်ယူရမည်ဖြစ်ကြောင်း ဖြေကြားတော်မူသည်။

**အဋ္ဌကထာပါဠိအနက်ကား။** တတြ ထိုညီညာသန့်ပြန့်သောနေရာ၌၊ တထာဂတော မြတ်စွာဘုရားသည်၊ သမံ ညီညာသော၊ ပါဒံ ခြေကို၊ ဥဒ္ဓရတိ ကြွမြှောက်တော်မူ၏၊ သဗ္ဗဝန္တေဟိ အလုံးစုံသော အစိတ်အပိုင်းရှိကုန်သော၊ (ဝါ)တစ်ရာ့ရှစ်ကွက်သော စက်လက္ခဏာ ရှိကုန်သော၊ ပါဒတလေဟိ ခြေဖဝါးတော် အပြင်တို့ဖြင့်၊ ဘူမိံ မြေကို၊ ဖုသတိ ထိတော်မူ၏။

## ခြေတော်ရာမထင်ကြောင်း(၃)ပါး

ဤသို့ဆိုခဲ့သည့်အတိုင်း မြတ်စွာဘုရားခြေလျင်ကြွသွားတော်မူသောအခါ မြေပြင်နှင့်ခြေဖဝါးတော်ကောင်းစွာထိ၍ ကြွသွားသော်လည်း မြေပြင်၌ခြေရာမထင်ပေ။ အဘယ်ကြောင့်ဆိုသော်-

၁။ ခြေဖဝါးတော်၏ အလွန်သိမ်မွေ့နူးညံ့ခြင်း၊

၂။ ခွန်အားနှင့်ပြည့်စုံတော်မူခြင်း၊

၃။ လူအပေါင်းကို ချီးမြှောက်တော်မူလိုခြင်း၊

ဟူသော အကြောင်း(၃)ပါးတို့ကြောင့် ခြေတော်ရာမထင်ခြင်းဖြစ်သည်။ ထိုအကြောင်း(၃)ပါးကို တစ်ပါးစီ ရှင်းပြပါဦးမည်။

(၁) အလွန်သိမ်မွေ့နူးညံ့သော လဲမှို့ဆိုင်၊ ဝါဂွမ်းဆိုင်သည် မြေ၌ကျ၍ မြေနှင့်ထိတွေ့သော်လည်း အရာမထင်သကဲ့သို့၊ ထို့အတူပင် ဘုရားရှင်၏ ခြေဖဝါးတော်အပြင်သည် လဲဝါဂွမ်းပမာ အလွန်တရာ နူးညံ့သိမ်မွေ့ပါသည်။ ထို့ကြောင့် မြေ၌ထိသော်လည်း ခြေရာမထင်ခြင်းဖြစ်သည်။

(၂) ပုဏ္ဏကဘီလူး၏ နတ်မြင်းပျံကဲ့သို့ အလွန်လျင်မြန်သောစွမ်းရည်ထူးရှိသော သိန္ဓောမြင်းကို ပဒုမ္မာကြာတောအ၌ မောင်းနှင်သော်

ကြာရွက်များအပေါ်၌ နင်းသည်ဆိုရုံမျှသာနင်း၍ လျင်မြန်စွာ ဖြတ်သန်းသွားသောကြောင့် သိန္ဓောမြင်းခွာ၌ ရေစိုခြင်း၊ ရေစွပ် ခြင်းပင်မရှိချေ။

အလားတူပင် ကာယစွမ်းအားကြီးမားတော်မူသော မြတ်စွာ ဘုရား ကြွသောအခါ၌လည်း မြေ၌နင်းသည်ဆိုရုံမျှနင်း၍ ကြွသွားတော်မူသောကြောင့် မြေ၌ခြေရာမထင်ခြင်းဖြစ်ပေသည်။ မြတ်စွာဘုရား၏ ကာယစွမ်းအားသည် ဆန္ဒန်ဆင်ဆယ်စီးအား နှင့်ညီမျှ၍ ယောကျာ်းမိုလ်ခြေကုဋေတစ်သောင်း၏ စွမ်းအားနှင့် ညီမျှကြောင်းကို ကျမ်းဂန်များ၌ ဆင်ဆယ်မျိုးအားနှင့် နှိုင်းယှဉ် ၍ အကျယ်ဖော်ကြသည်။

(သမ္မောဟဝိနောဒနီအဋ္ဌကထာ-၃၈၀)

(၃) တစ်ရာ့ရှစ်ကွက်သောစက်လက္ခဏာတို့ဖြင့် တန်ဆာဆင်အပ် သော ထူးကဲသည့်ခြေရာကို ဖူးမြင်ရသူတိုင်း ရှိသေကိုင်းရှိုင်း ကြမည်မှာ အမှန်ဖြစ်သည်။ မြတ်စွာဘုရား ဒေသစာရီ ကြွတော် မူသောအခါ နောက်တော်မှ ရဟန်းသံဃာတော်များသာမက လူဒါယကာ ဒါယိကာမတို့ပါ အများအပြားလိုက်ပါသွားလေ့ ရှိကြသည်။ ထိုလူများသည် မြတ်စွာဘုရားခြေတော်ရာကို တွေ့မြင်သော် မည်သူမှ နင်းဝံ့ကြမည်မဟုတ်။ ရှောင်လွှဲ၍ သွားကြမည်မှာ အမှန်ပင်ဖြစ်၏။ ထိုသို့ ရှောင်လွှဲ၍သွားနေရ

လျှင် ခရီးမပေါက်ဘဲ ကြန့်ကြာနေမည်မှာ သေချာသည်။ ထို့ကြောင့် ရှင်လူအပေါင်းကို ချီးမြှောက်စောင့်ရှောက်ရန် အတွက် နင်းတော်မူလိုက်သောခြေရာသည် မြေ၌ထင်ကျန် မနေဘဲ ချက်ချင်းကွယ်ပျောက်၍သွားသည်။

(အင်္ဂုတ္တိုရ်-ဒေါဏသုတ်အဋ္ဌကထာ)

□

## ပါရမီတော်ခန်းပျို့

အသီးအသီး ဖြင်ကြီးခက်မှ ယမိုက်စသား လှိုင်းမဟိုးကျော် ကျေးဇူးတော်ကို ဆိုသော်မလွယ် အဝန်းကျယ်၏။ မြေဝယ်ပိုင်းထွေး အရေးကြောင်းကြောင်း မထင်ကောင်းသို့၊ ဘုန်းပေါင်းစေ့ဆော်၊ ကိုယ်တော်ခလေ့ မွေ့သည်စင်စစ် ဖြစ်သည်လည်းကောင်း၊ တန့်ချောင်း ရေပြင်၊ ကြာဖက်တွင်၌ စိုင်းလျှင်သိန္ဓော ပေါပေါနင်းကြွား ထံကာသွား သို့၊ ယောကျ်ားမိုလ်ခြေ ကုဋေတသောင်း ပေါင်းမတုန္နိုင်အား ဆုံးတိုင် သား၊ စွမ်းခိုင်လှကွန် ကိုယ်တော်အန်ဖြင့် သန်၍လည်းကောင်း အကြောင်းသုံးပါး ဤသို့အားဖြင့် ဖဝါးရွှေစက် ကြွစဉ်ဖက်လျှင် မြေထက်နင်းရာ မထင်သာသား။ တံထွာကိုယ်မှ မြင်ကဘယ်သူ ဘယ်နတ်လူသည် ရှေးရှုဖူးလာ၊ မအံ့ပါချိမ့်၊ အနိမ့်သာလျက် အံ့ဆ တက်ရှင့်။ အထက်သော်ကား ကာကထားဟု သီးခြားလွယ်စေ၊ ဆိုချေ စရာ မရှိပါခဲ့။ အံ့အာသို့စဉ် ဂုဏ်များရှင်နှင့် အုတ်အင်ရည်တူ၊ ဖြစ်စိမ့်ဟူလျက် ရှင်ဖြူကျော့ကျည်း၊ လေးပါးတည်းသော် လျှော့လျည်း မအပ်စွသေးတည်း။

၀

## ရဟန်းငယ်တစ်ပါးနှင့် သိန္ဓောမြင်းငယ်တစ်စီး

ခြေတော်ရာမထင်ခြင်း၏အကြောင်းသုံးပါးတို့တွင် အလွန်လျင်မြန်သောစွမ်းရည်ထူးရှိသည့် သိန္ဓောမြင်းကို ပဒုမ္မာကြာတော၌ စိုင်းနှင်ခဲ့သော် ကြာရွက်များအပေါ်၌ နင်းသည်ဆိုရုံမျှသာနင်း၍ လျင်မြန်စွာဖြတ်သန်းသွားသောကြောင့် သိန္ဓောမြင်းခွာ၌ ရေမစို ရေမစွပ်သကဲ့သို့ လျင်မြန်ပေါ့ပါးသောစွမ်းအားရှင်ဖြစ်သော မြတ်စွာဘုရားကြွသွားသောအခါ၌လည်း မြေ၌နင်းသည်ဆိုရုံမျှသာနင်း၍ ကြွသွားသောကြောင့် ခြေတော်ရာမထင်ခြင်းဖြစ်ကြောင်း အထက်၌ ဆိုခဲ့သည်။ ဘုရားရှင်၏ လျင်မြန်ပေါ့ပါးတော်မူခြင်း ထင်ရှားစေရန် နှိုင်းယှဉ်၍ပြအပ်သော သိန္ဓောမြင်း၏ ဂုဏ်သတ္တိအထူးကို ကျမ်းဂန်တို့၌ လာသည့်အတိုင်း ဖော်ပြပါဦးမည်။ ထိုသို့ဖော်ပြမှသာ သိန္ဓောမြင်း၏စွမ်းရည်ကို သိမြင်ပြီး ဘုရားရှင်၏ဂုဏ်တော်များကိုလည်း သက်ဝင်ကြည်ညိုနိုင်ကြမည် ဖြစ်ပါသည်။

ရှေးကာသီပတိုင်းကျွန်း၌ မင်းတစ်ပါးသည် သိန္ဓောမြင်းငယ်တစ်စီးကိုရရှိထားသော်လည်း သိန္ဓောမြင်းဟုမသိသောကြောင့် မြင်းဆရာတစ်ယောက်ထံအပ်နှံ၍ လေ့ကျင့်သင်ကြားစေသည်။ မြင်းဆရာလုပ်သူလည်း ထိုမြင်းငယ်ကို သိန္ဓောမြင်းဟုမသိသဖြင့် အခြားမြင်းများနှင့်အတူထား၍ လေ့ကျင့်သင်ကြားပေးသည်။ သိန္ဓောမြင်းငယ်

သည် မိမိအမျိုးအနွယ်နှင့် မသင့်လျော်သောကြောင့် ဆရာသင်ပြပေးသည်များကို မသင်ယူဘဲနေသည်။ မြင်းဆရာသည် သင်ကြားပြသ၍ မရသောကြောင့် လက်လျှော့ပြီး၊ "ဤမြင်းသည် ကောက်ကျစ်စင်းလဲသောမြင်းဖြစ်သည်။ သင်ကြားပြသ၍ မရပါ"ဟု မင်းထံ သံတော်ဦးတင်၍ စွန့်ပစ်ထားလိုက်သည်။ တစ်နေ့သောအခါ၌ မြင်းဆရာလုပ်ခဲ့ဖူးသော ရဟန်းငယ်တစ်ပါးသည် ဥပဇ္ဈာယ်ဆရာနှင့်အတူ ဥပဇ္ဈာယ်၏သပိတ်သက်န်းကို ဆောင်ယူ၍သွားစဉ် အနုရာဓမြို့တော်၏ကျုံးထိပ်၌ ကျက်စားနေသော ထိုမြင်းငယ်ကို တွေ့မြင်ရလေ၏။ တပည့်ရဟန်းငယ်က "အရှင်ဘုရား ဟောဒီမြင်းငယ်ဟာ အမိုးအနွယ်ထိုက်သော သိန္ဓောမြင်းဖြစ်သည်။ ရှင်ဘုရင်ကြီးသိလျှင် ဤမြင်းကို မင်္ဂလာမြင်းပြုလုပ်မည်မှာ အမှန်ပဲ"ဟု ဥပဇ္ဈာယ်ဆရာအား လျှောက်ထားသည်။

ဥပဇ္ဈာယ်ဆရာက "မောင်ပဇင်း ငါတို့မင်းကြီးသည် မိစ္ဆာဒိဋ္ဌိမင်းဖြစ်သည်။ သိန္ဓောမြင်းတစ်စီးတွေ့ခဲ့ကြောင်းကို ပြောကြားလျှင် ကျေးဇူးတင်ဝမ်းသာပြီး သာသနာတော်၌ ကြည်ညိုကောင်းကြည်ညိုလိမ့်မည်။ မောင်ပဇင်း မင်းကြီးထံသွား၍ အကြောင်းကြားပါလေ"ဟု တိုက်တွန်းသည်။ ဆရာတိုက်တွန်းသည့်အတိုင်း တပည့်ရဟန်းသည် မင်းထံသွား၍ အမိုးအနွယ်ထိုက်သော သိန္ဓောမြင်းတစ်စီးကို တွေ့မြင်ခဲ့ကြောင်း အကြောင်းကြားသည်။ မင်းကြီးက ဝမ်းမြောက်စွာဖြင့် သိန္ဓောမြင်းကိုဖမ်းယူနိုင်ရန် ဘာများလိုအပ်ပါသနည်းဟု မေးသည်။

အရှင်မင်းကြီးပွဲတော်တည်သော ရွှေခွက်နှင့်ပွဲတော်စာ ထမင်း

ကိုလည်းကောင်း၊ သောက်တော်ရေနှင့် မင်းကြီးလိမ်းကျံ ပန်ဆင်အပ်သော အမွှေးနံ့သာပန်းတို့ကိုလည်းကောင်း လိုအပ်ကြောင်း၊ ရဟန်းငယ်က တောင်းသည်။ ရဟန်းငယ်အလိုရှိသောပစ္စည်းအားလုံးကို ကြည်ကြည်ဖြူဖြူနှင့် မင်းကြီးကပေးသောကြောင့် ထိုပစ္စည်းများကို ယူဆောင်စေ၍ မြင်းငယ်ရှိရာ ကျုံးထိပ်သို့သွားကြသည်။ သိန္ဓောမြင်းသည် အနံ့ခံပြီးလျှင် "ငါ၏ဂုဏ်ကိုသိသော မြင်းဆရာရှိပုံရသည်" ဟု ဆင်ခြင်လျက် ဦးခေါင်းကိုမော့၍ ကြည့်နေသည်။ အနီးသို့ရောက်သောအခါ ရဟန်းငယ်က လက်ဖျောက်တီး၍ခေါ်ပြီးလျှင် ထမင်းကျွေးသည်။

သိန္ဓောမြင်းသည် ရဟန်းငယ်ထံသွား၍ ရွှေခွက်ထဲမှထမင်းကိုစားလျက် သောက်ရေကို သောက်၏။ ထို့နောက် ရဟန်းငယ်က အမွှေးနံ့သာများကို လိမ်းကျံပေး၍ ပန်းများပန်ဆင်ပြီးလျှင် ရှေ့မှသွားရန် လက်ဖျောက်တီး၍ အမိန့်ပေးသည်။ သိန္ဓောမြင်းသည် အမိန့်ပေးသည့်အတိုင်း ရဟန်း၏ရှေ့မှ ဖြောင့်ဖြောင့်မတ်မတ်သွား၍ မင်္ဂလာမြင်းထားရာအရပ်၌ ရပ်နေ၏။

ရဟန်းငယ်က "အရှင်မင်းကြီး- ဤသိန္ဓောမြင်းသည် အဖိုးအနဂ္ဃ= (အဖိုးအတိုင်းမသိ)ထိုက်သော မြင်းဖြစ်ပါသည်။ ယခုကျွေးမွေးသည့်အတိုင်း လေးငါးရက်ကျွေးမွေးပြုစုထားပါ"ဟု မင်းကြီးအားမှာကြား၍ ကျောင်းပြန်လာခဲ့၏။ လေးငါးရက်လွန်ပြီးသောအခါ ရဟန်းငယ်သည် မင်းကြီးထံသို့သွား၍ "အရှင်မင်းကြီး- မြင်း၏

စွမ်းရည်သတ္တိကို မကြည့်ချင်ဘူးလား''ဟု မေးသည်။

ကြည့်လိုကြောင်းလျှောက်ပြီး၊ ဘယ်နေရာမှာ ကြည့်ရလျှင် ကောင်းမည်နည်းဟု မင်းကြီးက ပြန်မေးသည်။ ကျယ်ကျယ်ဝန်းဝန်း ဥယျာဉ်တော်၌ကြည့်ရှုလျှင် ကောင်းပါမည်ဟု ပြောကြားပြီး မြင်းကို ဥယျာဉ်တော်သို့ ခေါ်သွားသည်။ မင်းကြီးနှင့်တကွ ပရိသတ်များ စုံလင်သောအခါ ''သစ်ပင်တစ်ပင်ကို လှည့်ပတ်၍ပြေးရန် မြင်းအား ရဟန်းငယ်က လက်ဖျောက်တီး၍ အမိန့်ပေးလိုက်သည်။ ချက်ချင်းပင် မြင်းသည် သစ်ပင်ကို လျှင်မြန်စွာလှည့်ပတ်ပြေးပြီး ပြန်လာ၏။ မြင်း၏ ပြေးခြင်းသည် လေအဟုန်ကဲ့သို့ အလွန်လျှင်မြန်သောကြောင့် ပရိသတ်များ မမြင်လိုက်ကြပါ။ မြင်းဆရာဖြစ်သူရဟန်းက အရှင်မင်းကြီး မြင်းပြေးသည်ကို တွေ့မြင်ရပါ၏လောဟု မေးရာ မတွေ့မြင်ရကြောင်း ဝန်ခံသည်။ ထိုအခါ ရဟန်းငယ်က မြင်းပြေးကြောင်းသက်သေပြရန် မင်းကြီး၏တောင်ဝှေးကို သစ်ပင်တစ်ပင်မှာထောင်ထားခိုင်းပြီး ၎င်း တောင်ဝှေးကိုသွားယူရန် မြင်းအား အမိန့်ပေးလိုက်သည်။ လက်ဖျောက်တီး၍ အချက်ပေးလိုက်သည်နှင့်တပြိုင်နက် မြင်းသည် လျှင်မြန်စွာ ပြေးလျက် တောင်ဝှေးကို ပါးစပ်ဖြင့်ကိုက် ချီ၍ယူခဲ့သည်။ မြင်း၏ ပြေးနှုန်းသည် မြန်လွန်းသဖြင့် မမြင်လိုက်သော်လည်း တောင်ဝှေးကို ယူဆောင်လာသောကြောင့် မြင်းပြေးကြောင်း မင်းကြီးနှင့်တကွ ပရိသတ်များ လက်ခံယုံကြည်ရတော့၏။

ရဟန်းငယ်သည် သူ၏သိန္ဓောမြင်းအစွမ်းကိုပြရန် ဥယျာဉ်

တော်ကြီး၌ ကာရံထားသော မဟာရာမ်တံတိုင်းကြီးပေါ်သို့ တက်၍ လှည့်ပတ်ပြေးစေသည်။ ထိုသို့ပြေးရာ၌လည်း မြင်းကိုမမြင်ရသဖြင့် ပရိသတ်အားလုံး မြင်နိုင်ရန်အတွက် ကတ္တီပါအနီစကို ယူစေပြီးလျှင် မြင်း၏ခြေ၌ ခိုင်မြဲအောင်ဖွဲ့ချည်သည်။ ထို့နောက် မြင်းကို မဟာရာမ် တံတိုင်းပေါ်သို့တက်ပြီး ပြေးစေရာ အားကောင်းမောင်းသန်သော ယောက်ျားသည် ထင်းမီးစကိုမြှောက်ကိုင်၍ လျင်မြန်စွာလှည့်ပတ် ဝှေ့ယမ်းလိုက်သောအခါ ထင်းမီးစကို မမြင်ရဘဲ မီးစက်ဝိုင်းကြီးကို သာတွေ့မြင်ရသကဲ့သို့ ဥယျာဉ်တော်မဟာရာမ်တံတိုင်းပေါ်၌ လှည့်ပတ် ပြေးနေသော သိန္ဓောမြင်းကိုမမြင်ရဘဲ ကတ္တီပါအနီစ စက်ဝိုင်းကြီးကို သာ ပရိသတ်များ မြင်နေကြရပါသည်။

တဖန် မင်္ဂလာရေကန်အတွင်းသို့ ဆင်းစေ၍ ပဒုမ္မာကြာရွက် များအပေါ်မှာ ပြေးစေပြန်သည်။ သိန္ဓောမြင်းသည် ဆရာရဟန်းအမိန့် ပေးသည့်အတိုင်း လိုက်နာလျက် ကြာရွက်များပေါ်၌ပြေးရာ မြင်းခွာ ဖြင့် မနင်းမိသောကြာရွက်ဟူ၍ မရှိဘဲ၊ ကြာရွက်အားလုံးအပေါ်မှာ မြင်းခွာနင်းမိသည်။ ထိုသို့နင်းမိသော်လည်း ကြာရွက်များပေါက်ကွဲ ခြင်း၊ စုတ်ပြတ်ခြင်း၊ ပွဲ့ရွဲ့ခြင်းလုံးဝမရှိဘဲ ပကတိအကောင်းအတိုင်း သာ ရှိနေကြ၏။

နောက်ဆုံး ဆရာရဟန်းက လက်ဖဝါးကိုဖြန့်ထားပြီး မိမိ လက်ဖဝါးပေါ်သို့ မြင်းကို တက်စေသည်။ သိန္ဓောမြင်းသည် စိတ္တဇ ဝါယောဓာတ်သည် ထောက်ပံ့အပ်သောခန္ဓာကိုယ်ရှိသည်ဖြစ်၍

ပေါ့ပါးစွာ လက်ဖဝါးပေါ်သို့ခုန်တက်ပြီး ရပ်ပြခဲ့ပါသည်။

(မဇ္ဈိမပဏ္ဏာသ ဘဒ္ဒါလိသုတ်အဋ္ဌကထာ)

(အခြားအလားတူဖြစ်သော သိန္ဓောမြင်း၏ စွမ်းရည်များကို ဇာတ်အဋ္ဌကထာ ဒုတိယတွဲ ကုဏ္ဍကကုစ္ဆိသိန္ဓဝဇာတ်-၂၆၁ ၌ ကြည့်ရှုနိုင်ပေသည်)

ဤသို့ သိန္ဓောမြင်းသည် လျင်မြန်ပေါ့ပါးစွာ သွားသကဲ့သို့ ဘုရားရှင်ကိုယ်တော်မြတ်သည်လည်း လျင်မြန်ပေါ့ပါးစွာ သွားတော်မူသောကြောင့် ခြေတော်ရာမထင်ခြင်းဖြစ်ကြောင်း မိန့်ဆိုတော်မူခြင်းဖြစ်သည်။

□

## မြင်စေချင်မှ ဖူးမြင်ရ၏

အထက်၌ဖော်ပြခဲ့သော အဋ္ဌကထာကြီးများနှင့် ပိဋကကျမ်းများအရ မြတ်စွာဘုရားကြွသွားသောအခါ ညီညာသောခြေဖဝါးဖြင့် မြေမှာနင်းဖိ၍ ကောင်းစွာထိငြားသော်လည်း ခြေရာမထင်ကြောင်းကို သိနိုင်ပါပြီ။ သို့ရာတွင် အကြောင်းထူးဝိသေသကိုမြင်၍ တစ်စုံတစ်ယောက်သောသူအား တွေ့မြင်စေလိုသောကြောင့် ခြေတော်ရာကို ချသော်ကား ထိုသူများဖူးမြင်ကြရပါသည်။

**ဒေါဏောပန ဗြာဟ္မဏော တထာဂတဿ အဓိဋ္ဌာန ဝသေနပဿိ။ ဘဂဝါ ဟိ ယဿ ပဒစေတိယံ ဒဿေတု ကာမောဟောတိ။ တံ အာရဗ္ဘ အသုကောနာမ ပဿတူတိ အဓိဋ္ဌာတိ။ တသ္မာ မာဂဏ္ဍိယဗြာဟ္မဏောဝိယ အယမ္ပိ ဗြာဟ္မဏော တထာဂတဿ အဓိဋ္ဌာန ဝသေန အဒ္ဒသ။**

(အံ-၄-၂-၂၉၉)

ပန ထိုသို့ပင်ခြေတော်ရာမထင်သော်လည်း၊ ဒေါဏောဗြာဟ္မဏော ဒေါဏပုဏ္ဏားသည်၊ တထာဂတဿ မြတ်စွာဘုရား၏၊ အဓိဋ္ဌာနဝသေန အဓိဋ္ဌာန်တော်မူခြင်း၏ အစွမ်းကြောင့်၊ ပဿိ ခြေတော်

ရာကိုဖူးမြင်ရပြီ။ ဟိသစ္စံ မုန်၏၊ ဘဂဝါ မြတ်စွာဘုရားသည်၊ ယဿ အကြင်ပုဂ္ဂိုလ်အား၊ ပဒစေတိယံ ခြေတော်ရာစေတီကို၊ ဒဿေတု ကာမော ပြလိုသည်၊ ပဘာတိ ဖြစ်၏၊ တံပုဂ္ဂလံ ထိုပုဂ္ဂိုလ်ကို၊ အာရဗ္ဘ အကြောင်းပြု၍၊ အသုကောနာမ ထိုမည်သောသူသည်၊ ပဿတု မြင်စေသတည်း၊ ဣတိ ဤသို့၊ အဓိဋ္ဌာသိ အဓိဋ္ဌာန်တော်မူ၏၊ တသ္မာ ထိုသို့အဓိဋ္ဌာန်တော်မူခြင်းကြောင့်၊ မာဂဏ္ဍိယ ဗြာဟ္မဏောဝိယ မာဂဏ္ဍီပုဏ္ဏားကဲ့သို့၊ အယမ္ပိဗြာဟ္မဏော ဤဒေါဏပုဏ္ဏားသည်လည်း၊ တထာဂတဿ မြတ်စွာဘုရား၏၊ အဓိဋ္ဌာနဝသေန တွေ့မြင်စေရန် အဓိဋ္ဌာန်တော်မူခြင်း၏ အစွမ်းကြောင့်၊ အဒ္ဒသ ခြေတော်ရာကို တွေ့မြင်ရလေပြီ။ ။

## မာဂဏ္ဍီပုဏ္ဏားအား ခြေတော်ရာ ပြတော်မူခြင်း

သဗ္ဗညုမြတ်စွာဘုရားသည် မဂ်ဖိုလ်၏ဥပနိဿယကို မြင်တော်မူသဖြင့် မာဂဏ္ဍီပုဏ္ဏားနှင့် ဒေါဏပုဏ္ဏားတို့အား ခြေတော်ရာပြတော်မူခဲ့ဖူးသည်။ ထိုပုဏ္ဏားနှစ်ဦးအနက် မာဂဏ္ဍီပုဏ္ဏားအား ခြေတော်ရာပြတော်မူပုံမှာ-

ဃောသကသူဌေး၊ ကုက္ကုဋသူဌေး၊ ပါဝါရိကသူဌေးတို့က ပင့်လျှောက်ကြသောကြောင့် မြတ်စွာဘုရားသခင်သည် သာဝတ္ထိပြည်မှ ကောသမ္ဗီပြည်သို့ နောက်ပါတပည့်သံဃာအပေါင်း ခြံရံလျက် ကြွသွားတော်မူသည်။ ယင်းသို့ ကြွသွားစဉ်လမ်းခရီးအကြား ကမ္မာသဒမ္မမြို့အနီးသို့ရောက်သော် ထိုမြို့၌ နေထိုင်ကြသော မာဂဏ္ဍီပုဏ္ဏားဇနီးမောင်နှံတို့၏ အရဟတ္တမဂ် အရဟတ္တဖိုလ်ကိုရနိုင်သော ဥပနိဿယကို မြင်တော်မူသဖြင့် ကောသမ္ဗီခရီးကို ခေတ္တရွှေ့ဆိုင်းလျက် ကမ္မာသဒမ္မမြို့သို့ ကြွတော်မူသည်။ ထိုအခါ မာဂဏ္ဍီပုဏ္ဏားသည် ပုဏ္ဏားတို့၏ ဓလေ့ထုံးစံနှင့်အညီ ညဥ့်သုံးယံပတ်လုံး မြို့အပြင်ဘက်ရှိ မီးပူဇော်ရာဌာန၌ မီးပူဇော်ပြီးနောက် မိုးလင်းသောအခါ မြို့တွင်းသို့ပြန်လာစဉ် သဗ္ဗညုဘုရားရှင်သည်လည်း ရဟန်းအပေါင်းခြံရံလျက် မြို့တွင်းသို့ ဆွမ်းခံအကြွ၊ မြို့အဝင်ဝ၌ ဆုံမိကြလေ၏။ မာဂဏ္ဍီပုဏ္ဏားသည် အလှဂုဏ်ပိုင်ရှင်သမီးချောတစ်ယောက်၏ ဖခင်ဖြစ်၍ သမီးအလှနှင့်

ပဏ္ဏာရစေမည့် သမက်လောင်းကို ရှာနေသူဖြစ်သည်။ ထို့ကြောင့် မြတ်စွာဘုရားကိုမြင်လျှင် မိမိလိုချင်ရာဘက်သို့ဆွဲ၍ “ငါသည် သမီးနှင့်ထိုက်တန်သူကို ရှာဖွေနေရာ ယနေ့ထိမတွေ့ရသေး။ ယခု နောက်လိုက်နောက်ပါ တပည့်ရဟန်းတွေခြံရံလျက် မြို့တွင်းသို့ ဆွမ်းခံ ဝင်လာသောရဟန်းသည်ကား ရုပ်ရေရူပကာယ လှပတင့်တယ် ရှုချင် ဖွယ်ရာယောက်ျားမြတ်တစ်ယောက် ဖြစ်ပေသည်။ ငါ့သမီးကလေး အလှပဂေးနှင့် လိုက်လျောညီထွေ အဆင်ပြေလေစွ”ဟု ကြံစည်စိတ် ကူးလျက် ခပ်မြန်မြန် အိမ်သို့ပြန်သွားသည်။ အိမ်ရောက်လျှင်ရောက် ချင်း မိမိ၏အိမ်သူသက်ထား ချစ်မယားကိုခေါ်၍ “ရှင်မရေ မြို့အဝင် တစ်နေရာမှာ မင်းတို့ငါတို့ တစ်ကြိမ်တစ်ခါမှ မတွေ့မြင်ဖူးသေးတဲ့ ပုဂ္ဂိုလ်ထူးတစ်ဦးကို တွေ့ခဲ့ရသည်။ ထိုသူသည် ငါတို့သမီးလေးနှင့်သာ ထိုက်တန်၍ အလှပဂေးသမီးလေးသည်လည်း ထိုပုဂ္ဂိုလ်ထူးနှင့် လိုက်ဖက်လှပေသည်။ သမီးကို ခပ်မြန်မြန် အလှပြင်စမ်းပါ”ဟု ပြောဆိုလေ၏။

မြတ်စွာဘုရားသည် မာဂဏ္ဍီသားသမိတို့ အလှပြင်နေကြစဉ် မှာပင် ပုဏ္ဏားနှင့်တွေ့ဆုံခဲ့သောနေရာ၌ ခြေတော်ရာချခဲ့၍ မြို့တွင်းသို့ ဆွမ်းခံကြွသွားသည်။ မာဂဏ္ဍီပုဏ္ဏားသည် ဇနီးနှင့်သမီးမာဂဏ္ဍီကို ခေါ်၍လာသောအခါ မြတ်စွာဘုရားနှင့်သံဃာများ ဆွမ်းခံကြွနေဆဲ မို့ မတွေ့ရဘဲရှိလေ၏။ မာဂဏ္ဍီပုဏ္ဏားသည် ယခုလိုမြတ်စွာဘုရားနှင့် မတွေ့ရသည်မှာ ဇနီးနှင့်သမီးတို့၏ နှောင့်နှေးကြန့်ကြာခြင်းကြောင့်

ဖြစ်ရသည်ဟု ယူဆသဖြင့် စိတ်မရှည်နိုင်ဘဲ-

"မင်းတို့သားအမိတွေ လုပ်လိုက်မှဖြင့် ဒီလိုချည်းပဲ၊ ဘာတစ်ခုမှ နေရာမကျဘူး၊ မင်းတို့သားအမိမပြီးနိုင်လို့ ငါ့ကိုယ်တော်စိတ်မရှည်ဖြစ်ပြီး မစောင့်နိုင်လို့ ဘယ်ကြွသွားမှန်းတောင် မသိတော့ဘူး"ဟု အပြစ်တင်ပြောဆိုလေ၏။

ဇနီးဖြစ်သူ ပုဏ္ဏေးမသည် စဉ်းစားဉာဏ်ရှိသူတစ်ယောက်ဖြစ်၍ စဉ်းစဉ်းစားစားဖြင့် "အို…အရှင်ပုဏ္ဏား၊ ရှင့်ကိုယ်တော်သွားချင်ရာ သွားပါစေ။ ဘယ်တတ်နိုင်မှာလဲ၊ ယခု သူ ဘယ်အရပ်ဆီသွားမည် ထင်သလဲ၊ သွားမယ်ထင်တဲ့နေရာကိုသာ ပြောစမ်းပါ"ဟု မေးရာ မာဂဏ္ဍီပုဏ္ဏားက "ဟောဒီဘက်ဆီသွားမယ် ထင်တာပါပဲ" ဟု ညွှန်ပြပြောဆိုရင်း လှမ်းမျှော်ကြည့်ရှုရာ မြတ်စွာဘုရားခြေတော်ရာကို မြင်ရလေ၏။ ထို့ကြောင့် အနည်းငယ်အားတက်လာပြီးလျှင် "ရှင်မရေ ဟောဒီခြေရာဟာ ငါတွေ့ခဲ့သည့် ရဟန်းခြေရာဖြစ်မှာပဲ၊ သူမြို့ထဲကြွသွားထင်ပါရဲ့"ဟု ပြောပြရင်း ခြေရာကိုလက်ညိုးဖြင့်ညွှန်ပြလိုက်သည်။ ပုဏ္ဏေးမသည် မြတ်စွာဘုရားခြေတော်ရာကို စေ့စေ့စပ်စပ်ကြည့်ရှုပြီးလျှင် မိမိသင်ယူတတ်မြောက်ထားသော လက္ခဏာပညာဖြင့် အဖန်ဖန်ဆင်ခြင်သုံးသပ်ကြည့်၏။

ထို့နောက် လေးနက်တည်ငြိမ်စွာဖြင့် ခင်ပွန်းသည်ဖြစ်သူ မာဂဏ္ဍီပုဏ္ဏားအား အောက်ပါအတိုင်းပြောဆိုလိုက်ပါသည်။

"အရှင်ပုဏ္ဏား၊ သင်သည် မိမိတတ်မြောက်ထားသော

ဗေဒင်ကျမ်း လက္ခဏာကျမ်းတို့၏ သဘောအဓိပ္ပာယ်များကိုပင် ပိုင်းခြားဆင်ခြင်၍ မသိမြင်နိုင်ပါကလား။ ဤခြေရာရှင်အား သမီးနှင့် ပေးစားမည်ဟု ကြံကြီးစီရာ သင်မို့ပြောဆိုဝံ့ပါရဲ့။ ဤခြေရာသည် တဏှာပြောထူရာဂဖြင့် တပ်မက်သူ၏ခြေရာမဟုတ်ဘူး၊ ဒေါသဆူပွက် အမျက်ထွက်တတ်သူ၏ ခြေရာမျိုးလည်းမဟုတ်ဘူး။ ပြီးတော့ မောဟ ပြောထူ အလွန်တွေဝေသူ၏ခြေရာလည်းမဖြစ်နိုင်ဘူး။ အမှန်မှာတော့ ဤခြေရာရှင်ဟာ ကိလေသာအမိုးအကာကို စွန့်ပယ်ဖွင့်လှစ်ပြီးသော သဗ္ဗညုဘုရားရှင်သာ ဖြစ်နိုင်ပါသည်”

ဤသို့ ပညာဉာဏ်ဖြင့် ဝေဖန်ပိုင်းဆစ်လျက် စီစစ်ပြောဆိုပြီး နောက်ဆက်လက်၍ အောက်ပါဂါထာကို ရွတ်ဆိုပြသည်။

ဩ

## ကိလေသာအမိုးအကာကို ဖွင့်ခွာပြီးသူ၏ခြေရာ

ရတ္တဿ ဟိ ဥက္ကုဋိကံ ပဒံဘဝေ
ဒုဋ္ဌဿ ဟောတိ အနုကမိုတံ ပဒံ
မုဠှဿ ဟောတိ သဟသာနုပီဠိတံ
ဝိဝဋ္ဋစ္ဆဒဿ ဣဒမီဒိသံ ပဒံ။ ။

(ဝိသုဒ္ဓိမဂ် ၁-၂၀၁)

ဟိသဒ္ဒါ အထက်၌ ငါပြောပြခဲ့သောစကားသည် မှန်ကန်၏၊ ရတ္တဿ တဏှာပြောထူရာဂဖြင့်တပ်မက်သူ၏၊ ပဒံ ခြေရာသည်၊ ဥက္ကုဋိကံ ဖနောင့်ခြေဖျားထိသော်ငြားလည်း ဖဝါးလယ်ဟောက်သော ကြောင့် ခုံးမောက်သည်၊ ဘဝေ ဖြစ်၏၊ ဒုဋ္ဌဿ ဒေါသဆူပွက်အမျက် ထွက်တတ်သူ၏၊ ပဒံ ခြေရာသည်၊ အနုကမိုတံ နောက်သို့တမင် ဆွဲငင်ထားသကဲ့သို့၊ ဟောတိ ဖြစ်၏၊ မုဠှဿ မောဟပြောထူ အလွန်တွေဝေသူ၏၊ ပဒံ ခြေရာသည်၊ သဟသာနုပီဠိတံ ဖနောင့် ခြေဖျားတပါးပါးဖြင့် နင်းငြားဆောလျင် အရာထင်သည်။ ဟောတိ ဖြစ်၏။ ဣဒီသံ ဤသို့ညီညာ ကောင်းစွာပီပြင် စက်လက္ခဏာတော် ထင်သော၊ ဣဒံပဒံ ဤခြေရာသည်၊ ဝိဝဋ္ဋစ္ဆဒဿ ကိလေသာတည်း ဟူသော အမိုးအကာကို စွန့်ပယ်ဖွင့်လှစ်ပြီးသူ၏၊ ပဒံ ခြေရာသည်၊ ဟောတိ ဖြစ်၏။ ။

## ဂါထာ၏အဓိပ္ပါယ်မှာ

ရာဂစရိုက်ရှိသောပုဂ္ဂိုလ်၏ သွားဟန်လာဟန်သည်တင့်တယ်၏။ ခြေကို ဖြည်းဖြည်းချ၏။ ညီညီညာညာချ၏။ ညီညီညာညာကြွ၏။ ခြေဖဝါးအလယ်ခွက်၏။ ထို့ကြောင့် ခြေနင်းသည့် အခါဝယ် အလယ်၌မထိ။

ဒေါသစရိုက်ရှိသော ပုဂ္ဂိုလ်သည် ခြေဖျားတို့ဖြင့် မြေကို တူးဆွသကဲ့သို့သွား၏။ ခြေကို ကတိုက်ကရိုက်ကြွ၏၊ ကတိုက်ကရိုက်ချ၏၊ ထိုဒေါသစရိုက်ရှိသူ၏ ခြေရာသည် နောက်ဖက်သို့ဆွဲထားသကဲ့သို့ဖြစ်၏။

မောဟစရိုက်ရှိသော ပုဂ္ဂိုလ်သည် ထက်ဝန်းကျင်ဖယ်ယမ်းဖယ်ယမ်းသွား၏။ ခြေကိုရဲရဲမချ၊ ရွံ့တည်းရွံ့တွန့်ချ၏၊ ခြေကို ကြွသည့်အခါလည်း ရဲရဲမကြွ၊ ရွံ့တည်းရွံ့တွန့်ကြွ၏၊ ထိုမောဟစရိုက်ရှိသူ၏ ခြေရာသည် ခြေဖနောင့်ဖြင့်သော်လည်းကောင်း၊ ခြေဖျားဖြင့်သော်လည်းကောင်း တစ်ခုခုဖြင့်အလျင်စလို ဖိနင်းထားသောခြေရာဖြစ်၏။

ဤခြေရာကဲ့သို့ ညီညီညာညာ ကောင်းစွာပီပြင် စက်လက္ခဏာနှင့်တကွ ထင်သောခြေရာသည်ကား ကိလေသာတည်းဟူသော အမိုးအကာကို စွန့်ပယ်ဖွင့်လှစ်ပြီးသော သဗ္ဗညုဘုရားရှင်၏ ခြေရာတော် စင်စစ်ကေန်ပင်ဖြစ်ပါသည်ဟု လက္ခဏာပညာရပ်ဖြင့် အကဲခပ်ဝေဖန်၍ ခင်ပွန်းသည်အား ရှင်းလင်းပြောပြရာ...။

□

# ရေခွက်ထဲက မိကျောင်းပါ

မာဂဏ္ဍီပုဏ္ဏားသည် ဇနီးသယ်ပုဏ္ဏေးမစကားကို လက်မခံဘဲ "ရှင်မ၊ မင်းဟာ ရေခွက်ထဲက မိကျောင်းလို လက္ခဏာပညာကလေး 'မတောက်တခေါက်' အနည်းအကျဉ်းသင်ဖူးရုံနှင့် စကားကြီး၊ စကား ကျယ် မပြောစမ်းပါနှင့်"ဟု ငေါက်ငမ်းပြောဆိုလိုက်သည်။

ထိုသို့ ပုဏ္ဏားလင်မယားတို့ အချီအချပြောဆိုနေကြစဉ်မှာပင် ဘုရားရှင်သည် မြို့တွင်းမှ ပြန်လည်ကြွလာတော်မူ၏။ ပုဏ္ဏားကြီးသည် စိတ်အားထက်သန်စွာဖြင့် မြတ်စွာဘုရားထံသွား၍ "အို အရှင်ရဟန်း၊ ခပ်စောစောကပင် ကျွန်ုပ်သင့်ကို ရှာနေပါသည်။ ဤဇမ္ဗူဒိပ်မြေအပြင် ၌ ကျွန်ုပ်သမီးနှင့်တူသော မိန်းကလေးမရှိပါ။ အရှင်ဘုရားလို ယောကျ်ားမျိုးလည်း ရှိနိုင်မည်မထင်ပါ။ ကျွန်ုပ်သမီးကို အရှင်ဘုရား အား ပေးပါ၏။ လက်ခံသိမ်းပိုက်ပါဟု ပြောပြီး သမီးကိုပေးအပ်လေ၏။

မာဂဏ္ဍီပုဏ္ဏားကြီး၏ ကမ်းလှမ်းခြင်းကို ကိလေသာအစေး မကင်းကြသေးသော သူများအနေဖြင့် ဝမ်းမြောက်ကြည်ဖြူ သိမ်းပိုက် ခံယူကြမည် ကေန်ဖြစ်သော်လည်း ကိလေသာအညစ်အကြေးမှ စင်ကြယ်တော်မူပြီးသော ဘုရားရှင်ကိုယ်တော်မြတ်သည်ကား ပုဏ္ဏား ၏ ကမ်းလှမ်းလာခြင်းကို ထွေးပိုက်ကြည်ဖြူ လက်ခံတော်မမူဘဲ၊

ဤသို့ ပြန်လည်မိန့်ကြားတော်မူသည်။

"ပုဏ္ဏား ကာမတစ်ဆယ့်တစ်ဘုံတို့တွင် အမြတ်ဆုံးကာမဘုံဖြစ်သော ဝသဝတ္တီပြည်ကြီးသူ မာရ်နတ်မင်း၏သမီးတော် ညီအမသုံးဖော်တို့သည် အမျိုးမျိုးအဖုံဖုံ ကာမဂုဏ်၏ကျေးဇူးကို သီကျူးဖွဲ့နွဲ့ချီးကျူးကြကုန်လျက် သွေးဆောင်ဖြားယောင်းရန် အကြံဖြင့် ငါဘုရားထံသို့ရောက်လာကြ၏။ အသားအရေစိုပြေဝါဝင်း မြတ်သောအဆင်းကိုဆောင်သော ထိုမာရ်နတ်မင်း၏ သမီးများကိုသော်မှလည်း ကိလေသာယှိဖိတ်ရာဂစိတ်ဖြင့် ငါမတပ်မက်ခဲ့ချေ။ နတ်သမီးတွေနှင့်နှိုင်းယှဉ်လျှင် မြောက်အိုမအသွင်ထင်ရသော သင့်သမီးမာဂဏ္ဍီကို သင့်အလိုသို့လိုက်၍ အဘယ်မှာ ငါသိမ်းပိုက်နိုင်အံ့နည်း"

ဟုမိန့်ကြားပြီးလျှင် ဆက်လက်၍ အောက်ပါတရားဒေသနာတော်ကို ဟောကြားတော်မူသည်။

**ဒိသွာန တဏှံအရတိံ ရာဂဉ္စ**

**နာဟောသိ ဆန္ဒော အပိ မေထုနသ္မိံ**

**ကိမေဝိဒံ မုတ္တကရီသ ပုဏ္ဏံ**

**ပါဒါပိ နံ သမ္ဖုသိတုံ န ဣစ္ဆေ။ ။**

ဗြာဟ္မဏ ပုဏ္ဏား၊ အဟံ ငါသည်၊ တဏှံစ တဏှာမည်သော နတ်သမီးကိုလည်းကောင်း၊ အရတိံစ အရတိမည်သော နတ်သမီးကိုလည်းကောင်း၊ ရာဂဉ္စ ရာဂါမည်သောနတ်သမီးကိုလည်းကောင်း၊ ဒိသွာနအပိ တွေ့မြင်ရပါသော်လည်း၊ မေထုနသ္မိံ မေတုန်မှု၌၊ ဆန္ဒော

မိုဝဲလိုသောကာမဆန္ဒသည်၊ နာဟောသိ မဖြစ်ခဲ့ပြီ၊ မုတ္တာကရီသပုဏ္ဏ ကျင်ငယ်ကျင်ကြီးတို့ဖြင့် ပြည့်နေသော၊ ဏူမိဿာဒါရိကာယ ဤ သူငယ်မ၏၊ ဣဒံရူပံ ဤရုပ်ကို၊ ဒိသွာ တွေ့မြင်ရ၍၊ မေထုနသ္မိံ မေထုန်မှု၌၊ ဆန္ဒော မိုဝဲလိုသောကာမဆန္ဒသည်၊ ကိံဘာဝိဿတိ ဘယ်မှာဖြစ်အံ့နည်း၊ နဘာဝိဿတိဧဝ မဖြစ်သည်သာတည်း၊ ပါဒါပိ ငါ၏ခြေတို့သည်လည်း၊ တံထိုသူငယ်မကို၊ သမ္ဖုသိတုံ တို့ထိခြင်းငှာ၊ နဣစ္ဆေ အလိုမရှိ၊ အနေန ဤသူငယ်မနှင့်၊ သံဝသိတုံ ပေါင်းသင်းခြင်း ငှာ၊ ကုတော ဣစ္ဆာ အဘယ်မှာ အလိုရှိအံ့နည်း၊ နဣစ္ဆေဧဝ အလိုမရှိ သည်သာတည်း။

ဤတရားတော် ဆုံးသောအခါ မာဂဏ္ဍီပုဏ္ဏားနှင့်ဇနီးတို့ သည် အနာဂါမိမဂ်,ဖိုလ်၌ တည်ကြကုန်၏။ ထိုနောက် သမီးမာဂဏ္ဍီ ကို ညီထံမှာအပ်နှံ၍ ဇနီးမောင်နှံနှစ်ဦးလုံး သာသနာတော်မှာ ရဟန်း ပြုကြပြီးလျှင် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်သွားကြသည်။

◻

## ဒေါဏပုဏ္ဏားကြီးအား ခြေတော်ရာပြခြင်း

အခါတစ်ပါး၌ သဗ္ဗညုမြတ်စွာဘုရားသည် ဥက္ကဋ္ဌမြို့နှင့် သေတဗျမြို့အကြား၌ တည်ရှိသော တောလမ်းခရီးတစ်ခုမှာ နောက်ပါ အဖော်ရဟန်းကိုမခေါ်ဘဲ ကိုယ်တော်တစ်ပါးတည်း ဒေသစာရီကြွတော်မူသည်။ ဒိသာပါမောက္ခဆရာကြီးဖြစ်သော ဒေါဏပုဏ္ဏားနှင့် တပည့်ကျောင်းသားငါးရာတို့သည် ဘာသာရပ်ဆိုင်ရာပညာရပ်များကို လက်တွေ့ကွင်းဆင်း သုတေသနပြုနိုင်ရန် လေ့လာရေးခရီးထွက်ယင်း မြတ်စွာဘုရားနှင့် မနီးမဝေးမှ နောက်ကလိုက်လာခဲ့ကြသည်။ ဘုရားရှင်သည် ဒေါဏပုဏ္ဏားကြီး၏ မဂ်ဖိုလ်ရနိုင်သော ဥပနိဿယကို မြင်တော်မူသဖြင့် အဓိဋ္ဌာန်ပြု၍ ခြေတော်ရာကိုချထားခဲ့ပြီးလျှင် အနီးအနားရှိ လမ်းဘေးသစ်ပင်တစ်ပင်အောက်မှ စောင့်ဆိုင်းနားနေတော်မူသည်။ ဒေါဏပုဏ္ဏားနှင့် တပည့်ကျောင်းသားများ မြတ်စွာဘုရားအနီး ရောက်သောအခါ ထူးခြားသောခြေတော်ရာကို တွေ့မြင်ရသောကြောင့် စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြပြီး ထူးခြားသော ဤခြေရာသည် သာမန်ပုဂ္ဂိုလ်တို့၏ ခြေရာမဟုတ်၊ ပုဂ္ဂိုလ်ထူးတစ်ဦး၏ ခြေရာသာ ဖြစ်သည်ဟု တွေးတောဆင်ခြင်လျက် အနီးပတ်ဝန်းကျင် အရပ်လေး မျက်နှာကို ရှုစမ်းကြည့်ရှုကြသည်။ ထိုအခါ ခပ်လှမ်းလှမ်း သစ်ပင် တစ်ပင်အောက်၌ သီတင်းသုံးနေသော မြတ်စွာဘုရားကို မြင်သဖြင့်

မြတ်စွာဘုရားထံသို့ လိုက်သွားကြပြီး ပါမောက္ခဒေါဏပုဏ္ဏားကြီးက မိမိသိလိုသမျှကို ဘုရားရှင်အား မေးမြန်းပါသည်။

ဒေါဏ။ ။ အရှင်သည် ဘယ်သူဖြစ်ပါသလဲ၊ နတ်ဒေဝါများ ဖြစ်ပါသလား၊ သိပါရစေ။

ဗုဒ္ဓ။ ။ နတ်ဒေဝါဆိုတာ မဟုတ်ပါဘူး။

ဒေါဏ။ ။ နတ်ဒေဝါမဟုတ်လျှင် ဂန္ဓဗ္ဗများဖြစ်နေပါသလား။

ဗုဒ္ဓ။ ။ ငါ ဂန္ဓဗ္ဗလဲ မဟုတ်ပါဘူး။

ဒေါဏ။ ။ ဂန္ဓဗ္ဗမဟုတ်လျှင် အရှင်ဟာ ဘီလူးဖြစ်မည်ဟု ထင်ပါတယ်။

ဗုဒ္ဓ။ ။ ဘီလူးလဲ မဟုတ်ပါဘူး။

ဒေါဏ။ ။ ဘီလူးလဲ မဟုတ်ဘူးဆိုလျှင် အရှင်ဟာ လူသားတစ်ယောက်ဖြစ်ရမှာပဲ။

ဗုဒ္ဓ။ ။ ပုဏ္ဏား၊ ငါဟာ လူသားတစ်ယောက်လည်း မဟုတ်တော့ဘူး။

ဒေါဏ။ ။ အရှင်က လူသားတစ်ယောက်လဲ မဟုတ်ဘူးဆိုလျှင် ဘယ်သူလဲ၊ ဘယ်လိုပုဂ္ဂိုလ်လဲ သိပါရစေ။

ဗုဒ္ဓ။ ။ ပုဏ္ဏား၊ ငါသည် နတ်ဖြစ်ကြောင်း၊ ဂန္ဓဗ္ဗဖြစ်ကြောင်း၊ ဘီလူးဖြစ်ကြောင်း၊ လူဖြစ်ကြောင်း ဖြစ်ကုန်သော အာသဝေါတရားအားလုံးကို အကြွင်းမဲ့ ပယ်သတ်ပြီး အမြစ်ပါပြုတ်၍ အငုတ်မျှမကြွင်းကျန်အောင်

နှုတ်ပယ်ပြီးလေပြီ။ ထန်းပင်ငုတ်တိုသည် အညွန့်အတက်ပြန်၍ မထွက်သလို ငါသည် လူ့နတ်ဗြဟ္မာသတ္တဝါဖြစ်ကြောင်း အာသဝေါတရားတွေ အညွန့်အတက် အသစ်ပြန်၍မထွက်အောင် သတ်အပ်ပြီးလေပြီ။

သင်,သိမြင်လွယ်အောင် ဥပမာဆောင်၍ပြရသော် ကြာညို ကြာဖြူ ကြာနီ ကြာပဒုမ္မာနှင့် ကြာပုဏ္ဍရိက်တို့သည် ရေ၌ပေါက်၍ ရေ၌ ရှင်သန်ကြီးပွားကြသော်လည်း ရေမှတက်၍ အထက်၌သာတည်၏။ ရေနှင့်မထိမစပ်၊ မငြိကပ်သကဲ့သို့ ကြာနှင့်မခြား အလားတူပင် ငါသည် လောက၌မွေးဖွား၍ လောကကြီးအတွင်းမှာ ကြီးပြင်းခဲ့သော်လည်း လောကကိုလွှမ်းမိုးလျက်သာနေ၏။ လောကနှင့် မထိစပ်၊ မငြိကပ်ဘဲ သီးသန့်နေ၏။ ထို့ကြောင့် ငါ့ကို ဗုဒ္ဓဟူ၍မှတ်လေဟု မိန့်ကြားတော်မူသည်။

ဒေါဏပုဏ္ဏားသည် မြတ်စွာဘုရားဟောကြားသောတရားကို ရိုသေစွာစူးစိုက်နာယူလျက်ရှိရာ တရားတော်ပြီးဆုံးသည်နှင့်တပြိုင်နက် အနာဂါမိမဂ်ဖိုလ်သို့ ဆိုက်ရောက်သွားလေ၏။

အနာဂါမ်အဖြစ်သို့ ရောက်ပြီးနောက် သုခမိန်ပညာရှိ ဒိသာပါမောက္ခ ဆရာကြီးဖြစ်သည့်အားလျော်စွာ မြတ်စွာဘုရားဂုဏ်တော်များကို ဂါထာပေါင်းသုံးထောင် ပါဒပေါင်းတစ်သောင်းနှစ်ထောင်တို့ဖြင့် သီကုံးဖွဲ့နွဲ့၍ ဘုရားရှင်အား ချီးကျူးပူဇော်ခဲ့ပါသည်။

မြတ်စွာဘုရားသခင် ပရိနိဗ္ဗာန်ဝင်စံတော်မူသောအခါ ကြွင်းကျန်ခဲ့သော ဓာတ်တော်မွေတော်များကို ခုနှစ်ပြည်ထောင်မင်းတို့အား ဝေခြမ်းပေးသူမှာ အခြားသူမဟုတ်၊ ဤဒေါဏပုဏ္ဏားကြီးပင်ဖြစ်ကြောင်း သိရပါသည်။

(အင်္ဂုတ္တိုရ်ပါဠိတော် ဒေါဏသုတ်-၃၄၆)

ြ

## အရှင်သာရိပုတြာအား ခြေတော်ရာပြတော်မူခြင်း

ဤသို့ သဗ္ဗညုမြတ်စွာဘုရားသည် မာဂဏ္ဍီပုဏ္ဏား ဇနီးမောင်နှံနှင့် ဒေါဏပုဏ္ဏားတို့အား ခြေတော်ရာပြသကဲ့သို့ပင် (လင်မယားသောတာပန်)ဟု ဗုဒ္ဓဘာသာဝင်များ အသိများနေကြသော ကုက္ကုဋမိတ္တမုဆိုးအားလည်း သောတာပတ္တိမဂ်ဖိုလ်အကျိုးငှာ ခြေတော်ရာပြတော်မူခဲ့ဖူးသေး၏။ ကုက္ကုဋမုဆိုးဝတ္ထုကိုမူ ကျယ်လွန်းမည်စိုးရိမ်သောကြောင့် အကျယ်မပြတော့ပါ၊ အလိုရှိသူများ ဓမ္မပဒအဋ္ဌကထာ ဒုတိယအုပ်၌ ဖတ်ရှုနိုင်ပါသည်။

ဘုရားရှင်သည် မဂ်ဖိုလ်တရားထူးကို ရစေခြင်းငှာ သတ္တဝါတို့အား ခြေတော်ရာချ၍ ပြတော်မူသကဲ့သို့ပင် သတိမေ့လျော့ ပေါ့ပေါ့ဆဆ မိမိ၏အဆုံးအမကို မလိုက်နာကြသော တပည့်သာဝကတို့အား သတိသံဝေဂဖြစ်ကြစေရန် ရည်သန်၍ ခြေတော်ရာပြခဲ့ဖူးသည်လည်း ရှိသေး၏။ အခါတစ်ပါး၌ အရှင်သာရိပုတြာမထေရ်မြတ်ကြီးသည် ဒိဋ္ဌဓမ္မသုခဝိဟာရအကျိုးငှာ တစ်ပါးတည်း ဟိမဝန္တာသို့ကြွသွား၍ တောင်ဝှမ်းတစ်ခုအတွင်း၌ တံမြက်မလှည်းဘဲ နိရောဓသမာပတ် ဝင်စားလျက်နေတော်မူ၏။ ဘုရားရှင်သည် "ငါ့တပည့်ကြီးဖြစ်သော သာရိပုတြာသည် ယခုဘယ်အရပ်သို့ သွားလေသနည်းဟု"ဆင်ခြင်ကြည့်ရှုလတ်သော် ဟိမဝန္တာမှ တောင်ဝှမ်းတစ်ခုအတွင်း၌ တံမြက်မလှဲဘဲ

နိရောဓသမာပတ်ဝင်စား၍နေသည်ကို မြင်တော်မူ၏။ လက်ျာရံ အဂ္ဂသာဝကရာထူးကြီးဖြင့် ချီးမြှင့်မြှောက်စား ပညာရှိဧတဒဂ်ဘွဲ့ထူး ပေးသနားထားသော ငါ၏တပည့်ကြီးဖြစ်လျက် ယခုလို သေနာသန ကျင့်ဝတ်ကို မကျင့်သုံး မလိုက်နာခြင်းသည် မသင့်ချေ။ မသင့်ကြောင်း ကို သာရိပုတြာသိ၍ သတိသံဝေဂဖြစ်စေအံ့ဟု ကြံတော်မူလျက် ကောင်းကင်ခရီးဖြင့် ကြွသွားပြီးလျှင် နိရောဓသမာပတ် ဝင်စားနေသော အရှင်သာရိပုတြာ၏ ရှေ့တည့်တည့်အရပ်၌ ခြေတော်ရာချထားခဲ့ပြီး ပြန်ကြွတော်မူလာသည်။

အရှင်သာရိပုတြာသည် နိရောဓသမာပတ်မှ ထသော် ခြေတော်ရာကို ဖူးမြင်ရလေ၏။ ထိုအခါ မြတ်စွာဘုရား ကြွတော်မူလာ သည်ကို သိရသဖြင့် ထိတ်လန့်တုန်လှုပ်လျက် ဒူးနှစ်ဖက်ကိုထောက်၍ ရှိသေစွာ ရှိခိုးကန်တော့ပြီးလျှင် ငါသည် တံမြက်မလှဲဘဲ တောင်ဝှမ်း အတွင်း၌ နိရောဓသမာပတ်ဝင်စားနေခြင်းကို ဘုရားရှင် သိမြင်တော် မူသွားလေပြီ။ ယခုပင် သံဃာ့အလယ်၌ အပြစ်တင်မှုကို ပြုစေအံ့ဟု ကြံပြီးလျှင် မြတ်စွာဘုရားထံသို့ သွား၍ ရှိခိုးကန်တော့သည်။ ဘုရားရှင်က "သာရိပုတြာ၊ သင် ဘယ်သွားနေသနည်း" ဟု မေးမြန်း ရာ ဟိမဝန္တာမှ တောင်ဝှမ်းတစ်ခုအတွင်းသို့သွား၍ နိရောဓသမာပတ် ဝင်စားနေကြောင်း အရှင်သာရိပုတြာက အမှန်အတိုင်း ဖြေကြားလျှောက် ထား၏။

"သာရိပုတြာ၊ သင်သည် ငါ၏အခြားမဲ့ဖြစ်သော ဒုတိယ

နေရာ၌ နေသူဖြစ်သည်။ ငါ၏ အားအထားရဆုံး ညာလက်ရုံးဖြစ်သော တပည့်ကြီးဖြစ်လျက် ယခုလို တံမြက်မလှည်းဘဲ (သေနာသနဝတ် မပြုဘဲ)နေခြင်းသည် မသင့်တော်''ဟု သတိပေးမိန့်ကြားတော်မူသည်။

ထိုသို့ သတိပေးခံရသောအခါမှ အစပြု၍ အရှင်သာရိပုတြာ မထေရ်မြတ်ကြီးသည် ဘယ်အရပ်ဒေသသို့ ရောက်သည်ဖြစ်စေ ရောက်ရာအရပ်ဒေသ၌ တံမြက်လှည်းခြင်းသေနာသနဝတ်ကို အမြဲပြု တော်မူသည်။ (ယုတ်စွအဆုံး)သင်္ကန်းရုံပြီး၍ အနားပတ်ကွင်း၌ အနားပတ် သီးတပ်သောနေရာ၌ပင် ခြေဖြင့်အမှိုက်များကို ဖယ်ရှားပြီး မှသာ ရပ်၍ အနားပတ်သီးတပ်တော်မူကြောင်း သိရပါသည်။

(ပရိဝါအဋ္ဌကထာ - ၁၇၆)

# ခြေတော်ရာကို ဖျက်သော်လည်းမပျက်

ဤသို့လျှင် သဗ္ဗညုမြတ်စွာဘုရားသည် အကြောင်းထူးဝိသေသကို မြင်၍ တွေ့စေချင်သောသတ္တဝါတို့ တွေ့မြင်စေရန် အဓိဋ္ဌာန်ပြု၍ ခြေတော်ရာချတော်မူခဲ့သည်။ မြတ်စွာဘုရား တွေ့မြင်စေချင်သော သတ္တဝါများသာ ထိုခြေရာကို တွေ့မြင်ရ၍ အခြားသူများ မတွေ့မြင်ရ။ မြတ်စွာဘုရားတွေ့မြင်စေချင်သော ပုဂ္ဂိုလ်များ မမြင်ရအောင်လည်း ဘယ်သူမှ မနှောင့်ယှက် မဖျက်ဆီးနိုင်။ ဆင်၊ မြင်း၊ ကျွဲ၊ နွား စသည့်တိရစ္ဆာန်များ နင်းသော်လည်း ခြေတော်ရာမပျက်စီး။ မိုးကြီးသည်းထန်စွာရွာသွန်း၍ လေမုန်တိုင်းကြီးပြင်းထန်စွာတိုက်ခတ်စေကာမူ အချည်းနှီးသာဖြစ်၍ ဘုရားရှင်တွေ့မြင်စေချင်သော သတ္တဝါများ တွေ့မြင်ဖူးမြော်ပြီးမှသာ အလိုအလျောက် ပျောက်ကွယ်သွား၏။

(ဓမ္မပဒ ဋ္ဌ-၂-၁၂၉)

သို့သော် နောက်သားနောင်လာ မျိုးလေးဖြာတို့ ထာဝရ ဖူးမြော်ကြစေရန် ရည်သန်၍ ချအပ်သောခြေတော်ရာတို့သည်ကား ယနေ့ထက်တိုင်အောင် မပျက်မစီးဘဲ ပကတိအတိုင်း အထင်အရှား တည်ရှိနေကြပေသည်။ ၎င်းခြေတော်ရာများမှာ-

၁။ သီဟိုဠ်ကျွန်း သမန္တမကုဋ္ဌတောင်ထိပ်၌ တစ်ဆူ။

၂။ ဇမ္ဗူဒိပ်ကျွန်း သုနာပရန္တတိုင်း သစ္စဗန္ဓတောင်၌ အထက်

အောက် နှစ်ဆူ၊ ပေါင်း သုံးဆူဖြစ်ကြောင်းကို-

"တီဏိ ခေါပန ဘဂဝတော ပါဒစေတိယာနိ လက်ာဒီပေ ဇေကံ၊ သုနာ ပရန္တရဋ္ဌေ ဒွေတိ"စသည်ဖြင့် သာရတ္ထသင်္ဂဟကျမ်း၌ ဆိုသည်။ ထို့ကြောင့်ပင် ကျည်းကန်ရှင်ကြီးနန္ဒမဇ-က "ဇမ္ဗူမှာဒွေး၊ ရာမှာ ဧ၊ နက်လေးဓိပ္ပာယ် မည်သို့နည်း"ဟု သံပေါက်လင်္ကာဖြင့် ပုစ္ဆာထုတ်ခဲ့သည်။ ပုစ္ဆာ၏အဓိပ္ပာယ်မှာ မြတ်စွာဘုရားသည် ဇမ္ဗူဒိပ် ကျွန်း၌ ခြေတော်ရာနှစ်ဆူချခဲ့သည်။ ထိုနှစ်ဆူလုံးပင် လက်ဝဲခြေတော် ရာချည်းဖြစ်သည်။ သို့ဖြစ်၍ ရာမှာ-ဧ (ခြေတော်ရာအမျိုးအစားတခု ထဲ ဖြစ်သည်)ဟူ၍ ဆိုခြင်းဖြစ်ကြောင်း ဆရာမြတ်တို့ မိန့်ဆိုကြသည်။

လင်္ကာဒီပေအရ ယခုသီရိလင်္ကာခေါ်သော သီဟိုဠ်ကျွန်း၌ ချထားအပ်သော ခြေတော်ရာကို မြတ်စွာဘုရားသည် ဘုရားအဖြစ်သို့ ရောက်ပြီးနောက် ရှစ်ဝါမြောက်တွင် ကလျာဏီမြစ်၌နေသော မဏိ အက္ခိက နဂါးမင်းပင့်လျှောက်အပ်သည်ဖြစ်၍ နောက်ပါရဟန်းငါးရာ နှင့်အတူ လင်္ကာဒီပကျွန်းသို့ ကြွတော်မူလျက် ကလျာဏီစေတီတည် ထားမည့်အရပ်တွင် ကောင်းစွာဆောက်လုပ်အပ်သော ရတနာမဏ္ဍပ် ကြီး၌ သီတင်းသုံးတော်မူ၍ ဆွမ်းဘုန်းပေးတော်မူသည်။ဆွမ်းဘုန်းပေး ပြီးနောက် သမန္တကုဋတောင်ထိပ်သို့တက်၍ ခြေတော်ရာချပြီးမှ ဇမ္ဗူဒိပ်ကျွန်းသို့ ပြန်လည်ကြွတော်မူသည် စသည်ဖြင့် သာရတ္ထဋီကာ ကြီး (ပ-၁၇၆)၌ အကျယ်ပြဆိုသည်။ ။

# ဗုဒ္ဓသာသနိက ပထဝီဝင်ကျမ်းအဆို မှတ်သားဖွယ်အထူး

ဤသီရိလင်္ကာခြေတော်ရာနှင့်စပ်၍ မှတ်သားဖွယ်တို့ကို ဗုဒ္ဓသာသနိက ပထဝီဝင်ကျမ်းကြီး၌ အဂ္ဂမဟာပဏ္ဍိတ တောင်ပေါက် ဆရာတော်ဘုရားကြီးက ဤသို့ရေးသားဖော်ပြထားသည်။

(၁) ကိုးလ၊ ငါး၀ါ၊ ဋ္ဌ၀ဿာ သုံးခါသီဟိုဠ်ရောက်

(၂) ငါတို့ဗုဒ္ဓဂေါတမ မြန်းကြွချီးအမြောက်

(၃) ခေါက်တတိယ ကဆုန်လ ပြည့်ကချိန်ခါရောက်

(၄) ဝဲခြေစက်ချ၊ သမန္တ ကူဋတောင်ထိပ်မောက်

(၅) သုမနနတ်မင်း တောင်းပန်ခြင်းကြောင်းရင်းအမှန်ကောက် အဓိပ္ပာယ်အားဖြင့်- ငါတို့ဗုဒ္ဓဂေါတမရှင်တော်ဘုရားသည် ဘုရားဖြစ်တော်မူပြီးနောက် ကိုးလမြောက်မှာတစ်ကြိမ်၊ ငါး၀ါမြောက်မှာ တစ်ကြိမ်၊ ရှစ်၀ါမြောက်မှာ တစ်ကြိမ်၊ ဤသို့သုံးချိန်တိုင် သီဟိုဠ်ကျွန်းသို့ အချီးအမြောက်ကြွရောက်တော်မူရာ သုံးကြိမ်မြောက်အခေါက် ကဆုန်လ ပြည့်နေ့အရောက်တွင် သုမနနတ်မင်း တောင်းပန်ခြင်းကြောင့် သမန္တကူဋခေါ် သုမနတောင်ထိပ်မှာ လက်ဝဲစက်တော်ရာချတော်မူသည် ဟူလို။ ။

ယခုဖော်ပြခဲ့သော သုံးကြိမ်သုံးခေါက်ကြွရောက်တော်မူ

ကြောင်း စသည်ကို မဟာဝင် ထူပဝင် သခေ်ပဝဏ္ဏနာ၊ သုတ္တန်ဒွေသ ကျမ်းများ၌ အဆိုရှိသည်။

သီဟိုဠ်ကျွန်းရှိသီရိပါဒဟု ဗုဒ္ဓဘာသာဝင်လူ့ရှင်အပေါင်းတို့ နှစ်ပေါင်းနှစ်ထောင်ငါးရာလေးဆယ် (၂၅၄၀)လောက်ကစ၍ ယခုတိုင် ခေါ်ဝေါ်လာခဲ့ကြသော ငါတို့ဂေါတမဘုရားသခင်ခြေတော်ရာနှင့် စပ်လျဉ်း၍ အထူးမှတ်သားဖွယ်ကောင်းသောအကြောင်းကို ရေးပြဦးအံ့။

အယက်နှစ်ပေါင်းတစ်ရာကျော် နှစ်ရာထက်မနည်း အခါ သမယကစ၍ ယနေ့ထက်တိုင် ခရစ်ယာန်ဘာသာဝင်လူမျိုးများက ၎င်းတို့ကိုးကွယ်ရာ ဘာသာဘက်သို့ ဆွဲယူသိမ်းသွင်း၍ ၎င်းခြေတော် ရာတည်သောတောင်ထိပ်ကို အာဒမ်၏ခြေချရာတောင်ထိပ်ဟူ၍လည်း ကောင်း၊ ၎င်းခြေတော်ရာကိုပင် ဟိန္ဒူဘာသာဝင် အိန္ဒိယတိုင်းသား လူမျိုးများကမူကား ရာမခြေရာတော်ဟူ၍လည်းကောင်း၊ မဟာမေဒင် ဘာသာဝင်လူမျိုးများကမူ အလာဟုလာလာ၏(အလ္လာ၏)ခြေတော်ရာ ဟူ၍လည်းကောင်း အသီးသီးခေါ်ဝေါ်ပြောဆိုလာခဲ့ကြရာ-

(၁) ဓလတိလက (၂) အာရိဟာရိသိလ္လ (၃) ပေးရေရ ဟူသော သီဟိုဠ်နိုင်ငံသား ဗုဒ္ဓဘာသာဝင် မင်းတိုင်ပင်အမတ်ကြီး သုံးယောက်တို့၏ မဟာသဘာဟ လုံးလပယောဂဖြင့် ၁၉၃၅ ခုနှစ်၊ ဇွန်လ(၂၀)ရက် မြန်မာသက္ကရာဇ် တစ်ထောင့်နှစ်ရာကိုးဆယ်ခုနှစ်၊ ခု(၁၂၉၇)နယုန်လဆုတ်(၅)ရက်နေ့ကစ၍ ၎င်းအမည်ဟောင်းအတိုင်း သာ (သီရိပါဒ) ဟု ခေါ်ဝေါ်ပြောဆိုကြစေရန် သီဟိုဠ်ဘုရင်မင်းမြတ်က

အမိန့်တော်ထုတ်ပြန်တော်မူသည်ဟု သီဟိုဠ်ဘာသာ သတင်းစာများ၌ တွေ့မြင် ဖတ်ရှုရပေသည်။ ၎င်းခြေတော်ရာကို ငါတို့ ဂေါတမမြတ်စွာ ဘုရားသခင် သမန္တကုဋ (သုမနကုဋ)တောင်ထိပ်၌ ခပ်နှိပ်တော်မူသော အခါသမယကား လွန်ခဲ့သောနှစ်ထောင့်ငါးရာတဆယ့်ခြောက် (၂၅၁၆) နှစ်ကာလကဖြစ်၍ ထိုအခါက အာဒမ်၊ အလာဟုလာလာ (အလ္လာ)တို့ နှစ်ဦးလုံးပင်လျှင် ကမ္ဘာလောကကြီး၌ ထင်ရှားမဖြစ်ပေါ်ကြသေးဟု မှတ်လေ။

(ဤကား ဗုဒ္ဓသာသနိက ပထဝီကျမ်းကြီး၌ တောင်ပေါက် ဆရာတော်၏ ရေးသားဖော်ပြထားခြင်းတို့ ဖြစ်ပေသည်။)

## သုနာပရန္တတိုင်းခြေတော်ရာနှစ်ဆူ

"ဇမ္ဗူမှာဒွေး ရာမှာဇ"ဆိုသည့်အတိုင်း လက်ဝဲခြေတော်ရာနှစ်ဆူကို မဟာသာဝကရှစ်ကျိပ်တို့တွင် တစ်ပါးအပါအဝင်ဖြစ်သော အရှင်ပုဏ္ဏမထေရ်ပင့်လျှောက်သဖြင့် မြတ်စွာဘုရားနှင့်နောက်ပါ သံဃာငါးရာတို့ သုနာပရန္တတိုင်းသို့ ကြွတော်မူစဉ် နမ္မဒါနဂါးမင်းနှင့် သစ္စဗန္ဓမထေရ်တို့ တောင်းပန်ကြသောကြောင့် နမ္မဒါမြစ်ကမ်း၌ ခြေတော်ရာတစ်ဆူ၊ သစ္စဗန္ဓတောင်ထိပ်၌ ခြေတော်ရာတစ်ဆူချခဲ့ကြောင်းကို မဇ္ဈိမနိကာယ် ဥပရိပဏ္ဏာသပုဏ္ဏောဝါဒသုတ် အဋ္ဌကထာ၊ သံယုတ္တနိကာယ် သဠာယတနဝဂ္ဂအဋ္ဌကထာနှင့် ပုဏ္ဏထေရဂါထာ အဋ္ဌကထာတို့၌ အကျယ်ပြဆိုကြသည်။ ထိုအဋ္ဌကထာကြီး အသီးသီးတို့ ပြသည့်အတိုင်း ရွှေစက်တော်သမိုင်းစာအုပ်များ၌ အကျယ်ပါရှိပြီးဖြစ်၍ ထိုအကြောင်း မဖော်ပြတော့ပါ။

ဖော်ပြလိုသောအကြောင်းမှာ ပြည်ထောင်စုမြန်မာနိုင်ငံ မကွေးတိုင်း၊ မင်းဘူးစကုမြို့နယ်အတွင်းမှ ခြေတော်ရာနှစ်ဆူသည် မြတ်စွာဘုရားခြေတော်ရာ အစစ်အမှန်ဟုတ်မဟုတ် စာရေးသူ၏ ထင်မြင်ယူဆချက်နှင့် အထောက်အထားအချို့ကို အကျဉ်းချုံးတင်ပြလိုခြင်းပင်ဖြစ်သည်။ အချို့က "အပရန္တတိုင်းသည် အိန္ဒိယနိုင်ငံအနောက်တောင်ထောင့်အရပ်မှ ဘုံဘေနယ်မြေဖြစ်သည်။ ထိုနယ်အတွင်း၌ပင်

ခြေတော်ရာအစစ်ရှိရမည်”ဟု ဆိုကြသည်။ ထိုသူများသည် ဇမ္ဗူဒီပ= ဇမ္ဗူဒိပ်ဟုဆိုလိုက်သည်နှင့် ယခုမျက်မှောက်ခေတ်အိန္ဒိယနိုင်ငံ၏ နယ်နိမိတ်အပိုင်းအခြားမြေပုံကိုသာကွက်၍ ကြည့်ရှုတတ်ကြသည်။

မြတ်စွာဘုရားသက်တော်ထင်ရှားရှိစဉ်က အိန္ဒိယနိုင်ငံအတွင်း၌ တိုင်းပြည်အသီးသီးတည်ရှိနေပြီး သာသနာတော်သည်လည်း ဂင်္ဂါမြစ်ဝှမ်းတဝိုက်၌သာ အထူးအားဖြင့် ထွန်းကားခဲ့သည်ကို သတိပြုရပေမည်။ ဘုံဘေနယ်ရော မင်းဘူးစကုနယ်ပါ နှစ်နယ်လုံးမဇ္ဈိမဒေသအရပ်အတွင်း၌ မပါဝင်ကြဘဲ မဇ္ဈိမဒေသအပြင်ဘက်မှ ပစ္စန္တရစ်အရပ်ချည်းဖြစ်ကြသည်။

ထိုနယ်များသည် မြတ်စွာဘုရားအများဆုံး သီတင်းသုံးနေတော်မူခဲ့သော သာဝတ္ထိပြည်နှင့်လည်း အကွာအဝေးများစွာ ကွာခြားလှသည်မဟုတ်ချေ။ နီးချင်းနီးလျှင် မင်းဘူးစကုနယ်ကပင် သာဝတ္ထိနှင့် ပိုပြီးနီးနိုင်သေးသည်။ ပုဏ္ဏမထေရ်ပင့်လျှောက်၍ မြတ်စွာဘုရားကြွတော်မူသောအခါ၌လည်း ကုန်းလမ်းခရီးမှ ခြေလျင်ကြွတော်မူသည်မဟုတ်။ ကောင်းကင်ခရီးဖြင့်ကြွတော်မူသည်ဖြစ်ရာ တောတောင်လျှိုမြောင်အဆီးအတားတို့ကြောင့် လမ်းခရီး၌ အခက်အခဲဘာမှ ဖြစ်စရာမရှိပေ။ သိကြားမင်းအမိန့်ဖြင့် ဝိသုကမ္မနတ်မင်း စီစဉ်ပေးသော ရထားပျံငါးရာဖြင့် ကောင်းကင်မှ ကြွတော်မူခြင်းကပင်လျှင် ထိုခရီးမနီးကြောင်း တောတောင်လျှိုမြောင်တွေ ခြားနေကြောင်း ညွှန်ပြလျက်ရှိနေသည်။

သဗ္ဗညုမြတ်စွာဘုရားသည် အနာဂတံသဉာဏ်တော်ဖြင့်

ရှုမြော်၍ သာသနာထွန်းကားမည့်အရပ်များသို့ ကိုယ်တော်တိုင် ကြွရောက်ချီးမြှောက်လေ့ရှိပေသည်။ ထိုစကားကို သီဟိုဠ်ကျွန်းသို့ သုံးကြိမ်ထက်မနည်းကြွ၍ ခြေတော်ရာချခဲ့ခြင်းက ထောက်ခံလျက်ရှိ သည်။ ပင်လယ်သမုဒ္ဒရာကြီးခြားနေသော သီဟိုဠ်ကျွန်းသို့ပင် သုံးကြိမ်ထက်မနည်း မြတ်စွာဘုရားကြွတော်မူသေးလျှင် သာသနာ တော်ကြီး မုချစည်ပင်ထွန်းကားလတ့်ဖြစ်သော မြန်မာနိုင်ငံသို့လည်း ကြွရောက်ခော်မူမည်မှာ ဧကန်ပင်ဖြစ်သည်။ မြန်မာနိုင်ငံမှ သမိုင်း အစောင်စောင်တို့၌လည်း မြတ်စွာဘုရားကြွတော်မူကြောင်းကို အသီး သီးပြဆိုကြသည်ဖြစ်ရာ လက်မခံနိုင်စရာအကြောင်း ဘာမှမရှိပါ။

နောက်တစ်ခုစဉ်းစားရန်မှာ သက်တမ်းတိုသောဘုရားရှင်များ ပရိနိဗ္ဗာန်ဝင်စံတော်မူကြသောအခါ သတ္တဝါတို့၏ အကျိုးစီးပွားအလို့ငှာ ဓာတ်တော်မွေတော်များကို ကမ္ဘာအနှံ့ပြန့်စေရန် အဓိဋ္ဌာန်တော်မူခဲ့ ကြောင်း ကျမ်းဂန်တို့၌ ပြဆိုထားသည်။ ခြေတော်ရာချတော်မူခြင်း သည်လည်း သတ္တဝါများဖူးမြော်ကန်တော့ကြပြီး နတ်ရွာသုဂတိသို့ ရောက်ကြစေရန်အကျိုးငှာ ချထားတော်မူခဲ့ခြင်းဖြစ်ရာ ခြေတော်ရာ အစစ်မှန်ခဲ့လျှင် မြတ်စွာဘုရားရည်ရွယ်တော်မူသည့်အတိုင်း ဖူးမြော် ပူဇော်သူများနှင့် အမြဲစည်ကားနေရမည်သာဖြစ်သည်။ မြန်မာနိုင်ငံ မန်းစက်တော်မှ ခြေတော်ရာနှစ်ဆူမှာ ရှေးအတီတေမှစ၍ ယနေ့ မျက်မှောက်ခေတ်အထိ နှစ်စဉ်နှစ်တိုင်း ဘုရားဖူးများဖြင့် အမြဲစည်ကား လျက်ရှိရာ မြတ်စွာဘုရားဆန္ဒတော်နှင့် (အဓိဋ္ဌာန်နှင့်)ကိုက်ညီနေသော

ကြောင့် ခြေတော်ရာစစ်မစစ် သံသယဖြစ်စရာမလိုပေ။ ရတနာသုံးပါး၌ ကြည်ညိုသဒ္ဓါရှိကြသော အမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည် မြတ်စွာဘုရားခြေတော်ရာအစစ်အမှန်ဟု ခိုင်မြဲစွာယုံကြည်လျက်ရှိနေကြပါသည်။ ။

## ပျူခေတ်ကပင် ခြေတော်ရာကို ကိုးကွယ်ခဲ့ကြသည်

ယင်းသို့ယုံကြည်ကိုးကွယ် ပူဇော်ကြခြင်းသည်လည်း ယခု မျက်မှောက်ခေတ်ရောက်မှ ကိုးကွယ်ပူဇော်ကြသည်မဟုတ်။ ဟလင်း ပြည်ကြီး ကောင်းစားစဉ် ပျူခေတ်ကပင် ကိုးကွယ်ပူဇော်ခဲ့ကြကြောင်း ကို သမိုင်းအထောက်အထားများအရ သိရသည်။ သမိုင်းမှာ စစ်ကိုင်း တိုင်း ရွာသစ်ကြီးအနီးမှ စက်တော်ရာသမိုင်းဖြစ်၍ ရေးသာပြုစုသူမှာ ပဥ္စမသံဂါယနာတင်မင်းတုန်းမင်းတရားကြီးလက်ထက်က ရတနာပုံ သတင်းစာအယ်ဒီတာ ဆရာကြီးဘိုးဝဇီရဖြစ်သည်။ ထိုသမိုင်းကို ကိုးကား၍ ဓမ္မာစရိယဦးဌေးလှိုင်ပြုစုသော ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများ စာအုပ်၌ ပျူနိုင်ငံဟလင်းခေတ်မှ ဈာန်အဘိညာဉ်ရ ရဟန္တာသာမဏေ တစ်ပါးအကြောင်းကို ဖော်ပြထားသည်။ ထိုရဟန္တာသာမဏေသည် မိမိ၏ခမည်းတော် မယ်တော်များဖြစ်ကြသော (နန်းကျဘုရင်)စိတ္တ ရာဇာနှင့် ပဒုမဒေဝီတို့ ဖူးမြော်နိုင်ရန် မန်းစက်တော်မှ ခြေတော်ရာကို တန်ခိုးဖြင့် ပုံတူကူးယူပေးကြောင်းကို အထောက်အထား အကိုးအကား များဖြင့် အကျယ်ဖော်ပြထားသည်ကို ကြည့်ညိုဖွယ်ရာ ဖတ်ရှုရ၏။

ထိုအကြောင်းကို ဆရာကြီးဘိုးဝဇီရက ဤသို့ မော်ကွန်းတင် ခဲ့ပါသည်။

"ရေကြည်သန်းကြော့ မန်းကတော့သည့်၊ နန်းမော့တောင်

ခွင်၊ ခေါင်အပြင်ထက် အောင်မြင်ဝိဇ္ဇည်း၊ ငါးမာရ်လှည်းသား၊ မိတည်း နှောင်ကျော်၊ မြတ်ဘုန်းမော်၏ စက်တော်အတု ပြီစွာထု၍၊ ယခုအများ မြတ်မယ်ဘွားကို နေ့အားညက ဖူးစေရသော် ပုညကောင်းကျိုး ကြီးပွားတိုးအံ့၊ အားကြိုးသန်ရည် ကြံပြီးသည်မှ မရှည်မလျားစျာန်ဖြင့် သွား၍ မြသားကျောက်ထက်ရာရှစ်ကွက်ကို နှစ်သက်လွန်ကျူး တူ ကြောင်းကူးပြီး၊ နှစ်ဦးမယ်တော် ခမည်းတော်တို့ ပူဇော်နေ့ရေ ကိုးကွယ်စေသည်၊ ပုံသေကုသိုလ်ဖြစ်ရေးတည်း။ ။

□

## မိုင်းမောမြို့ဟောင်းမှ ကြေးရုပ်ကလေး

ဆရာကြီးဘိုးဝဇီရ၏ စက်တော်ရာသမိုင်းအဆိုအရ ပျူခေတ်ကပင် မြန်မာနိုင်ငံသားတို့ ရွှေစက်တော်မှ ခြေတော်ရာကို ကိုးကွယ်ပူဇော်နေကြကြောင်းကို အခိုင်အမာဆိုနိုင်ပါသည်။ ထိုအကြောင်းကို ဟာလင်းနှင့်ခေတ်ပြိုင်ဖြစ်သော မိုင်းမောပျူမြို့ဟောင်းမှ ရရှိသော ကြေးရုပ်ကထောက်ခံနေသည်။ ထိုကြေးရုပ်ကို ကင်းတားရေလှောင်တမံကြီး တည်ဆောက်စဉ်က မြေတူးစက်ကြီးများဖြင့် တူးဖော်ရာမှ ရရှိကြောင်း သိရသည်။ ထိုနေရာတဝိုက်သည် ပျူခေတ်မှ မိုင်းမောမြို့ဟောင်းနေရာဖြစ်ကြောင်း သမိုင်းကော်မရှင်ကဆိုသောကြောင့် ထိုနေရာဟောင်းမှ တူးဖော်ရရှိသောကြေးရုပ်ကိုလည်း ပျူခေတ်မှ ကြေးရုပ်ဟူ၍ပင် ဆိုရပါမည်။ ၄င်းကြေးရုပ်ကို ပစ္စည်းရှင်ထံမှ ခွင့်တောင်း၍ ဓာတ်ပုံရိုက်ကူးပြီး ဖော်ပြထားပါသည်။ ကြေးရုပ်တစ်ခုမှာ ဒေါက်ချာဆောင်းထားသော ရသေ့တစ်ပါးပုံဖြစ်ပြီး ကြေးရုပ်တစ်ခုမှာ နဂါးခေါင်းဆောင်းထားသော နဂါးတစ်ဦး၏ပုံဖြစ်သည်။ နှစ်ဦးလုံးပင် ပူဇော်ဘွယ်ဝတ္ထုတစ်ခုကို ကိုင်ဆောင်လျက် ရှိသေ့စွာပုဆစ်ဒူးတုပ်၍ ထိုင်နေကြသည်။ ထိုပုံများမှာ ဘုရားရှင်ထံ ခြေတော်ရာချရန် တောင်းပန်နေကြသော သစ္စဗန္ဓရသေ့နှင့် နမ္မဒါနဂါးမင်းတို့၏ ပုံများဖြစ်ကြောင်း လွယ်ကူစွာပင် သိနိုင်ပါသည်။

ထိုကြေးရုပ်ကလေးများကို ကြည့်သောအားဖြင့် မြန်မာတို့၏ သမိုင်းဦးဖြစ်သော ပျူခေတ်ကပင် မန်းရွှေစက်တော်သည် အထင်အရှားရှိနေပြီး ပျူလူမျိုးများ ဆည်းကပ်ကိုးကွယ်နေကြကြောင်းကို သိနိုင်ပါသည်။

## ရွှေစက်တံဆိပ်နင်းနှိပ်နှစ်ဆူ

ထို့ကြောင့် မြန်မာသာသနာဝင်နှင့် စာပေနယ်တစ်ခွင်၌ နေအသွင် လအလားကဲ့သို့ ထင်ရှားတော်မူခဲ့ကြကုန်သော အရှင်မဟာရဋ္ဌသာရဆရာတော်၊ တောင်ဖီလာဆရာတော်နှင့် ဆရာတော်ဗုဓ်၊ မန်လည်ဆရာတော် အစရှိသော အကျော်အမော်ဆရာတော်ဘုရားကြီးများသည် ရွှေစက်တော်သို့ ကိုယ်တိုင်ကိုယ်ကျ ကြွရောက်ဖူးမြော်ကြပြီးလျှင် စာပေမှတ်တိုင်များကို အခိုင်အမာရေးထိုး စိုက်ထူခဲ့ကြပါသည်။ ထိုစာပေမှတ်တိုင်များအနက်မှ မန်လည်ဆရာတော်ဘုရားကြီး၏ လင်္ကာနှင့်ဆရာကြီးဒဂုံနတ်ရှင်၏ သဖြန်တို့ကို သုတေသီများကျက်မှတ်လိုက ကျက်မှတ်နိုင်ကြရန် ဖော်ပြပါဦးမည်။

"နံမြစ်သာယာ ကမ်းခြေမှာလျှင် နမ္မဒါနဂါးမင်း ညွှတ်စင်းဝပ်တွား ပန်သောအားနှင့် တောင်ဖျားထိပ်စွန် ထိုရပ်ဌာန်ဝယ်၊ သစ္စဗန်ရှင်ရင်း တောင်းပန်ခြင်းကြောင့် သနင်းဘုန်းမော် ရှင်တော်ဘုရားလိုတော်အားဖြင့် ပုဏ္ဏားဒေါဏ ပုတ္တသာရီ၊ မာဂဏ္ဍီတို့ သုံးလီခြင်းက ထိုကိစ္စမှ၊ ဌာနအခြား ရပ်တပါးနိုက် ရွှေဘွားညွှံ့နုဝါဝွမ်းစုနှင့် လွှတ်တုအားအန်၊ နောက်ကျန်ထောက်ထား ကြောင်းသုံးပါးကြောင့် ကြွသွားတိုင်ပင် ရာမထင်လည်း၊ ဤတွင်းမယွင်း ထင်စေလျှင်းဟု ကွင်းကွင်းပြက်ပြက် တခဲနက်သား၊ ကျောက်ထက်ထင်ရှား ရေးသား

ပြည့်စုံ ဖယောင်းပုံသို့ လိုရှုံအိပျောင်း အံ့ဘွယ်ကောင်းအောင်၊ ပုန်တောင်းကန့်ချက် ရာရှစ်ကွက်နှင့် ရွှေစက်တံဆိပ် နှင်းနှိပ်နှစ်ဆူ၊ ချတော်မူသည် နတ်လူအုတ်အော် ရှိပူဇော်၍ ရှင်တော်ဘုရား ထင်ရှားစဉ်ခါ၊ မဟာသာဝက၊ ပုဏ္ဏသစ္စဗန်၊ ထေရ်မွန်တို့က တည်ဦးစပြီး ယောနက ဓမ္မရက္ခိတ, ထေရမဟာ ခြောက်ဘိညာနှင့် ရဟန္တာသခင် မြတ်အရှင်တို့ ရှုမြင်ဉာဏ်ဖြင့် ခွဲဝေချင့်သား ယခင်ကထက် ကိုးတိုင်းချက်တွင် တကွက်မှတ်ရာ အဝင်ပါလျက် သာသနာထပ်ဆင့် ပြုပြန်ချင့်ကြောင့် မင်းနှင့်ပြည်သူ၊ များရှင်လူတို့ အယူသမ္မာ ခုတိုင်ကြာအောင် သုနာပရန် ရန်မာန်ပယ်နှိပ် တမ္ဗဒိပ်ဟု တံဆိပ်နှစ်ထပ် စက်ရှင်ကွပ်သား၊ မြန့်ရပ်စည်ဆိုင်း မြန်မာတိုင်းလည်း ပြိုင်စိုင်းဘက်ကွာ သာသနာ၏ တည်ရာတသီး အမွန်ဖြိုးသည် တိုင်းကြီးပြည်ပြည် ထိပ်ဗွေတည်း။

(ဤကား မဟာသုတကာရီ မဃဒေဝလင်္ကာသစ်ကျမ်းကြီး နိဂမခဏ်း မြန်မာ့သာသနာနိဒါန်းမှ ထုတ်နှုတ်ဖော်ပြခြင်း ဖြစ်ပါသည်)

□

## ဆရာကြီး ဒဂုံနတ်ရှင်၏ ရွှေစက်တော်ဘွဲ့သပြန်

၁။ ယောနိုင်ငံ တစ်ဌာနပေမို့ တောမြိုင်ယံဝနာပေါ်တဲ့ နှစ်ပါဒ စိန္တေယျော်။

၂။ မြှောင်နရန်းတောင်တန်းတွေ ခွေလည်လို့ ဝေစီစီလေပြည်က ဖျန်းတဲ့ပြင်၊ ငွေနဒီရေကြည်ကသန်းတယ်၊ မန်းရွှေစက်တော်။

၃။ ထုံးပုံတူပမာနှိုင်းသာဘူး သုံးဘုံလူသဒ္ဒါလှိုင်းရှာကြ။ စာသမိုင်းရယ်က နှစ်ဆူကျော် ဇမ္ဗူပေါ်မှာဖြင့် သည်နှစ်ပါး။

၄။ ဂေါတမရယ်တဲ့ အနွယ်တော် လောကကိုရှယ်မြော်လို့ နှစ်ဆယ်ကျော်ဝါတော်စွန်းတွင်မှ တံဆိပ်ကြာနှိပ်ကာသွန်းခဲ့တယ်ကွယ် လွမ်းဘွဲ့ဘုရား။

◘

## စတုရင်္ဂဗလအမတ်ကြီးရေးသားပွဲ့ဆိုခဲ့သော စက်လက္ခဏာတော် ရှိခိုးဂါထာ ၁၂-ပုဒ်

၁။ **ပါဒေသု ယဿဇာတာနိ ဒွေစက္ကာနိ သံကမ္မတော။**
**နာနာကာရေဟိ ပုဏ္ဏာနိ ဝန္ဒေဟံ ပုရိသုတ္တမံ။ ။**

ယဿပုရိသုတ္တမဿ အကြင်ယောကျ်ားမြတ်ဖြစ်တော်မူသော မြတ်စွာဘုရား၏၊ ပါဒေသု ခြေတော်တို့၌၊ သံကမ္မတော ကောင်းမှုတော်ကြောင့်၊ ဇာတာနိ ဖြစ်ကုန်သော၊ နာနာကာရေဟိ အထူးထူးသောအကန့်အကွက် ပုန်တောင်းချက်မတို့ဖြင့်၊ ပုဏ္ဏာနိ ပြည့်ကုန်သော၊ ဒွေ နှစ်ပါးကုန်သော၊ စက္ကာနိ စက်တော်တို့သည်၊ သန္တိ ရှိကုန်၏၊ တံပုရိသုတ္တမံ ထိုယောကျ်ား မြတ်ဖြစ်တော်မူသော မြတ်စွာဘုရားကို၊ အဟံ အကျွန်ုပ်သည်၊ ဝန္ဒေ ဝန္ဒာမိ ရှိခိုးပါ၏အရှင်ဘုရား။ ။

၂။ **သတ္တိစ သိရိဝစ္ဆောစ၊ နန္ဒိယာဝဋ္ဋမေဝစ။**
**သောဝတ္တိကော ဝဋံသောစ၊ ဝဍ္ဍမာနဉ္စ ပီဠကံ။ ။**

ယဿမဟေသိနော အကြင်မြတ်စွာဘုရား၏၊ ပါဒေသု ခြေတော်တို့၌၊ သတ္တိစ လှံမလည်းကောင်း၊ သိရိဝစ္ဆောစ အိမ်မွန်လည်းကောင်း၊ (အသရေရှိသော အိမ်တော်လည်းဟူ)နန္ဒိယာဝဋ္ဋမေဝစ

လက်ျာရစ်လည်သောဖလပ်ပန်းသဏ္ဍာန်ရှိသောကလပ်လည်းကောင်း၊ သောဝတ္တိကောစ လည်ရေးသုံးဆင့်လည်းကောင်း၊ ဝဋ္ဋံသောစ ဦးဆောက်ပန်းလည်းကောင်း၊ ဝမုမာနုဋ္ဌ ထမင်းပွဲလည်းကောင်း၊ ဗီဇ္ဇကံ ရွှေသလွန်လည်းကောင်း (အင်းပျဉ်သော်လည်းဟူ)။

၃။ **အင်္ကုသံစေဝ ပါသာဒေါ၊ တောရဏံ ဆတ္တမေဝစ။**
**ခဂ္ဂေါစ တာလဝဏ္ဋဥ္စ၊ မောရဟတ္ထက ဗီဇနီ။ ။**

အင်္ကုသံစေဝ ချွန်းတောင်းလည်းကောင်း၊ ပါသာဒေါစ ပြသဒ်လည်းကောင်း၊ တောရဏံ တံခါးတိုင်လည်းကောင်း၊ ဆတ္တ မေဝစ ထီးဖြူလည်းကောင်း၊ ခဂ္ဂေါစ သံလျက်လည်းကောင်း၊ တာလဝဏ္ဋဥ္စ ထန်းရွက်ယပ်လည်းကောင်း၊ မောရဟတ္ထကဗီဇနီ ဥဒေါင်းမြီးယပ်လည်းကောင်း။ ။

၄။ **ဥဏှီသံ မဏိပတ္တဥ္စ၊ ဒါမံ နီလုပ္ပလံ တထာ**
**- ရတ္တသေတုပ္ပလဉ္စေဝ ပဒုမံ ပုဏ္ဍရိကံ တထာ။ ။**

ဥဏှီသံ သင်းကျစ်လည်းကောင်း၊ မဏိ ပတ္တမြားလည်း ကောင်း၊ ပတ္တဥ္စ သပိတ်လည်းကောင်း၊ ဒါမံ မြတ်လေးပန်းဆိုင်း လည်းကောင်း၊ နီလုပ္ပလံ ကြာညိုလည်းကောင်း၊ ပဒုမံ ကြာပဒုမ္မာ လည်းကောင်း၊ ပုဏ္ဍရိကံ ကြာပုဏ္ဍရိတ်လည်းကောင်း။ ။

၅။ **ပုဏ္ဏာယဋ္ဌော ပုဏ္ဏာပါတိ၊ သမုဒ္ဒေါ စက္ကဝါဠကံ**
**ဟိမဝါစ သိနေရုစ သူရိယော စန္ဒိမာတထာ။**

တထာ ထိုမှတပါး၊ ပုဏ္ဏာယဋ္ဌော မုံညင်းစေ့အစရှိသည်တို့ဖြင့် ပြည့်သောအိုးလည်းကောင်း၊ (ရေပြည့်အိုးလည်းဟူ)ပုဏ္ဏာပါတိ မုံညင်း စေ့အစရှိသည်တို့ဖြင့် ပြည့်သောခွက်လည်းကောင်း၊ (ရေပြည့်ဖလာ လည်းဟူ)သမုဒ္ဒေါ သမုဒ္ဒရာလည်းကောင်း၊ စက္ကဝါဠံ စကြာဝဠာ လည်းကောင်း၊ သူရိယောစ နေလည်းကောင်း၊ တထာ ထိုမှတစ်ပါး၊ စန္ဒိမာ လလည်းကောင်း။

၆။ **နက္ခတ္တါ စတုရောဒီပါ၊ ဒွိသဟဿ ပရိတ္တကာ။**
**စက္ကဝတ္တိ သေတသခေါ်၊ မစ္ဆာနံ ယုဂဠံတထာ။**

နက္ခတ္တာ နက္ခတ်တို့လည်းကောင်း၊ စတုရောဒီပါ ကျွန်းကြီး လေးကျွန်းတို့လည်းကောင်း၊ ဒွိသဟဿ ပရိတ္တကာ ကျွန်းငယ် နှစ်ထောင်တို့လည်းကောင်း၊ စက္ကဝတ္တိ စကြဝတေးမင်းလည်းကောင်း၊ သေတ သခေါ် ခရုသင်းဖြူလည်းကောင်း၊ တထာ ထိုမှတပါး၊ မစ္ဆာနံ ငါးတို့၏၊ ယုဂဠံ အစုံလည်းကောင်း။ ။

၇။ **စက္ကံ သတ္တမဟာဂင်္ဂါ၊ မဟာသေလာ မဟာသရာ။**
**သုပဏ္ဏကော သံသုမာရော၊ ဓေပဋ္ဌာကမေဝစ။**

စက္ကံ စက်လက်နက်လည်းကောင်း၊ သတ္တမဟာဂင်္ဂါ သီဒါ

ခုနှစ်တန်တို့လည်းကောင်း၊ သတ္တမဟာသေလာ တောင်စဉ်ခုနှစ်ထပ်တို့လည်းကောင်း၊ သတ္တမဟာသရာ အိုင်ကြီးခုနှစ်အိုင်တို့လည်းကောင်း၊ သုပဏ္ဏကော ဂဠုန်လည်းကောင်း၊ သံသုမာရော မိကျောင်းလည်းကောင်း၊ ဓဇပဋာကမေဝမ တံခွန်ကုက္ကားလည်းကောင်း။ ။

၈။ **ပါဠင်္ကီ ဝါဠဗီဇနီ၊ ကေလာသပဗ္ဗတော တထာ**
**သီဟရာဇာ ဗျဂ္ဃရာဇာ ဝလာဟော စ ဥပေါသထော**

ပါဠင်္ကီ ရွှေသံလျှင်းလည်းကောင်း၊ ဝါလဗီဇနီ စာမရီသားမြီးယပ်လည်းကောင်း၊ ကေလာသပဗ္ဗတော ကေလာသတောင်လည်းကောင်း၊ တထာ ထိုမှတစ်ပါး၊ သီဟရာဇာ ခြင်္သေ့မင်းလည်းကောင်း၊ ဗျဂ္ဃရာဇာ ကျားမင်းလည်းကောင်း၊ ဝလာဟော စ ဝလာဟကမြင်းမင်းလည်းကောင်း၊ ဥပေါသထော စ ဥပေါသထဆင်မင်းလည်းကောင်း။

၉။ **ဗာသုကိနာဂရာဇာ စ ဟံသော စ ဥသဘော တထာ**
**ဧရာဝဏော မကာရော စ ဟရိနာဝါ စတုမုခါ။**

ဗာသုကိနာဂရာဇာ ဗာသုကိနဂါးမင်းလည်းကောင်း၊ ဟံသော စ ဟင်္သာမင်းလည်းကောင်း၊ ဥသဘော စ နွားမင်းလည်းကောင်း၊ တထာ ထိုမှတပါး၊ ဧရာဝဏော စ ဧရာဝဏ်ဆင်လည်းကောင်း၊ မကာရော စ မကာရ်လည်းကောင်း၊ စတုမုခါ မုခ်လေးခုရှိသော

(ဝါ)တံခါးပေါက်လေးခုရှိသော၊ ဟရိနာဝါ ရွှေလှေလည်းကောင်း။

၁၀။ **သဝစ္ဆကာ တထာဂါဝီ၊ ကိန္နရော ကိန္နရီပိစ။**

**ကရဝိကော မယူရောစ၊ ကောဉ္စရာဇာ တထေဝစ။**

တထာ ထိုမှတစ်ပါး၊ သဝစ္ဆကာ နို့စို့နွားငယ်ရှိသော၊ ဂါဝီ နွားမလည်းကောင်း၊ ကိန္နရော ကိန္နရာဖိုလည်းကောင်း၊ ကိန္နရီပိစ ကိန္နရာမလည်းကောင်း၊ ကရဝိကော ကရဝိက်ငှက်လည်းကောင်း၊ မယူရောစ ဥဒေါင်းငှက်လည်းကောင်း၊ တထေဝ ထိုမှတစ်ပါးသာလျှင်၊ ကောဉ္စရာဇာစ ကြိုးကြာငှက်မင်းလည်းကောင်း။

၁၁။ **စက္ကဝါက ဒွိဇောစေဝ၊ ဇီဝဇီဝက နာမကာ**

**ဆကာမာဝစရာ ဒေဝါ၊ ဗြဟ္မလောကာစ သောဠသာ။**

စက္ကဝါက ဒွိဇောစေဝ စက္ကဝက်ငှက်မင်းလည်းကောင်း၊ ဇီဝဇီဝက နာမကာ ဇီဝဇိုးငှက်လည်းကောင်း၊ ဆကာမာဝစရာ ဒေဝါ ခြောက် ထပ်သော ကာမာဝစရနတ်ပြည်တို့လည်းကောင်း၊ သောဠသာ ဗြဟ္မ လောကာစ ဗြဟ္မာ့ပြည်တစ်ဆယ့်ခြောက်ပြည်တို့လည်းကောင်း။

၁၂။ **ဇောာနိ ဠုတ္တရာသတ၊ လက္ခဏာနိ မဟောသိနော။**
**ပါဒေသု ယဿ ဒိဿန္တေ၊ ဝန္ဒေတံ ပုရိသုတ္တမံ။** ။

ဣတိ ဤသို့၊ ဇော-နိ အဋ္ဌုတ္တရာသတလက္ခဏာနိ ဤ တစ်ရာ့ရှစ်ပါးသော လက္ခဏာတို့သည်၊ ယဿ မဟောသိနော အကြင် မြတ်စွာဘုရား၏၊ ပါဒေသု ခြေတော်တို့၌၊ ဒိဿန္တိ ထင်ကုန်၏၊ ပုရိသုတ္တမံ ယောကျ်ားမြတ်ဖြစ်တော်မူသော၊ တံမဟောသိ ထိုမြတ်စွာ ဘုရားကို၊ အဟံ အကျွန်ုပ်သည်၊ ဝန္ဒေဝန္ဒာမိ ရှိခိုးပါ၏အရှင်ဘုရား။

◻

## ခြေတော်ရာကိုပူဇော်ရခြင်း၏အကျိုးများ

### ကောရဏ္ဍပုပ္ဖိယမထေရ်ဝတ္ထု (၁)

ဤဘဒ္ဒကမ္ဘာမှ လွန်ခဲ့သော ကိုးဆယ့်တစ်ကမ္ဘာ၏အထက်၌ ဝိပဿီမြတ်စွာဘုရားပွင့်တော်မူသည်။ ဝိပဿီမြတ်စွာဘုရား၏ တစ်ရာ ရှစ်ကွက်သော စက်လက္ခဏာတို့ဖြင့် တန်ဆာဆင်အပ်သော ခြေတော်ရာ ကို ဖူးမြော်ရသော ကောရဏ္ဍပုပ္ဖိယမထေရ်၏ အလောင်းအမျိုးကောင်း သားသည်၊ နှစ်သက်ရွှင်လန်းဝမ်းမြောက်သော စိတ်ရှိသည်ဖြစ်၍ ထိုခြေတော်ရာမြတ်ကို လိပ်ဆူး ရွှေပန်းတို့ဖြင့် ပူဇော်ကန်တော့၏။ ယင်းသို့ ပူဇော်ကန်တော့ခဲ့သော ကုသိုလ်စေတနာကြောင့် အပါယ် လေးပါးမလားဘဲ လူ့ပြည်နတ်ပြည်တို့၌သာလျှင် စုန်ဆန်ကျင်လည် ခဲ့ပြီးလျှင် လွန်ခဲ့သော(၅၇)ကမ္ဘာကရတနာခုနှစ်ပါးနှင့်တကွ စစ်သည် ဗိုလ်ပါအလုံးအရင်းနှင့်ပြည့်စုံသော ဝီတမလမည်သော စကြဝတေးမင်း ဖြစ်၏။ ဂေါတမမြတ်စွာဘုရား ပွင့်တော်မူသောအခါ သာသနာတော်၌ ရဟန်းပြု၍ တရားအားထုတ်သဖြင့် ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ဝိမောက္ခရှစ်ပါး အဘိညာဉ်ခြောက်ပါးတို့ကို မျက်မှောက်ပြုလျက် အာသဝေါကုန်စဉ်ပြီး၊ ရဟန္တာအဖြစ်သို့ ရောက်တော်မူလေ၏။အမည် တော်မှာ ခြေတော်ရာကိုလိပ်ဆူး ရွှေပန်းတို့ဖြင့် ပူဇော်ခဲ့ဖူးသောကုသိုလ်

ကြောင့် ကောရဏ္ဍပုပ္ဖိယမထေရ်ဟု ခေါ်ပါသည်။ ဤအကြောင်းများကို အပါဒါန်ပါဠိတော်၌ ကောရဏ္ဍပုပ္ဖိယမထေရ်ကိုယ်တိုင် ပြန်လည် ထုတ်ဖော်၍ ဟောကြားခဲ့သည်။

၁။ **အဗ္ဗုတ္တန္တ ပဒံ ဒိသွာ စက္ကာလင်္ကာရဘူသိတံ**

**ပဒေနာနုပဒံ ယန္တော၊ ဝိပဿိဿ မဟေသိနော။**

ပဒေန ခြေဖြင့်၊ အနုပဒံ ခြေရာအစဉ်အတိုင်း၊ ယန္တော သွားသော၊ အဟံ ငါသည်၊ ဝိပဿိဿမဟေသိနော ဝိပဿီ မြတ်စွာဘုရား၏၊ စက္ကာလင်္ကာရဘူသိတံ တစ်ရာ့ရှစ်ကွက်စက်လက္ခဏာတို့ဖြင့် တန်ဆာဆင်အပ်သော၊ ပဒံ ခြေတော်ရာကို၊ ဒိသွာ မြင်၍။

၂။ **ကောရဏ္ဍံ ပုပ္ဖိတံဒိသွာ သမူလံ ပူဇိတံ မယာ**

**ဟဋ္ဌော ဟဋ္ဌေနစိတ္တေန အဝန္ဒိံ ပဒမုတ္တမံ။**

ပုပ္ဖိတံ ပွင့်သော၊ ကောရဏ္ဍံ လိပ်ဆူးရွှေပန်းကို၊ ဒိသွာ မြင်၍၊ သမူလံ အမြစ်နှင့်တကွ၊ ဥဒ္ဓရိတွာ နုတ်၍၊ ဟဋ္ဌေန ရွှင်လန်းသော၊ စိတ္တေန စိတ်ဖြင့်၊ မယာ ငါသည်၊ ဥတ္တမံ မြတ်သော၊ ပဒံ ခြေရာကို၊ ပူဇိတံ ပူဇော်အပ်ပြီ၊ ဟဋ္ဌော ရွှင်လန်းဝမ်းမြောက်သော၊ အဟံ ငါသည်၊ ဥတ္တမံ ပဒံ မြတ်သောခြေရာကို၊ အဝန္ဒိံ ရှိခိုးခဲ့ပြီ။

၃။ **ဓေကနဝုတိတော ကပ္ပေ ယံပုပ္ဖ မဘိပူဇယိံ**
**ဒုဂ္ဂတိံ နာဘိဇာနာမိ၊ ဗုဒ္ဓပူဇာယိဒံဖလံ။**

ဣတော ဤဘဒ္ဒကမ္ဘာမှ၊ ဓေကနဝုတိကပ္ပေ ကိုးဆဲ့တစ်ကမ္ဘာ ထက်၌၊ အဟံ ငါသည်၊ ပါဒေ ခြေတော်ရာ၌၊ ပုပ္ဖံ လိပ်ဆူးရှေပန်းကို၊ ယံယေနကာ ရဏောန အကြင်အကြောင်းကြောင့်၊ အဘိပူဇယိံ ပူဇော်ခဲ့ပြီ၊ တေန ကာရဏောန ဝိပဿီ မြတ်စွာဘုရား၏ခြေတော်ရာကို ပန်းဖြင့် ပူဇော်ခဲ့သော ထိုအကြောင်းကြောင့်၊ ဒုဂ္ဂတိံ ဒုဂ္ဂတိဘဝကို၊ အဟံ ငါသည်၊ နာဘိဇာနာမိ မသိခဲ့ရ၊ ဣဒံဖလံ ဤသို့ဒုဂ္ဂတိဘဝသို့ မလားမရောက်ရခြင်းအကျိုးသည်၊ ဗုဒ္ဓပူဇာယ မြတ်စွာဘုရား၏ ခြေတော်ရာကို ပူဇော်ရခြင်း၏၊ ဖလံ အကျိုးပေတည်း။ ။

၄။ **သတ္တပညာသကပ္ပမှိ၊ ဓေကော ဝီတမလော အဟုံ၊**
**သတ္တရတနသမ္ပန္နော၊ စက္ကဝတ္တိမဟာဗ္ဗလော။ ။**

သတ္တပညာသကပ္ပမှိ ငါးဆယ့်ခုနစ်ကမ္ဘာအထက်၌၊ သတ္တရတန သမ္ပန္နော ရတနာခုနစ်ပါးနှင့်ပြည့်စုံသော၊ မဟာဗ္ဗလော ကြီးသော အားရှိသော၊ ဝီတမလော ဝီတမလမည်သော၊ ဓေကော တစ်ပါးသော စက္ကဝတ္တိ စကြာဝတေးမင်းသည်၊ အဟုံ ဖြစ်ခဲ့ပြီ။ ။

(အပဒါန်ပါဠိတော် - ပ-၂၃၁)

## ဒုတိယကောရဏ္ဍပုပ္ဖိယမထေရ်ဝတ္ထု

ဤဘဒ္ဒကမ္ဘာမှ ပြန်၍ရေတွက်သည်ရှိသော် လွန်ခဲ့သော ကိုးဆယ့်ခုနှစ်ကမ္ဘာအထက်၌ တိဿမြတ်စွာဘုရားပွင့်တော်မူ၏။ ထိုအခါ၌ ဒုတိယ ကောရဏ္ဍပုပ္ဖိယမထေရ် အလောင်းအမျိုးကောင်း သားသည် ငယ်စဉ်ကပင် မိဘနှစ်ပါးကွယ်လွန်သောကြောင့် အားကိုး ရာမရှိ၊ တောမှဆိုးဘဝဖြင့် သတ္တဝါတို့အသက်ကို သတ်ဖြတ်၍ အောက်မွေးရလေ၏။ ကုသိုလ်ကောင်းမှုဆို၍ ဘာတစ်ခုမှ မယ်မယ် ရရ မရှိရှာပေ။ တနေ့သ၌ လောကသုံးပါး၏ အကြီးအမှူးဖြစ်တော် မူသော မြတ်စွာဘုရားသည် မုဆိုးအား သနားတော်မူသဖြင့် ကြွသွား ပြီးလျှင် မုဆိုးနေထိုင်ရာ တဲအနီး၌ ခြေတော်ရာသုံးဆူကို ချတော်မူ ပြီးလျှင် ပြန်လည်ကြွသွားတော်မူ၏။ မုဆိုးသည် တောမှအပြန် ခြေတော်ရာသုံးဆူကို ဖူးမြင်ရသည်ရှိသော် အလွန်ဝမ်းမြောက် ကြည်ညို သည်ဖြစ်၍ လိပ်ဆူးရွှေပန်းတို့ဖြင့် ပူဇော်ကန်တော့၏။ ထိုကုသိုလ် စေတနာကြောင့် မုဆိုးဘဝမှသေသော် တာဝတိံသာနတ်ပြည်၌ နတ်ဖြစ် ၏။ ထိုမှတဖန် စုံဆန်ပြန်သော် အပါယ်လေးပါးသို့ မလားမရောက်ရဘဲ လူ့ပြည်နတ်ပြည်တို့၌သာ ကျင်လည်ရ၏။ ဖြစ်လေရာဘဝတိုင်းမှာ လည်း လိပ်ဆူးရွှေပန်းပမာ ဝါဝင်းသောအသားအရေရှိ၏။ ဂေါတမ မြတ်စွာဘုရား ပွင့်တော်မူသောအခါ လူ့ပြည်၌ဖြစ်၍ မြတ်စွာဘုရား သာသနာတော်၌ ရဟန်းပြု၏။ တရားအားထုတ်သော် ပဋိသမ္ဘိဒါ

လေးပါးနှင့်တကွ ဈာန်အဘိညာဏ်တို့ကိုရပြီး၊ အာသဝေါကုန်ခန်း ရဟန္တာအဖြစ်သို့ ရောက်လေ၏။ ။

(အပါဒါန်ပါဠိတော်-၃-၇)

ဤသို့စသည်ဖြင့် ရှေးရှေးဘုရားရှင်တို့၏လည်းကောင်း၊ ငါတို့ ဂေါတမမြတ်စွာဘုရား၏လည်းကောင်း၊ ခြေတော်ရာတို့ကို ဖူးမြော်ကန်တော့ ပူဇော်ကြကုန်သော အမျိုးကောင်းသား အမျိုးကောင်း သမီးတို့သည် အသီးသီးကောင်းကျိုးချမ်းသာအဖြာဖြာတို့ကို ရကုန် လျက် မဂ်ဖိုလ်နိဗ္ဗာန်ကို မျက်မှောက်ပြုခဲ့ကြကုန်ပြီ။ ယခုအခါ၌လည်း တစ်ရှုရှစ်ကွက်သော စက်လက္ခဏာတို့ဖြင့် တန်ဆာဆင်အပ်သော ဗုဒ္ဓ၏ ပါဒစေတီတော်မြတ်ကြီးနှစ်ဆူကို ပသန္နစေတနာအထူးဖြင့် ဖူးမြော်ပူဇော်ကန်တော့ကြ၍ ငွေသောင်ယံနိဗ္ဗာန်ကမ်းသို့အရောက် တက်လှမ်းနိုင်ကြပါစေကုန်သတည်း။ ။

(၁-၁၀-၈၀)

□

# နိဂုံးနှင့်ဆုတောင်း

၁။ ဗုဒ္ဓမိမ္မသာ ပါဒါနိ စက္ကလက္ခဏာလင်္ကတေ
ဝိစာရဏာဒိ ကမ္မာနိ မယာ ကတံ သုဒုက္ကရံ။

၂။ ဝရစက္ကလက္ခဏာနိ နာနာဂန္ထေဟိ သောဓနံ
သုတကာမသ အတ္ထာယ ကတံ လက္ခဏာနိစ္ဆယံ။

၃။ က္လမေဟိ ပုညကမ္မေဟိ သံသာရသ အသေသတော
ဝိဓမေဿာမိ အာရာနိ နူဂ္ဂဏှန္တော၀ သာသနံ။

၄။ ကဟာပဏာနိ ဒဒန္တာ၊ ပူဇေန္တောပိ စက္ကာနိစ
ဘိန္ဒိတွာန သံသာရံ ပါပုဏန္တု အသင်္ခတံ။ ။

၁။ ဗုဒ္ဓမိမ္မသာ မြန်ပြည်အတွင်း ရနံ့သင်းလျက် ထွန်းလင်းဝေဖြာ နတ်ခြောက်ရွာထိ တေဇာလျှမ်းဖိတ် ယင်းသည့်ဟိတ်ကြောင့် တံဆိပ်ဘွဲ့တော် ခြောက်ထပ်ခေါ်သည့် ထင်ပေါ်ကျော်ဟီး ရွှေသာလျောင်းဘုရားကြီး၏၊ ပါဒါနိ- သုပ္ပတိဋ္ဌိတ ပါဒဂုဏ်အင် စုံလင်လေငြား ခြေဖဝါးတို့ကို၊ စက္ကလက္ခဏာလင်္ကတေ-တစ်ရာ့ရှစ်ကွက် စက်လက္ခဏာ ဂုဏ်အင်္ဂါတို့ဖြင့် ဝေဆာစုံလင်တန်ဆာဆင်ခြင်းကို၊ ကတေ တင့်တင့်တယ်တယ် ကြည်ညိုဖွယ်ရာ ကောင်းစွာထွင်းထု သွန်းပြုအပ်သည်ရှိသော်၊ ဝိစာရဏာ ဒိကမ္မာနိ စက်လက္ခဏာ နမူနာကို ဖွေရှာဆစ်ပိုင်း ညှိနှိုင်းထပ်ထပ် ကြိုးကြပ်ညွှန်ကြားခြင်းအစရှိသော အမှုတို့

ကို၊ မယာ ခေမိန္ဒသာမိ မည်ရှိသမုတ်အကျွန်ုပ်သည်၊ သုဒ္ဓက္ကရံ မပြီးမခြင်း စိတ်အားတင်းလျက် ခဲယဉ်းပင်ပန်းစွာ၊ ကတံ အလေး အမြတ် အမိပတိပစ္စည်းတပ်၍ ပြုလုပ်အပ်ခဲ့ပါပြီ။

၂။ ဝရစက္ကလက္ခဏာနိ သုံးလူ့ရှင်ပင် ဒို့သခင်၏ခြေတွင် ထင်လတ်ကောင်းမြတ်သော စက်လက္ခဏာတို့ကို၊ နာနာဂန္ထေဟိ ပါဠိအဋ္ဌကထာ ဋီကာခေါ်မှီး အသီးသီးသော ကျမ်းကြီးတို့ဖြင့်၊ သောခန့်အဖန်ဖန် အထပ်ထပ် သုတ်သင်တည်းဖြတ်ခြင်းကို၊ ကတွာန ပြုလုပ်၍၊ သုတ ကာမသ- သုတပွားတိုးအကျိုးကိုလိုလားသော၊ (မဟာဇနေသ-ရှင်လူ အပေါင်း၏) အတ္တာယ လောကုတ်လောကီနှစ်လီပွားတိုးအကျိုးစီးပွား အလို့ငှာ၊ လက္ခဏာနိဿယံစ စက္ကလက္ခဏာ ဝိဘာဝိနီ သညီခေါ်မှတ် စက်လက္ခဏာတော် အဆုံးအဖြတ်ကိုလည်း၊ ကတံ လက်လမ်းမှီရာ ကျမ်းဖြာဖြာကို သေချာစေငှ ကောင်းစွာရှု၍ ပြုစုအပ်ခဲ့လေပြီ။

၃။ ဣမေဟိ ပုညကမ္မေဟိ အဖန်ဖန်အထပ်ထပ် သုံးသပ်ဆင်ခြင်၊ ရှုခြင်ဖွယ်ရာ လက္ခဏာတော်ကြီး အပြီးသို့ရောက်အောင် ဆောင်ရွက်ရသော ကုသိုလ်၊ ဝေဖန်တည်းဖြတ် စက်လက္ခဏာတော် အဆုံးအဖြတ်ကို ရေးသားပြုစုရသော ဤကုသိုလ်တို့ကြောင့်၊ သာသန် ရှင်တော်ဘုရား ဟောကြားမြွက်ဖော် အဆုံးအမ သာသနာတော်ကို၊အနုဂ္ဂဏှန္တော

ဘဝဆက်ဆက် ဆထက်ထမ်းပိုး တိုး၍ပိုင်ပိုင် ချိုးမြှောက်နိုင်သည်၊ ဟုတွာ ဖြစ်၍၊ သံသာရဿ ခန္ဓာအာယတန ဓာတ်ဓမ္မတို့ မပြတ်ဆက်ခါ ချားပမာသို့ လည်ရာသက်သက် သံသာစက်၏။ အရာနိ/အဝိဇ္ဇာ တဏှာတည်းဟူသော ပုံတောင်း၊ ပုညာပုညအာနဉ္ဇဟု အဘိသင်္ခါရခေါ်ဆို အကန့်ဒေါက်တို့ကို၊ အသေသတော တစ်ခုမှမကျန် တစ်ဆံခြည်မျှမကြွင်း လုံးစုံကင်းအောင်၊ ဝိဓမေဿာမိ မှုန့်မှုန့်ကျေပြုန်း ကိစ္စတုံးအောင် ချေမှုန်းဖျက်ဆီးနိုင်ရပါလို၏။

၄။ ကပဟာပဏာနိ ကိုယ်အားဉာဏ်အား စွမ်းပကားဖြင့် ကြိုးစားရှာဖွေ မိမိတို့၏ အသပြာငွေတို့ကို၊ ဒဒန္တာပိစ စက်လက္ခဏာ ထုလုပ်ရာ၌ တစ်တပ်တစ်အား နည်းများမဆို ကုသိုလ်ပါဝင် အလှူရှင်တို့သည် လည်းကောင်း၊ စက္ကာနိ တစ်ရှာ့ရှစ်ကွက် စက်လက္ခဏာ ဂုဏ်အင်္ဂါတို့ဖြင့် ဝေဆာတင့်ဆန်း လပြည့်ဝန်းသို့ ရွှန်းရွှန်းလက်လက် ဗုဒ္ဓ၏ ခြေတော်စက်တို့ကို၊ ပူဇေန္တာပိစ ပန်းရေဆီမီး အသီးသီးတို့ဖြင့် ပူဇော်ကန်တော့ကြကုန်သော သူတို့သည်လည်းကောင်း၊ သံသာရံ ခန္ဓာအာယတန ဓာတ်ဓမ္မတို့ မပြတ်ဆက်ခါ ချားပမာသို့ လည်ရာသက်သက် သံသာစက်ကို၊ ဘိန္ဒိတွာန ချိုးဖဲ့ဖျက်ဆီးကြကုန်၍၊ အသင်္ခတံ ကံစိတ်ဥပဟာ ကြောင်းလေးဖြာတို့ ပေါင်းကာပြုပြင် စီရင်မရ အသင်္ခတခေါ်မှတ် နိဗ္ဗာနဓာတ်သို့၊ ပါပုဏန္တု မုချပိုင်ပိုင် တက်လှမ်းနိုင်ကြပါစေကုန်သတည်း။

၁။ သုဒ္ဓါဝါသ မဟာဗြဟ္မာကြီးများကိုယ်တိုင် မှီချသင်ပြခဲ့သော မဟာပုရိသလက္ခဏာကျမ်း၌ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ အဂ္ဂသာဝက၊ မဟာသာဝက စသည်တို့၏လက္ခဏာတော်များကိုဖော်ပြသော ဂါထာပေါင်း (၁၀၁၆)ဂါထာရှိသည်။ ၎င်းတို့ကို ဗုဒ္ဓမန္တန်ဟုခေါ်သည်။

၂။ စက်လက္ခဏာတော်ဟူသည်မှာ ဘုရားရှင်၏ ညီညာပြည့်ဖြိုးသော ခြေဖဝါးတော်နှစ်ဖက်တို့၏အလယ်၌ လှည်းဘီးသဏ္ဌာန်အကန့်ပေါင်းတစ်ထောင် ပုံဆောင်း၊ အကွပ်တို့နှင့်တကွ လုံးဝန်းသောအရေးအကြောင်းတို့ဖြင့် ပီပီပြင်ပြင်ပေါ်လွင်ထင်ရှားစွာတည်ရှိသော စကြာရတနာပုံတော်ဖြစ်သည်။

၃။ ထိုစကြာရတနာကို (၁၀၈)ပါးသောလက္ခဏာတော်များက ဝန်းရံလျက် တည်ရှိသည်။ ၎င်းလက္ခဏာတော်များသည် ဖြစ်တော်ပေါင်းမဟုတ်။ စကြာဝတေးမင်း၏ အသုံးအဆောင်၊ အခြွေအရံပရိသတ်များနှင့် စကြာဝဠာကြီး၏ ထင်ရှားသောအစိပ်အပိုင်းများသာ ဖြစ်ကြသည်။

၄။ အကျိုးထူးဝိသေသကိုမြင်၍ ခြေတော်ရာကို တွေ့မြင်စေချင်မှ လူတို့ တွေ့မြင်ရသည်။ အကျိုးထူးမရှိသော်ကား-
(၁) ခြေဖဝါးတော်၏ အလွန်သိမ်မွေ့နူးညံ့ခြင်း၊
(၂) ခွန်အားဗလနှင့်ပြည့်စုံခြင်း၊
(၃) လူအပေါင်းကို ချီးမြှောက်တော်မူလိုခြင်း
ဟူသော အကြောင်း(၃)ပါးတို့ကြောင့် ခြေတော်ရာမထင်။